www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

# မျက်နှာတစ်ထောင် သိုင်းထွဋ်ခေါင်

ပထမပိုင်း

ချင်းချင်းယွင်၏ တောက်ဖုံးစု



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တက္ကသိုလ်

# ဝင်းကြွယ်

# မျက်နှာတစ်ထောင် သိုင်းတွင်းခေါင်း

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

(၁)

ကောင်းကင်တစ်ခုလုံး တိမ်တိုက်တိမ်လိပ်များကင်းစင်နေ၏။ အရုဏ်ဦး၏နေလုံးကြီးသည် တစ်နေ့တာ ထွန်းလင်းတောက်ပရန် အားယူစပြုနေပေပြီ။

နံနက်ခင်း၏နှင်းရည်များသည် မြက်ခင်းပြင်တစ်ခုလုံး ရွဲစိုနေအောင်ပက်ဖျန်းထား၏။ တသုန်သုန်တိုက်ခတ်လာသော လေညင်းကလေးသည် ပန်းရနံ့များသယ်ဆောင်လာ၏။

ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပ၍နေလေသည်။

စန့်ကွမ်းကောင်ရင်ထဲတွင် ကြည်နူးနေသည်။

လောကကြီးသည် အလွန်လှပနေပါတကား။

သူသည် မြင်းဖြူကြီးကိုဖြည်းဖြည်းနှင့်မှန်မှန်မောင်းနှင်နေလေသည်။ သူသည် မြင်းဖြူကိုမောင်းနှင်နေရသော်လည်း မည် သည့်နေရာသွားရမည်ကို မသိပါ။ ကြိုတင်စဉ်းစားခြင်းလည်း မရှိပါ။

ယခု သူသည် နေအိမ်နှင့်လီပေါင်းနှစ်ရာခန့် ဝေးကွာလာပြီ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ယခုတိုင် မည်သည့်နေရာသွားရသည်ကိုဝေခွဲမရနိုင်သေးချေ။

"ငါ ဘယ်ကိုသွားရမှာလဲ"

သူ့ကိုယ်သူ မေးခွန်းထုတ်မိနေတော့သည်။

၀၀၀၀

နေဝင်ချိန်....

ငှက်ကလေးများသည် ပင်ယံထက်၌ ဝဲပျံနေကြလေသည်။

သူတို့သည် တစ်ညတာအိပ်စက်ရန် အသိုက်များဆီပျံသန်းလာကြခြင်းဖြစ်သည်။

ပျံဝဲနေကြသောငှက်ကလေးများကို စန့်ကွမ်းတောင်းက မော့ကြည့်မိသည်။ ယင်းသို့ကြည့်ရင်း သူ၏ရင်ထဲတွင် မေးခွန်းတစ်ခု ပေါ်လာသည်။

"နေဝင်တော့မယ်... ဒီနေ့ည ငါဘယ်မှာအိပ်ရမှာလဲ"

သူ ရှေ့သို့လှမ်းမျှော်ကြည့်လိုက်သည်။ ရှေ့တွင် အိမ်လေးများရှိနေသည်ကိုမြင်တွေ့လိုက်ရလေသည်။

"အင်း... ရှေ့မှာရွာတစ်ရွာတော့တွေ့ပြီ၊ ခွင့်တောင်းပြီးအိပ်ရတော့မှာပဲ"



သူသည် မြင်းကို ထိုအိမ်ကလေးများရှိရာသို့မောင်းနှင်သွားလေသည်။

အိမ်ကလေးများသည် ဆယ့်လေးငါးလုံးခန့်ရှိသည်။

သို့သော် ရွာကလေးမဟုတ်ပါ။

လမ်းမ၏ဘေးတစ်ဖက်တစ်ချက်တွင် တန်းစီဆောက်လုပ်ထားသောဆိုင်ခန်းများသာဖြစ်လေသည်။

စားသောက်ဆိုင်များ၊

တည်းခိုခန်းများ၊

ဆံပင်ညှပ်ဆိုင်များ၊

အဝတ်အထည်ဆိုင်များ....

စန့်ကွမ်းတောင်းသည် မြင်းပေါ်မှဆင်းလိုက်၏။

စားသောက်ဆိုင်မှလုလင်နှစ်ယောက်သည် ကမန်းကတန်းကြိုဆိုကြသည်။

"အစ်ကိုလေး ကြွပါ၊ အကောင်းဆုံးဟင်းလျာရှိပါတယ်... အကောင်းဆုံးအရက်လဲ ရှိပါတယ်"

"မင်းတို့ဆိုင်မှာတည်းခိုလို့ရမလား"

"ရပါတယ်ခင်ဗျာ... အကောင်းဆုံးအခန်းလဲရှိပါတယ်"

"ကောင်းပြီ... ငါ့မြင်းကိုအစာရေစာကျွေးလိုက်... ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းအောင်ဆေးကြောလိုက်ပါ”

“ကောင်းပါပြီခင်ဗျာ”

ဆိုင်လုလင်တစ်ယောက်က မြင်းကိုခွဲခေါ်သွားသည်။

အခြားဆိုင်လုလင်တစ်ယောက်က စန့်ကွမ်းတောင်းအား ဆိုင်ထဲသို့ကြိုဆိုသွားလေသည်။ ဆိုင်ခန်းထဲလှမ်းဝင်လိုက်သည်နှင့် စန့်ကွမ်းတောင်းမှာ မျက်နှာရှုံ့မဲ့သွားလေသည်။

ဆိုင်ခန်းထဲတွင် လူလေးငါးခြောက်ခန့် စားသောက်နေကြ၏။ အလုပ်ကြမ်းသမားများ ဖြစ်ကြ၏။ သူတို့ကိုယ်ပေါ်မှ အလွန်ဆိုး ရွားသောအနံ့အသက်များ လေမှာဝဲ၍ပျံ့လာ၏။

“ထိုင်ပါအစ်ကိုလေး”

ဆိုင်လုလင်က ညစ်ပတ်ပေရေနေသော အဝတ်တစ်ထည် ဖြင့် ဆီတစ်လက်မခန့်ထူနေသောစားပွဲကိုသုတ်ပေးလိုက်သည်။

ထိုင်ခုံကလည်း ဟောင်းနွမ်းနေ၍ထိုင်ချလိုက်လျှင် ကျိုးပဲ့ သွားမည်လားဟုထင်ရလေသည်။

“ထိုင်ပါအစ်ကိုလေး”

ဆိုင်လုလင်က လောကွတ်ချော်နေသောကြောင့် စန့်ကွမ်း တောင်းက သတိကြီးစွာဖြင့်ထိုင်ချလိုက်သည်။

တော်ပါသေး၏။



ထိုင်ခုံကကျိုးမသွားပါ။

“ဘာသုံးဆောင်မလဲ အစ်ကိုလေး”

စန့်ကွမ်းတောင်းက....

“အမဲသားကြော်နဲ့ထမင်းဖြူတစ်ပွဲပေးပါ”

“အရက်ကော”

“မလိုတော့ပါဘူး”

ဆိုင်လုလင် ထွက်ခွာသွားသည်။

စန့်ကွမ်းတောင်းသည် ဆိုင်အခြေအနေကိုကြည့်ကာ စိတ်မ သက်မသာနှင့်သက်ပြင်းချလိုက်လေသည်။

၀၀၀၀

စားပွဲပေါ်၌ ထမင်းပန်းကန်တစ်ဝက်ခန့်ကျန်သေး၏။

အမဲသားကင်မှာလည်း သုံးလေးတုံးမျှသာကျန်၏။

သို့သော် ရေနွေးကြမ်းအိုးမှာမူ တစ်အိုးလုံးကုန်ခမ်းသွား ပြီဖြစ်လေသည်။

စန့်ကွမ်းတောင်း ထိုင်ရာမှထလိုက်သည်။

“ငါနေမယ့်အခန်း... ဘယ်မှာလဲ”

ဆိုင်လုလင်က သူ့ကိုအံ့သြစွာကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး... ဘာမှလဲမစားပါလား"

စန့်ကွမ်းတောင်းက အဖြေမပေးဘဲ သူနေထိုင်မည့်အခန်းကိုမေးနေ၏။

"ငါနေရမယ့်အခန်းလိုက်ပို့"

"ဟုတ်ကဲ့... ကျွန်တော့်နောက်လိုက်ခဲ့ပါ"

၀၀၀၀

စန့်ကွမ်းတောင်း နှာခေါင်းရှုံ့သွားရပြန်လေသည်။

ဆိုင်လုလင်လိုက်ပို့ပေးသောအခန်းရှေ့တွင်ရပ်ကာ....

"ဒါက ဘာအခန်းလဲ"

ဟုမေးလိုက်၏။

အခန်းထဲတွင် အလွန်ဟောင်းနွမ်းနေသောကွပ်ပျစ်တစ်လုံးနှင့်ခေါင်းအုံးတစ်လုံးရှိ၏။

ခေါင်းအုံးမှာ အဝတ်အထည်ခေါင်းအုံးမဟုတ်ဘဲ ဝါးလုံးဖြင့်ပြုလုပ်ထားသောခေါင်းအုံးဖြစ်သည်။

ဆိုင်လုလင်ကမျက်နှာချိုးသွေးရင်း....

"ဒီအခန်းဟာ ကျွန်တော်တို့တည်းခိုခန်းမှာ အကောင်းဆုံးအခန်းပါခင်ဗျာ"



စန့်ကွမ်းတောင်း စိတ်ဓာတ်ကျသွားလေသည်။

ညမှောင်နေပြီဖြစ်သည်။

အခြားနေရာသွားရန်လည်း အချိန်မရတော့ပါ။

သူသည် မတတ်နိုင်တော့ဘဲ ကွပ်ပျစ်ပေါ်သို့ထိုင်ချလိုက်လေသည်။ ဆိုင်လုလင်က ဆီမီးခွက်တစ်လုံး စားပွဲပေါ်ချထားပြီး ထွက်ခွာသွားလေသည်။

စန့်ကွမ်းတောင်းသည် အလင်းရောင်မှေးမှိန်နေသော ဆီမီးခွက်ကိုမီးငြိမ်းပြီး သက်ပြင်းချလိုက်သည်။

"ငါ အိမ်ကနေထွက်လာတာများနေပြီလားမသိဘူး"

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတာ....

တစ်ညတာဟူသောအချိန်သည် စန့်ကွမ်းတောင်းအဖို့ ဆယ်နှစ်မကအချိန်ကြာသည်ဟု ထင်မိလေသည်။

နေရောင်ခြည်စတင်ထွက်ပေါ်လာမှ သူစိတ်သက်သာရာရသွားလေသည်။

လေပူတစ်ချက် မှုတ်ထုတ်ပြီး ထိုင်ရာမှထရပ်ကာ အပျင်းတစ်ချက်ဆန့်လိုက်လေသည်။

"အင်း... အခုမှပဲဝဋ်ကျွတ်တော့တယ်"

အခန်းတံခါးကို အားရပါးရဆွဲဖွင့်လိုက်သည်။

"ဝုန်း...."

တံခါးတစ်ချပ်လုံး ပြုတ်ကျသွားသောကြောင့် အသံများမြည်ဟိန်းသွားလေသည်။

သူကပင် ထိတ်လန့်သွားမိလေသည်။

အိပ်နေသောသူများ အားလုံးလန့်နိုးသွားကြသည်။

ဆိုင်ရှင်နှင့်ဆိုင်လုလင်နှစ်ယောက် ပြေးလွှားရောက်ရှိလာကြလေသည်။

သူတို့သည် ပြုတ်ကျနေသောတံခါးချပ်ကိုကြည့်ကာ....

"ဘယ်လိုဖြစ်ကုန်တာလဲအစ်ကိုလေး"



စန့်ကွမ်းကောင်း အဖြေမပေးပါ။

"ကျုပ်သွားမယ်... ငွေဘယ်လောက်ပေးရမလဲ"

ဆိုင်ပိုင်ရှင်ကလက်ညှိုးတစ်ချောင်းထောင်ပြလိုက်သည်။

"စုစုပေါင်း ငွေတစ်ကျပ်သားပါ"

စန့်ကွမ်းကောင်းက ငွေတုံးလေးတစ်တုံးကိုထုတ်၍ပစ်ပေးလိုက်သည်။

"ရော့ငွေ... ငါ့မြင်းကိုဆွဲလာခဲ့"

• ၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



(၂)

နေလုံးကြီးသည် မိုးကုပ်စက်ဝိုင်းမှလွတ်မြောက်လာပြီ ဖြစ်လေသည်။

နွေးထွေးသောနေရောင်ခြည်အောက်တွင် စန့်ကွမ်းတောင်းက မြင်းကိုရပ်တန့်လိုက်သည်။

မြင်းပေါ်မှဆင်းပြီး လမ်းဘေးရှိ ကျောက်တုံးတစ်တုံးပေါ်ထိုင်ချလိုက်သည်။

ခရီးပန်းနေသောကြောင့်မဟုတ်ပါ။

မည်သည့်နေရာ ဆက်သွားရမည်ကို စဉ်းစား၍မရသောကြောင့် ယခုကဲ့သို့မြင်းကိုရပ်တန့်လိုက်ခြင်းဖြစ်သည်။

"ငါ ဒီလိုသွားလို့မဖြစ်သေးဘူး"

ရုတ်တရက် အသံတစ်သံထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

"ခင်ဗျား ဘယ်ကိုသွားမလို့လဲ"

စန့်ကွမ်းတောင်း ထိတ်ခနဲဖြစ်သွားသည်။



သူထိုင်နေသောကျောက်တုံး၏နောက်ကွယ်တွင် ကြီးမားသောသစ်ပင်ကြီးတစ်ပင်ရှိလေသည်။

ထိုအသံသည် သစ်ပင်၏နောက်ကျောမှထွက်ပေါ်လာခြင်းဖြစ်သည်။

စန့်ကွမ်းတောင်း ဆတ်ခနဲထရပ်လိုက်သည်။

"စကားပြောတာဘယ်သူလဲ"

သစ်ပင်၏နောက်ကွယ်မှလူတစ်ယောက် အေးအေးဆေးဆေး လှမ်းထွက်လာလေသည်။

သူနှင့်အတူ မြင်းညိုတစ်ကောင်ပါ ပါရှိလာလေသည်။

စန့်ကွမ်းတောင်းက ထိုသူအား အကဲခတ်ကြည့်လိုက်လေသည်။

အသက်နှစ်ဆယ်ကျော်ခန့်ရှိသော လူတစ်ယောက်ဖြစ်လေ၏။ ရုပ်ရည်ချောမောခြင်းမရှိသော်လည်း မျက်ခုံးမွေးထူထူ မေးရိုးကားကား ကိုယ်လုံးကိုယ်ထည်ကျစ်လျစ်ပြီး ယောကျ်ားပီသသည်ကိုတွေ့ရလေသည်။

ထိုလူငယ်ကလည်း စန့်ကွမ်းတောင်းအား အကဲခတ်ကြည့်နေ၏။ အလွန်ငယ်ရွယ်နုနယ်သော လုလင်ပျိုလေးတစ်ယောက်ဖြစ်သည်။ ရုပ်ရည်မှာ မိန်းမချောချောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားသောအဝတ်အစားနှင့် ဆောင်းထားသော ဦးထုပ်ကိုတွေ့လိုက်ရသဖြင့် စာပေသမားဖြစ်ရမည်ဟု မှတ်ချက်ချမိလေသည်။

သို့သော် သူ၏ကျောပေါ်တွင် ဓားတစ်လက်ပါရှိလာသောကြောင့် သိုင်းသမားတစ်ယောက်လည်းဖြစ်နိုင်သည်ဟု ခန့်မှန်းမိလေသည်။

ထိုလူက လေးလေးစားစားဖြင့် စန့်ကွမ်းတောင်းအား နှုတ်ဆက်လိုက်သည်။

"ကျုပ်ကလီစန်းလုံပါ... မိတ်ဆွေကဘယ်သူပါလိမ့်"

စန့်ကွမ်းတောင်း ခေါင်းညိတ်ပြလိုက်သည်။

"ကျုပ်စန့်ကွမ်းတောင်းပါ၊ သိရတာဝမ်းသာပါတယ်"

လီစန်းလုံ၏ထူပျစ်သောမျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ တက်သွားလေသည်။

"ခင်ဗျားကိုကြည့်ရတာ နုနုနယ်နယ်နဲ့နာမည်က ကြောက်စရာကောင်းနေပါလား"

စန့်ကွမ်းဆိုသည်မှာ အမျိုးအနွယ်ဖြစ်သည်။

တောင်းဆိုသည်မှာ 'ဓား'ဟုအဓိပ္ပာယ်ရသည်။

စန့်ကွမ်းတောင်းက မပြုံးမရယ်ခပ်တည်တည်ဖြင့်....



"လူကောင်းတစ်ယောက်ဆိုရင် ကျုပ်ကိုကြောက်စရာမလိုပါဘူးဗျာ"

လီစန်းလုံကရယ်မောလိုက်သည်။

"ခင်ဗျား စကားတော်တော်တတ်တာပဲ"

စန့်ကွမ်းတောင်း စကားမပြောတော့ပါ။

မြင်းဖြူပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

ထို့နောက် မြင်းကိုမောင်းနှင်ထွက်ခွာသွားလေတော့၏။

လီစန်းလုံက တရွေ့ရွေ့ထွက်သွားသော စန့်ကွမ်းတောင်း၏နောက်ကျောကိုလှမ်းကြည့်ရင်း....

"တော်တော်မာနကြီးတဲ့လူငယ်တစ်ယောက်ပဲ"

သူသည် ကျောက်တုံးပေါ်သို့ထိုင်ချလိုက်ရင်း....

"အင်း... သူများကိုသာပြောနေတာ ငါကိုယ်တိုင်တောင်ဘယ်ကိုသွားရမှန်းမသိဘူး"

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



(၃)

လုယန်းမြို့....

ညှော်ကြိုစားသောက်ဂေဟာ....

ဤစားသောက်ဂေဟာသည် လုယန်းမြို့တွင် အကြီးကျယ်ဆုံးနှင့်အထက်တန်းအကျဆုံးစားသောက်ဆိုင်ဖြစ်လေသည်။

တစ်နေကုန် တစ်နေခန်းလိုလို စားသောက်သူများဖြင့် ပြည့်ကျပ်နေလေ့ရှိသည်။

မွန်းတည့်ချိန်တွင် ညှော်ကြိုစားသောက်ဆိုင်တစ်ဆိုင်လုံးနေရာမလပ် လူပြည့်ကျပ်နေ၏။

စန့်ကွမ်းတောင်းသည် ထိုဆိုင်လေးသို့ရောက်ရှိလာပြီးအပေါ်ထပ်တွင် နေရာရလိုက်လေသည်။

ပြတင်းပေါက်အနီးရှိ စားပွဲခုံတွင်ဖြစ်သည်။

ထိုစားပွဲတွင် လူသုံးယောက်ရှိနေ၏။

စန့်ကွမ်းတောင်းက ကျောပေါ်လွယ်ထားသော အိတ်လေး



ကို စားပွဲပေါ်တင်လိုက်သည်။ ပြီးနောက် စားပွဲထိုးလာရောက်ချပေးသောထမင်းနှင့်ဟင်းကို အားရပါးရစားသောက်လေသည်။

ခဏအကြာတွင် ထိုင်နေသောလူသုံးယောက် စားသောက်ပြီး၍ထွက်ခွာသွားလေသည်။

စန့်ကွမ်းတောင်းလည်း စားသောက်ပြီးဖြစ်နေသဖြင့် ဆိုင်လုလင်ကိုခေါ်လိုက်သည်။

“စာရင်းရှင်းမယ်ဟေ့”

ဆိုင်လုလင်တစ်ယောက် ပြေးလွှားလာသည်။

“ငွေတစ်ကျပ်ခွဲသားပါ”

စန့်ကွမ်းတောင်းက စားပွဲပေါ်ချထားသောအိတ်ကလေးကိုလှမ်းယူလိုက်သည်။

သို့သော် သူ၏ငွေအိတ်ကလေးမှာမရှိတော့ပါ။

သူနှင့်အတူထိုင်နေသောလူသုံးယောက်က ယူသွားခြင်းဖြစ်လိမ့်မည်။

သူ ဆတ်ခနဲထရပ်လိုက်သည်။

ပြတင်းပေါက်မှနေ၍လမ်းပေါ်သို့လှမ်းကြည့်သည်။

ထိုလူသုံးယောက်သည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားနေသည်ကိုမြင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူတွေ ရပ်လိုက်"

အသံကြားရသည်နှင့် ထိုလူသုံးယောက်သည် ရပ်မသွားဘဲ သုတ်ခြေတင်ပြေးလေတော့၏။

"မပြေးနဲ့"

စန့်ကွမ်းတောင်းကလှမ်းအော်ရင်း ပြတင်းပေါက်ကိုကျော်ကာ အောက်သို့ခုန်ဆင်းလိုက်သည်။

ထို့နောက်....

ထိုသုံးယောက်နောက်သို့ပြေးလိုက်သွားလေတော့၏။

၀၀၀၀



စန့်ကွမ်းတောင်း၏ကိုယ်ဖော့ပညာသည် အလွန်အဆင့်မြင့်လှ၏။ ထို့အတူ ရှေ့မှပြေးနေသောလူသုံးယောက်၏ကိုယ်ဖော့ပညာကလည်းမခေပါ။ စန့်ကွမ်းတောင်းသည် ထိုလူသုံးယောက်အနက် နှစ်ယောက်ကိုအမီလိုက်နိုင်သော်လည်း ဝါးနှစ်ရိုက်ခန့်အကွာ ထိသာလိုက်နိုင်လေသည်။

စန့်ကွမ်းတောင်း၏ငွေအိတ်သည် ထိုအဘိုးအိုလက်ထဲ၌ ရှိနေ၏။ ထို့ကြောင့် စန့်ကွမ်းတောင်းသည် ထိုအဘိုးအိုနောက်သို့သာ သဲသဲမဲလိုက်နေရတော့သည်။

အဘိုးအိုက ရှေ့ဆုံးမှပြေးနေရ၏။

စန့်ကွမ်းတောင်းက နောက်မှလိုက်နေရ၏။

သူက အစွမ်းကုန်ကြိုးစားနေသော်လည်း အဘိုးအိုအား မမီပါ။ ပြေးရင်းလိုက်ရင်း သူတို့သည် မြို့ပြင်သို့ရောက်ရှိသွားကြသည်။ အဘိုးအိုက ရုတ်တရက်ခြေလှမ်းရပ်ပြီး နောက်သို့လှည့်ကြည့်လိုက်သည်။

စန့်ကွမ်းတောင်းလည်း လိုက်နေရာမှအလိုလို ခြေလှမ်းရပ်လိုက်သည်။ အဘိုးအိုကရယ်ပြလိုက်ပြီး....

"မင်း ငါ့နောက်ဆက်လိုက်မယ်ဆိုရင် အမောဆို့ပြီး သေသွားနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



စန့်ကွမ်းတောင်းမှာ အမှန်တကယ်ပင် မောဟိုက်နေ၏။

"ကျွန်တော့်ငွေအိတ် ပြန်ပေးပါဗျာ"

စန့်ကွမ်းတောင်းက တောင်းပန်လိုက်သည်။

အဘိုးအိုသည် လမ်းဘေးရှိ အလွန်မြင့်မားသော သစ်ပင်တစ်ပင်အောက်သို့လှမ်းကြည့်လိုက်ပြီး....

"ကောင်းပြီ... မင်းငွေအိတ်ပြန်ပေးမယ်... ဒါပေမဲ့ မင်းရအောင်ယူနိုင်ရမယ်"

သူကပြောပြီး ငွေအိတ်ကို ထိုမြင့်မားသောသစ်ပင်၏ထိပ်ဖျားသို့ပစ်တင်လိုက်သည်။ သစ်ပင်ရှိရာသို့ ငွေအိတ်မရောက်မီမှာပင် လူရိပ်တစ်ရိပ် ရုတ်တရက် လေထဲဝဲပျံလာပြီး ထိုငွေအိတ်ကိုဖမ်းယူလိုက်သည်။

စန့်ကွမ်းတောင်းသည် ထိုလူအားလှမ်းကြည့်ရင်း လွှတ်ခနဲအသံထွက်သွားလေသည်။

"ဟင်.... လုရှောက်တုံး"

ထိုလူ အနည်းငယ်အံ့အားသင့်သွားပြီး....

"မင်းငါ့ကိုသိလို့လား"

ဟုမေးလိုက်၏။

စန့်ကွမ်းတောင်းကခေါင်းခါပြသည်။



"ဒါဖြင့် ငါ့နာမည်ကိုဘာကြောင့်သိနေရတာလဲ"

"ခင်ဗျားရဲ့မျက်ခုံးမွေးက ဘယ်သူနဲ့မှမတူဘဲ နှုတ်ခမ်းမွေးနဲ့ဆက်နေတာကိုး"

"ဟုတ်ပါရဲ့... ငါ့မျက်ခုံးမွေးနဲ့နှုတ်ခမ်းမွေးက ငါ့ရဲ့သင်္ကေတဖြစ်နေမှကိုး"

လုရှောက်တုံးသည် စန့်ကွမ်းတောင်းအား အကဲခတ်ကြည့်လိုက်ပြီး...

"မင်းဘယ်သူလဲ"

ဟုမေးလိုက်၏။

"ကျုပ်စန့်ကွမ်းတောင်း"

"မင်းလိမ်ပြောနေတာ"

စန့်ကွမ်းတောင်း ရင်ထိတ်သွားသည်။

"ဗျာ... ခင်ဗျား ဘယ်လိုသိတာလဲ"

"မင်းဟာ နုနုနယ်နယ်နဲ့ကဗျာဆရာတစ်ယောက်ပုံ ပေါက်နေတယ်၊ ဒီနာမည်နဲ့မလိုက်လို့ပါ"

စန့်ကွမ်းတောင်းက အားတုံ့အားနာဟန်ဖြင့်....

"အခြေအနေအရ နာမည်လိမ်ပြောရတာကို တောင်းပန်ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ခင်ဗျာ... သိုင်းလောကဆိုတာ သူ့ရဲ့ကောင်းတွေ ရှိသလို လူလိမ်လူကောက်တွေလဲ အများကြီးရှိတာပဲ၊ သတိထားတာကောင်းပါတယ်"

အဘိုးအို စိတ်မရှည်နိုင်တော့ပါ။

"လုရှောက်တုံး... မင်းငါ့ကိစ္စဝင်ရှုပ်ပြန်ပြီ"

လုရှောက်တုံးက ဘာမှပြန်မပြောဘဲ ထိုအဘိုးအိုနှင့် စန့်ကွမ်းတောင်းကိုမိတ်ဆက်ပေးလိုက်သည်။

"မိတ်ဆက်ပေးရဦးမယ်"

သူက အဘိုးအိုအားလက်ညှိုးထိုးပြလိုက်ပြီး....

"သူက လူကြီးလဲမကျ ကလေးလဲမကျတဲ့ စောရကြွယ်တံခွန်ဆိုတဲ့လူပါပဲ"

လုရှောက်တုံးက ဆက်ပြောလိုက်သည်။

"ဒီအဘိုးကြီးကငွေလိုချင်လို့မဟုတ်ပါဘူး... တစ်ခါ တစ်ခါ ကလေးစိတ်ပေါက်ပြီး သူများကိုစတတ်တာတော့ရှိတယ်"

စန့်ကွမ်းတောင်းက လက်နှစ်ဖက်ဆုပ်ကာ....

"ကျွန်တော် လေးစားပြီးသားပါ"

စောရကြွယ်တံခွန်က လုရှောက်တုံးအနီးသို့ချဉ်းကပ်သွားသည်။



"လုရှောက်တုံး... မင်း ငါ့အလုပ်ကိုဖျက်ဆီးလိုက်တဲ့အတွက် အရက်တစ်အိုးတိုက်ရမယ်"

စောရကြွယ်တံခွန်ကပြောရင်း လုရှောက်တုံးအား ဆွဲခေါ်သွားလေသည်။

စန့်ကွမ်းတောင်းသည် သူတို့နှစ်ယောက်ပျောက်ကွယ်သွားသည်အထိကြည့်ပြီးမှ သက်ပြင်းချလိုက်သည်။

"ဒီနေ့ သိပ်ကံကောင်းတယ်... သိုင်းလောကမှာ ကျော်ကြားတဲ့သိုင်းသမားခြောက်ယောက်ထဲက နှစ်ယောက်ကိုတွေ့လိုက်ရလို့ပဲ"

သူသည် ကိုယ့်ကိုယ်ကိုကျေနပ်နေမိလေသည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



( ၄ )

မြို့ကလေး၏ဆင်ခြေဖုံးတစ်နေရာဖြစ်သည်။

ထိုနေရာတွင် အရက်ဆိုင်တစ်ဆိုင်ရှိသည်။ အရက်ဆိုင်မှာ ဝါးဖြင့်တည်ဆောက်ထားသောတဲကလေးတစ်လုံးဖြစ်သည်။

တဲကလေး၏အရှေ့မြောက်လပ်ပေါ်တွင် ဝါးလုံးတစ်လုံးစိုက်ထား၏။ ဝါးလုံး၏ထိပ်ဖျားပေါ်၌ အရောင်ပင်ခွဲခြား၍မရသော အဝတ်ဆိုင်းဘုတ်တစ်ခုချိတ်ထားလေသည်။

ဆိုင်းဘုတ်ပေါ်တွင်....

"အရက်ဆိုင်"

ဟု မညီမညာသောလက်ရေးဖြင့်ရေးသားထားလေ၏။

ဤအခြင်းအရာကြောင့် အရက်ဆိုင်ပေါ် အထင်သေးလျှင် အမှားကြီးမှားလိမ့်မည်ဖြစ်သည်။

ဤဆိုင်တွင်ရောင်းချနေသောအရက်သည် မြို့ကြီးပြကြီးရှိ ဆိုင်မှအရက်များထက် များစွာကောင်းနေသည်။



အထူးသဖြင့်....

ဤဆိုင်သို့ သိုင်းလောကမှကျော်ကြားသောပုဂ္ဂိုလ်များ မကြာမကြာလာရောက်စားသောက်တတ်ကြလေသည်။

၀၀၀၀

ညနေဆည်းဆာအချိန်....

အရက်ဆိုင်လေးတွင် အရက်သောက်သူများဖြင့် အလွန်စည်ကားနေသည်။ သူတို့သည် ကိုယ့်အဖွဲ့နှင့်ကိုယ် ဝိုင်းဖွဲ့သောက်ရင်း အာဘောင်အာရင်းသန်သန်ပြောဆိုနေကြ၏။

သူတို့သုံးယောက်မှာ လုရှောက်တုံး၊ စောရကြယ်တံခွန်နှင့် ရသေ့ကြီးတို့ပင် ဖြစ်လေသည်။

ရသေ့ကြီးသည် လုရှောက်တုံးတို့အဖွဲ့မှဖြစ်၏။

လုရှောက်တုံးက အရက်တစ်ခွက်မော့သောက်ရင်း စောရကြယ်တံခွန်အားမေးခွန်းထုတ်လေသည်။

"စောရ... ခင်ဗျား ဒီလောက်တောင်မွဲနေပြီလား၊ သူများငွေကိုတောင် လုပြေးရတယ်လို့"

"ဟော့.... မင်းစကားရပ်လိုက်"

စောရကြယ်တံခွန်ကဟန့်တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အကြောင်း မင်းသိသားနဲ့ ဘာကြောင့် အပြစ်ပြောနေရတာလဲ"

"ကောင်းပြီ... မင်း ဘာကြောင့် ဒီငွေအိတ်ကိုလုရလဲဆိုတာ ရှင်းပြပါ"

"ငါမေးဦးမယ်"

"မေးလေ"

"ငွေအိတ်ပိုင်ရှင်ဟာ ယောကျ်ားလေးလား မိန်းကလေးလား"

"မိန်းကလေး...."

"ဟုတ်ပြီ... ငါ ဘာကြောင့် ငွေအိတ်ကိုလုတယ်ဆိုတာ မင်းနားလည်ဖို့ကောင်းပြီ"

"ငါ နားမလည်ဘူး"

"ဒီမိန်းကလေးက ယောကျ်ားလိုဟန်ဆောင်ထားတယ်၊ မင်းနဲ့ငါတောင် သူ့ကိုမိန်းကလေးပါလို့သိရင် တခြားလူတွေကော မသိနိုင်ဘူးလား"

"အတွေ့အကြုံရင့်ကျက်သူတွေကတော့ သိပါတယ်"

"ဒီမိန်းကလေးဟာအသက်ငယ်သေးတယ်၊ အတွေ့အကြုံနုသေးတယ်၊ ဒီငွေအိတ်နဲ့ပျောက်သွားရင် ဒုက္ခမရောက်ပေဘူးလား"



"ကျုပ် သဘောပေါက်ပြီ"

"အခု သူ့ငွေအိတ်ပြန်ရသွားပြီ... အိမ်ပြန်မယ်လို့ မင်းထင်သလား"

လုရှောင်တုံးက စားပွဲကိုရိုက်ပုတ်လိုက်သည်။

"ဟုတ်တယ်... ဒီကောင်မလေးတော့ ဒုက္ခရောက်တော့မှာပဲ"

လုရှောက်တုံး ဆတ်ခနဲထရပ်လိုက်သည်။

"မဖြစ်ဘူး... ငါလိုက်သွားမှဖြစ်မယ်"

oooo

လုရှောင်တုံးသည် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။ ရသေ့ကြီးက သူ၏လက်ကိုဖမ်းဆွဲထားလိုက်၏။

လုရှောင်တုံးကလှည့်ကြည့်ပြီး....

"ဒါ ဘာလုပ်တာလဲ"

ရသေ့ကြီးက....

"ထိုင်ပါဦးလေ"

လုရှောက်တုံးသည် ရသေ့ကြီးအကြောင်း ကောင်းစွာသိရှိထားသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးတွင် အကြောင်းတစ်ခုခုရှိရမည်ဟုယုံကြည်လေသည်။ ထို့ကြောင့် သူ ပြန်လည်ထိုင်ချလိုက်သည်။

"မင်းကို ခုတလောမတွေ့ပါလား... ဘယ်သွားနေတာလဲ"

ရသေ့ကြီး၏မဆီမဆိုင်မေးခွန်းကြောင့် လုရှောင်တုံးမှာ အနည်းငယ်စိတ်တိုသွားလေသည်။

သို့တိုင်အောင် သူကအမှန်အတိုင်းဖြေလိုက်လေသည်။

"ကျုပ် နှင်းတောင်ကိုရောက်နေလို့ပါ"

"ဘယ်လောက်ကြာသွားသလဲ"

"ခြောက်လ"

ရသေ့ကြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဪ ဒါကြောင့်ကိုး"

ရသေ့ကြီး၏စကားများသည် ပဟေဠိဆန်လှပေသည်။

လုရှောက်တုံး စိတ်မရှည်နိုင်တော့ပါ။

"ဒါပဲလား... ကျုပ်သွားတော့မယ်"

လုရှောက်တုံးက ပြောပြီးထိုင်ရာမှထရပ်လိုက်သည်။

ရသေ့ကြီးကသက်ပြင်းချလိုက်သည်။

"ကျုပ်စကားကိုဆုံးအောင်နားမထောင်ဘဲသွားရင် မင်းမှားလိမ့်မယ်"



လုရှောက်တုံး ထိုင်ချလိုက်ရပြန်လေသည်။

"ကျုပ်နားထောင်မယ်... ပြောပါ"

ရသေ့ကြီးက သူ၏မျက်နှာကိုစေ့စေ့ကြည့်ကာ....

"မင်း နှင်းတောင်ကိုသွားနေတဲ့ခြောက်လအတွင်း သိုင်းလောကမှာ ဘာတွေဖြစ်နေသလဲဆိုတာကြားမိလား"

လုရှောက်တုံးက စောရကြွယ်တံခွန်ဘက်လှည့်ကြည့်လိုက်သည်။

"စောရ... ဘာတွေဖြစ်နေလို့လဲ"

စောရကြွယ်တံခွန်က ခေါင်းကုတ်လိုက်သည်။

"မျက်နှာတစ်ထောင်ဒေဝီ...."

လုရှောက်တုံးမျက်မှောင်ကုတ်သွားသည်။

"မျက်နှာတစ်ထောင်ဒေဝီဟာ လွန်ခဲ့တဲ့(၁၅)နှစ်လောက်က သိုင်းလောက,က ကွယ်ပျောက်သွားပြီမဟုတ်လား"

"ဟုတ်တယ်လေ... ခုတော့...."

"ခုတော့ တစ်စခန်းပြန်ထလာပြီဆိုပါတော့ ဟုတ်လား"

"ဟုတ်တယ်... မင်းကိုငါပြောပြဖို့မေ့နေတာ"

"ထားပါတော့လေ... ကျုပ် မိန်းကလေးကိုကူညီဖို့သွားတာနဲ့ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမိန်းကလေးနာမည် စန္ဒကွမ်းတောင်းမဟုတ်လား"

"ဟုတ်တယ်.... အဲဒါဘာဖြစ်သလဲ"

ရသေ့ကြီးကကြားဖြတ်မေးလိုက်သည်။

"မျက်နှာတစ်ထောင်ဒေဝီရဲ့နာမည်ကော"

လုရှောက်တုံး ပါးစပ်ဟောင်းလောင်းဖြစ်သွားလေသည်။ မျက်နှာတစ်ထောင်ဒေဝီ၏အမည်မှာလည်း စန္ဒကွမ်းတောင်း ဖြစ်နေသည်မဟုတ်ပါလော။

oooo

လုရှောက်တုံးသည် အတန်ကြာငေးငိုင်သွားသည်။

အရက်ကိုလည်း တစ်အိုးထပ်မံမှာကြားပြီး မော့သောက်လိုက်သည်။ ရသေ့ကြီးနဲ့စောရကြယ်တံခွန်တို့လည်း အရက်သောက်နေကြသည်။ မည်သူမျှ စကားမပြောကြတော့ပါ။

အတန်ကြာမှ လုရှောက်တုံးက ရသေ့ကြီးအား ကြည့်လိုက်လေသည်။

"ရသေ့ကြီးဆိုလိုတာက ကျုပ်တွေ့ခဲ့တဲ့မိန်းကလေးစန္ဒကွမ်းတောင်းဟာ မျက်နှာတစ်ထောင်ဒေဝီဖြစ်နေတယ်ဟုတ်လား"

ရသေ့ကြီးက....



"မင်းတို့ပြောတဲ့စန္ဒကွမ်းတောင်းမိန်းကလေးကို ကျုပ်မမြင်ဖူးပါဘူး၊ မင်းတို့ပြောတဲ့စကားသံကိုကြားရတော့မှ ဒီမိန်းကလေးအပေါ် သံသယဖြစ်မိတာပါ"

လုရှောက်တုံးကပြုံးလိုက်သည်။

"မဖြစ်နိုင်ပါဘူး ရသေ့ကြီးရယ်"

"မဖြစ်နိုင်တဲ့အကြောင်းပြောစမ်း"

"မျက်နှာတစ်ထောင်ဒေဝီဟာ အနည်းဆုံးအသက်လေးဆယ်နားကပ်နေပါပြီ၊ ဒီမိန်းကလေးဟာ အသက်နှစ်ဆယ်တောင်မပြည့်သေးပါဘူး"

လုရှောက်တုံးကသက်သေထူသည်။

"ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား"

စောရကြယ်တံခွန်ကခေါင်းညိတ်သည်။

"ဟုတ်ပါတယ်ရသေ့ကြီး... ဒီမိန်းကလေးက နုနုနယ်နယ်ရှိပါသေးတယ်"

"မျက်နှာတစ်ထောင်ဒေဝီမှာ တခြားနာမည်တစ်ခုရှိသေးတယ်လေ... မေ့နေပြီလား"

စောရကြယ်တံခွန်က ပါးစပ်ပိတ်သွားသည်။ လုရှောက်တုံးလည်းမျက်နှာကွက်ခနဲပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ထောင်ဒေဝီသည် ရုပ်ဖျက်ပညာ အလွန်ကျွမ်းကျင်လှသောကြောင့် သိုင်းလောကသားများက သူမအား မျက်နှာတစ်ထောင်ဒေဝီဟု အမည်ပေးထားကြသည်မဟုတ်ပါလား။

လုရှောက်တုံး စိတ်ဓာတ်ကျသွားလေသည်။

လုရှောက်တုံးသည် လွယ်လွယ်နှင့်စိတ်ဓာတ်ကျတတ်သော လူတစ်ယောက်မဟုတ်ပါ။ မည်သည့်ကိစ္စမဆို တိတိကျကျစုံစမ်းလေ့လာတတ်သူဖြစ်သည်။ သူ ထရပ်လိုက်ပြန်သည်။

"ရသေ့ကြီးပြောတာမှန်ပါတယ်... ဒါပေမဲ့ တကယ်ဟုတ်မဟုတ်ဆိုတာ လက်တွေ့စုံစမ်းမှ အမှန်ပေါ်မယ်မဟုတ်လား"

ရသေ့ကြီး သက်ပြင်းချလိုက်လေသည်။

"မင်းကိုတားလို့မရဘူးဆိုတာငါနားလည်ပါတယ်... ဒါပေမဲ့ သတိဝီရိယရှိဖို့ပြောချင်တာပါ"

လုရှောက်တုံး ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ရသေ့ကြီး"

oooo



( ၅ )

စန့်ကွမ်းတောင်းသည် စားသောက်ဆိုင်သို့ပြန်လည်ရောက်ရှိလာသည်။ ကျသင့်ငွေကိုရှင်းပေးလိုက်သည်။

ပြီးနောက် သူမသည် မြင်းကိုဆွဲ၍လျှောက်သွားရင်း သန့်ပြန့်သောတည်းခိုခန်းတစ်ခန်းကိုလိုက်လံရှာဖွေလေသည်။

မကြာမီမှာပင် သူမသည် အလွန်သန့်ရှင်းသပ်ရပ်သောတည်းခိုခန်းတစ်ခန်းကိုတွေ့လိုက်ရလေသည်။ စန့်ကွမ်းတောင်းသည် အခန်းကိုအလွန်သဘောကျစွာကြည့်လိုက်လေသည်။ အလွန်သန့်ပြန့်သောအခန်းဖြစ်သည်။

ဆိုင်လုလင်က ရေဇလုံလာရောက်ချပေး၏။

ရေနွေးကြမ်းအိုးလည်းလာချပေးသည်။

"အစ်ကိုလေး... ဘာများအလိုရှိပါသလဲ အမိန့်ရှိပါ"

စန့်ကွမ်းတောင်းက စားသောက်ဖွယ်ရာများ မှာကြားလိုက်၏။ ဆိုင်လုလင်ပြန်လည်ထွက်သွားသည့်အခါ သူမသည် အခန်းတံခါးကိုပိတ်ပြီး အိပ်ရာပေါ်ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

သူမ၏အတွေးများသည် ရှုပ်ထွေးနေသောချည်မျှင်များ ပမာ သူမ၏ဦးခေါင်းတစ်ခုလုံးကိုရစ်ပတ်ထားလေတော့သည်။

၀၀၀၀

“မင်းကို ငါသိုင်းပညာသင်ပေးမိတာမှားပြီ”

စန့်ကွမ်းရှကုံးသည် သမီးဖြစ်သူ စန့်ကွမ်းမင်းကြူးအား လက်ညှိုးထိုး၍ဆူပွက်နေ၏။

“ငါတို့ဟာသိုင်းလောကမိသားစုဖြစ်တယ်၊ သားယောကျ်ားလေးမရှိလို့ မင်းကိုယ်မင်း ကာကွယ်နိုင်ဖို့သိုင်းပညာသင်ပေးတာကွ၊ အခုတော့ မင်းက ယောကျ်ားလေးလိုဝတ်လိုက်... ဟိုဟိုဒီဒီလျှောက် သွားလိုက်... မိန်းကလေးတစ်ယောက်နဲ့ကိုမတူတော့ဘူး”

“ဒါကို ဖေဖေကသမီးကိုကျေးဇူးတင်ရမှာ”

“ဘာကွ”

စန့်ကွမ်းရှကုံးဒေါသပိုထွက်လာသည်။

“မင်း ကိုးရိုးကားရားလုပ်နေတာကို ငါက ကျေးဇူးတင်ရမှာ လား”

စန့်ကွမ်းမင်းကြူးကပြုံးလိုက်သည်။



“ဖေဖေ့မှာ သားယောကျ်ားလေးမရှိဘူးမဟုတ်လား၊ ဒါကြောင့် သမီးကသားယောကျ်ားလေးနေရာကို အပင်ပန်းခံပြီးဝင်ပေးတာလေ”

သူမအနီးတွင်ထိုင်နေသောမိခင်ကြီးက ရယ်မောလိုက်လေသည်။

“ဟား... ဟား... ဟား”

“မင်း ပါးစပ်ပိတ်ထား”

စန့်ကွမ်းရှကုံးက ဇနီးဖြစ်သူဘက်လှည့်သွားသည်။

ဇနီးဖြစ်သူက လက်နှစ်ဖက်ကာ၍....

“ဒါတွေမပြောပါနဲ့တော့အဖေကြီးရယ်... သမီးကိုပြောစရာရှိတာတွေပြောပြဖို့ အဓိကမဟုတ်လား”

စန့်ကွမ်းရှကုံးသည် ထွက်နေသောဒေါသကို ထိန်းချုပ်လိုက်လေသည်။ ထို့နောက် ထိုင်ရာမှထကာ လက်နှစ်ဖက်နောက်ပစ်လျက် ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်လေသည်။

စန့်ကွမ်းမင်းကြူး အနည်းငယ်အံ့အားသင့်သွားသည်။

မိမိကို ဖခင်ကမည်သည့်အကြောင်းအရာများပြောရန် ရှိပါသနည်း။

သူမက အသံတိုးတိုးနှင့် မိခင်နားကပ်၍မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ… သမီးကို ဘာပြောမလို့လဲ"

မိခင်ဖြစ်သူက ပြုံးပြလိုက်လေသည်။

"မင်္ဂလာစကားပါအေ"

စန္ဒကွမ်းမင်းကြူးက ဖခင်ပြောလာမည့်စကားကိုနားလည်လိုက်သည်။ သူမ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားသည်။ စန္ဒကွမ်းရှကုံးက စန္ဒကွမ်းကြူးရှေ့တွင် ခြေလှမ်းရပ်လိုက်ပြီး….

"သမီးကို ဖေဖေ (၁၅)ရက် အချိန်ပေးထားပြီးပြီ၊ ဒီနေ့တော့ အဖြေပေးဖို့သင့်ပြီလေ"

"သမီး ဘာကိုဖြေရမှာလဲဖေဖေ"

စန္ဒကွမ်းမင်းကြူးက သိလျက်နှင့်မေးလိုက်ခြင်းဖြစ်သည်။

စန္ဒကွမ်းရှကုံး ခါးထောက်လိုက်သည်။

"သမီးရဲ့မင်္ဂလာကိစ္စလေ"

စန္ဒကွမ်းမင်းကြူးက စိတ်ပျက်စွာဖြင့်….

"သမီး အိမ်ထောင်မပြုချင်သေးပါဘူး"

"မရဘူး… ငါတို့လူကြီးချင်း လွန်ခဲ့တဲ့ငါးနှစ်တုန်းက ပေးထားတဲ့ကတိကို ငါအပျက်မခံနိုင်ဘူး"

"သမီး လက်မခံနိုင်ဘူးဖေဖေ"

"ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ"



"သမီးလဲမပြောတတ်ဘူး… အိမ်ထောင်မပြုချင်သေးလို့ပါ"

"စကားမများနဲ့… မိဘစီမံရာကိုနာခံရမယ်… ဒါပဲ"

စန္ဒကွမ်းမင်းကြူး နှုတ်ခမ်းစူသွားလေသည်။

"ဖေဖေရယ် သမီးကိုရိုက်သတ်ချင်သတ်ပိုက်ပါ၊ တစ်ဖက်သားရဲ့အကြောင်း ဘာမှမသိဘဲနဲ့ သမီးလက်မခံနိုင်ဘူး"

မိခင်ဖြစ်သူက ကြားဝင်လာသည်။

"သတို့သားလောင်းက ပြောစရာဘာမှမရှိပါဘူး… မိဂုဏ်ဖဂုဏ်ရှိတယ်… ရုပ်ရည်ဖြောင့်မတ်တယ်၊ ယောဂျားပီသတယ်… သိုင်းပညာလဲတတ်တယ်၊ သမီးနဲ့ဆိုရင် ရှေ့သွားနောက်လိုက် ညီပါတယ်"

စန္ဒကွမ်းမင်းကြူး ခေါင်းခါယမ်းလိုက်သည်။

"သမီးလက်မခံနိုင်ဘူး"

စန္ဒကွမ်းရှကုံးကမဲ့ပြုံးပြုံးပြီး….

"သမီး… သဘောတူသည်ဖြစ်စေ မတူသည်ဖြစ်စေ ဒီလထဲမှာ နေ့ကောင်းရက်သာရွေးပြီး ဒီမင်္ဂလာပွဲကိုလုပ်မယ်… ဒါပဲ"

စန္ဒကွမ်းမင်းကြူးမှာ ဘာမှပြန်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွားလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မည်မျှအချိန်ကြာသွားမှန်းမသိ။ စန့်ကွမ်းတောင်းသည် အတွေးကမ္ဘာမှရုန်းထွက်လိုက်သည်။

ဒေါသထွက်နေသောဖခင်၏မျက်နှာ၊

ဝမ်းနည်းပက်လက်ငိုကြွေးနေသည့်မိခင်၊

ထိုမြင်ကွင်းကို တဖြည်းဖြည်းမြင်လာလေသည်။

လေအေးတစ်ချက်တိုက်ခတ်လာလေသည်။

သူမ၏ရင်ဘတ် အေးစိမ့်သွားသည်။ သူမသည် မိခင်အား လွမ်းဆွတ်သတိရနေသဖြင့် ငိုကြွေးမိပြီး မျက်ရည်များဖြင့်စိုရွှဲနေသည်ကို သတိပြုလိုက်သည်။

သူမသည် စိတ်ကိုထိန်းချုပ်ပြီး မျက်ရည်များကိုသုတ်လိုက်သည်။ ပြီးနောက် လက်အုပ်ချီ၍....

"ဖေဖေ... မေမေ၊ သမီးမိုက်ကိုခွင့်လွှတ်ပါနော်"

သူမသည် ယင်းသို့တောင်းပန်ရင်း ရင်ထဲမှလှိုက်လှဲစွာခံစားလာရသောကြောင့် မျက်ရည်များ ထိန်းမနိုင်သိမ်းမရ ထပ်မံစီးဆင်းကျလာပြန်သည်။

ထိုအချိန် စားပွဲထိုးလုလင်က ထမင်းဟင်းလာရောက်ပို့ပေးလေသည်။ စားပွဲထိုးလုလင်သည် စန့်ကွမ်းတောင်းငိုကြွေးနေသည်ကိုတွေ့ရသဖြင့် အနည်းငယ်အံ့သြသွားလေသည်။



"ဒီအစ်ကိုလေး... ဘာကြောင့်ငိုနေပါလိမ့်"

ဟုတွေး၍ အခန်းထဲမှလျင်မြန်စွာထွက်ခွာသွားလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၆ )

မိုးမလင်းသေးပါ။

ရဲမက်ငါးယောက်တို့သည် တည်းခိုခန်းထဲသို့ ချဉ်းကပ်ဝင်ရောက်လာသည်။ သူတို့သည် ဓားကိုယ်စီဖြင့်တစ်ဟုန်ထိုးဝင်ရောက်လာကြခြင်းဖြစ်သည်။

ဆိုင်လုလင်နှင့်ဆိုင်ရှင်တို့ ထိတ်ထိတ်ပျာပျာဖြစ်သွားကြလေသည်။ ဆိုင်ပိုင်ရှင်ကမျက်နှာချိုသွေးပြီး....

"လူကြီးမင်းတို့.... ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

ရဲမက်ခေါင်းဆောင်က....

"ဧည့်စာရင်းစာအုပ်ပြပါ"

ဆိုင်ပိုင်ရှင်က ဧည့်စာရင်းစာအုပ်ကို ကမန်းကတန်းလှမ်းပေးလိုက်လေသည်။ ရဲမက်အဖွဲ့ခေါင်းဆောင်က တည်းခိုနေသောလူများ၏အမည်ကို ကြည့်ရှုနေ၏။ ထို့နောက် သူက အဖွဲ့သားများအား အမိန့်ပေးလိုက်လေသည်။



"တွေ့ပြီ... အခန်းကိုးမှာဟေ့... မလွတ်စေနဲ့"

ရဲမက်ငါးယောက်တို့သည် ဓားကိုယ်စီဆွဲထုတ်ပြီး သတိကြီးစွာဖြင့် အပေါ်ဘက်သို့တက်သွားကြလေသည်။ ထို့နောက် ကိုးဟုရေးသားထားသောအခန်းရှေ့တွင် ရပ်တန့်လိုက်ကြသည်။

ရဲမက်ခေါင်းဆောင်ကတံခါးခေါက်လိုက်သည်။

"ဒေါက်... ဒေါက်... ဒေါက်"

တစ်ခဏအကြာတွင် အခန်းတံခါးပွင့်သွား၏။ အခန်းထဲမှ စန့်ကွမ်းတောင်းထွက်လာသည်။ ရဲမက်များကိုတွေ့ရသည့်အခါ စန့်ကွမ်းတောင်း အံ့အားသင့်သွားသည်။

စန့်ကွမ်းတောင်းက....

"ခင်ဗျားတို့ကဘယ်သူတွေလဲ... ဘာကိစ္စရှိလို့လဲ"

ရဲမက်အဖွဲ့ခေါင်းဆောင်က....

"ခင်ဗျား စန့်ကွမ်းတောင်းလား"

"ဟုတ်တယ်"

"ကောင်းပြီ... ကျုပ်နောက်ကိုခဏလိုက်ခဲ့ပါ"

"ဘာကိစ္စနဲ့လိုက်ခဲ့ရမှာလဲ"

"ခင်ဗျား ဟိုရောက်ရင် သိရလိမ့်မယ်"

"ဝမ်းနည်းပါတယ်... ကျုပ်မလိုက်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



“မလိုက်လို့မဖြစ်ဘူး… ဒါဟာအမိန့်”

စန္ဒကွမ်းတောင်း ရယ်ချင်လာလေသည်။

“ကျုပ် ဘယ်ဥပဒေကိုမှမကျူးလွန်ခဲ့ဘူး၊ ဒါကြောင့် ဘယ်သူ့အမိန့်ကိုမှလဲ မနာခံနိုင်ဘူး”

“ခင်ဗျား တကယ်မလိုက်ဘူးလား”

“ကျုပ်လိုက်ချင်ပေမဲ့ ကျုပ်မိတ်ဆွေတွေက မလိုက်ရဘူးလို့ တားထားပါတယ်”

“ခင်ဗျားမိတ်ဆွေ ဘယ်မှာလဲ”

စန္ဒကွမ်းတောင်းက စားပွဲပေါ်ချထားသောဓားကိုဆွဲထုတ်ပြီး ထောင်ထားလိုက်သည်။

“ဒီမှာ….”

ထိုအချိန် အခန်းတစ်ဆယ်၏အခန်းတံခါး အနည်းငယ်ဟသွားသည်။ စူးရှတောက်ပသောမျက်လုံးအစုံက သူတို့အား စူးစိုက်ကြည့်နေသည်ကို မည်သူကမျှမသိလိုက်ပါ။

ဝဝဝဝ



ရုတ်တရက် သူ့အခန်းထဲ၌ထွန်းထားသောမီးအိမ်များသည် တစ်ခုပြီးတစ်ခုငြိမ်းသွားလေသည်။

“ချွမ်း… ချွမ်း… ချွမ်း”

အမှောင်ထုထဲတွင် ဓား,ဓားချင်း ထိတွေ့သောအသံများ….

“ယား….”

“အိ….”

“အား….”

မာန်ဝင့်သောအသံ၊ တိုက်ခိုက်သောအသံ၊ အော်ဟစ်သောအသံများဆူညံစွာထွက်ပေါ်လာသည်။ တည်းခိုခန်းတစ်ခန်းလုံးရှိလူများသည် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ အထိတ်တလန့်ဖြင့် နိုးလာကြလေသည်။ အခန်းတစ်ခုလုံးမှောင်မည်းနေ၍ မည်သည့်အရာကိုမျှ မမြင်ရပါ။

ထိုထိတ်လန့်တုန်လှုပ်ဖွယ်ရာအသံများသည် တစ်ခဏအကြာတွင် ပြန်လည်ငြိမ်သက်သွားသည်။ တည်းခိုခန်းတစ်ခုလုံးတွင် လူပေါင်းငါးဆယ်ကျော်မကရှိနေ၏။

သို့သော် မည်သူကမျှ အသံထွက်ပေါ်မလာကြပါ။ ရင်ဖိုသောအသက်ရှူသံများသာကြားနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်ကြသည်ကို မည်သူကမျှ မသိကြပါ။

အတန်ကြာမှ သတ္တိအလွန်ကောင်းသော လူတစ်ယောက် ကမီးထွန်းလိုက်သည်။ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။

နောက်ထပ်မီးအိမ်တစ်လုံး လင်းလာသည်။

တဖြည်းဖြည်းနှင့်တည်းခိုခန်းတစ်ခုလုံး မီးများ ထိန်လင်းလာသည်။ တည်းခိုနေကြသောဧည့်သည်များသည် တစ်ယောက်စ နှစ်ယောက်စ သူတို့အခန်းထဲမှထွက်လာကြသည်။

သူတို့သည် အသံရှိရာအခန်းသို့ စုဝေးရောက်ရှိလာကြလေသည်။ ဆိုင်ပိုင်ရှင်နှင့်ဆိုင်လုလင်အချို့တို့သည်လည်း အခန်းကိုး အနီးတွင်ရပ်နေကြသည်။

"ဟောဗျာ...."

ဧည့်သည်တစ်ယောက်ထံမှ စတင်အသံထွက်လာသည်။

သူတို့၏မျက်လုံးများသည် အခန်းကိုးရှေ့ ကြမ်းပြင်ပေါ်လဲကျနေသောရဲမက်ငါးယောက်၏အလောင်းကိုထိတ်လန့်အံ့သြစွာ ကြည့်နေမိကြလေတော့၏။

၀၀၀၀



( ၇ )

ချန်အန်းမြို့၏မြို့ရိုးတံခါးပေါက်၏နံရံပေါ်တွင် မြို့စားကြီး ထုတ်ပြန်သောကြော်ငြာစာတန်းတစ်ခုကပ်ထားလေသည်။

အနီးတွင် လူများတိုးဝှေ့ဖတ်ရှုနေကြ၏။ ထိုလူအုပ်ကြား၌ မျက်ခုံးမွေးလေးခုရှင်လုရှောက်တုံးလည်းပါဝင်နေ၏။

လုရှောက်တုံးသည် ထိုကြော်ငြာစာတန်းကို နှစ်ကြိမ်တိတိ ဖတ်ရှုပြီးဖြစ်သည်။

"ဆုငွေတစ်ထောင်"

ရဲမက်ငါးယောက်အား ရက်စက်စွာ သတ်

ဖြတ်သွားသော လူသတ်သမားစန့်ကွမ်းတောင်း

အား အသေရရ အရှင်ရရဖမ်း ဆီးပေးနိုင်သူအား

ဆုငွေတစ်ထောင်တိတိချီးမြှင့်မည်။

ပုံ

ချန်အန်းမြို့တော်ဝန်

www.burmeseclassic.com

www.burmeseclassic.com



လုရှောက်တုံးသည် အခင်းဖြစ်ပွားသောတည်းခိုခန်းသို့ ရောက်ရှိလာလေသည်။ သူသည် ဆိုင်ရှင်နှင့်သိကျွမ်းပြီးဖြစ်၍ ဆိုင်ရှင်သည် သောကဝေသည့်ကြားမှ လုရှောက်တုံးအားကြိုဆိုလိုက်သည်။

"လုရှောက်တုံး... ရဲမက်အမှုအတွက်လာတာမဟုတ်လား"

"ဟုတ်တယ်လေ"

ဆိုင်ရှင်က ကုလားထိုင်တစ်လုံးထိုးပေးလိုက်သည်။

"ထိုင်ပါလေ"

ဆိုင်လုလင်က ရေနွေးကြမ်းအိုးဝင်ရောက်ချပေးသွားသည်။

"အားနာလိုက်တာဗျာ... တည်းခိုခန်းပိတ်ထားတော့ ဘာမှ ကျွေးစရာမရှိဘူး"

ဆိုင်ရှင်ကတောင်းပန်စကားပြောလိုက်သည်။

"ခင်ဗျားရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျုပ်သိပါတယ်... ဘာမှအားမနာပါနဲ့"

ဆိုင်ရှင်က....

"ဒီအမှုအကြောင်း ခင်ဗျားသိတယ်မဟုတ်လား"

"သိပါတယ်"

"ကျုပ်... ခေါင်းရှုပ်နေတယ်၊ ဘယ်ကစပြောရမှန်းမသိဘူး"

"ရပါတယ်... ကျုပ်မေးချင်တာကိုအဖြေရရင် တော်ပါပြီ"



"ကောင်းပြီ... ခင်ဗျားသိချင်တာကိုမေးပါ"

"ရဲမက်ငါးယောက်ကိုသတ်သွားတာ စန္ဒကွမ်းတောင်း ဆိုပြီး ဆုငွေထုတ်ထားတယ်... ဒါဟုတ်ရဲ့လား"

"ဟုတ်တယ်"

"စန္ဒကွမ်းတောင်းဆိုတာ သူတို့ဘယ်လိုကြောင့်သိသလဲ"

"စန္ဒကွမ်းတောင်း ဒီမှာလာတည်းတော့ သူ့နာမည်ကို ဧည့်စာရင်းထဲမှာရေးထားတယ်လေ"

"စန္ဒကွမ်းတောင်းကို ခင်ဗျားတွေ့လိုက်သလား"

ဆိုင်ရှင်ခေါင်းညိတ်ပြသည်။

"တွေ့လိုက်မိတယ်"

"သူ့အသက် ဘယ်လောက်ရှိမယ်ထင်သလဲ"

"အသက်နှစ်ဆယ်တောင် ပြည့်မယ်မထင်ဘူး"

"ယောကျ်ားလိုဝတ်ထားသလား"

"ဟုတ်တယ် ကျုပ်တောင်ယောကျ်ားလေးလို့ထင်မိတယ်"

"သူတစ်ယောက်တည်းလား... အဖော်ပါသေးသလား"

"အဖော်မပါဘူး"

"သူ့ရဲ့ပုံပန်းသဏ္ဍာန်မှတ်မိရင် ပြောပါ"

"ကောင်းကောင်းမှတ်မိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်က စန္ဒကွမ်းတောင်း၏ဝတ်စားဆင်ယင်ပုံနှင့် ရုပ်သွင်ပုံသဏ္ဌာန်များကိုပြောပြလိုက်သည်။

လုရှောက်တုံး မျက်မှောင်ကုတ်သွားသည်။

ဆိုင်ရှင်ပြောပြသည့်ပုံသဏ္ဌာန်သည် သူ စန္ဒကွမ်းတောင်းနှင့်တွေ့ဆုံစဉ်က ယောကျ်ားလေးကဲ့သို့ဝတ်ဆင်ပုံနှင့်တူသည်ဟု မှတ်ချက်ချမိလိုက်သည်။

သူ၏ရင်ထဲတွင် တစ်ချက်လှုပ်ရှားသွား၏။

"ရသေ့ကြီးပြောပြတာမှန်ပါရဲ့လား"

သူ၏စိတ်ထဲမှ ညည်းညူလိုက်ခြင်းဖြစ်သည်။

ဆိုင်ရှင်က....

"ဘာများသိချင်သေးသလဲလုရှောက်တုံး"

လုရှောက်တုံးကပြုံးပြလိုက်သည်။

"လုံလောက်ပါပြီ... ကျေးဇူးတင်ပါတယ်"

လုရှောက်တုံးသည် ဆိုင်ရှင်အားနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားလေသည်။

၀၀၀၀



"ဟော... လုရှောက်တုံးပါလား"

သိုင်းဆရာကြီး လောက်ထိုက်ရယ်သည် လုရှောက်တုံးအား မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် အားရပါးရ နှုတ်ဆက်လိုက်လေသည်။ လုရှောက်တုံးသည် အခန်းထဲသို့လှမ်းဝင်ရင်း....

"ကျွန်တော် ဆရာကြီးကိုဂါရဝပြုပါတယ်"

"ထိုင်လေကွာ"

လောက်ထိုက်ရယ်က ရှေ့တွင်ရှိသောကုလားထိုင်ကိုညွှန်ပြလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဆရာကြီး"

လုရှောက်တုံးထိုင်ချလိုက်သည်နှင့် လောက်ထိုက်ရယ်က အရက်တစ်ခွက်ငှဲ့ပေးလိုက်ပြီး....

"မရောက်စဖူး ငါ့ဆီကိုရောက်လာတာ အလည်သက်သက်တော့မဖြစ်နိုင်ဘူး၊ ကိစ္စရှိလို့မဟုတ်လား"

လုရှောက်တုံးက ကမ်းပေးလာသောအရက်ခွက်ကိုလှမ်းယူလိုက်ရင်း....

"ဟုတ်ကဲ့ပါ... ဆရာကြီး"

"ရဲမက်ငါးယောက်သေဆုံးတဲ့ကိစ္စမဟုတ်လား"

"ဟုတ်ပါတယ်ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ငါသိသားပဲ... ကဲ... လိုရင်းကိုပြောပါ"

"ရဲမက်ငါးယောက်သေဆုံးတဲ့ဒဏ်ရာဟာ ဘာလက်နက်ကြောင့်ဖြစ်တယ်ဆိုတာ သိချင်လို့ပါ"

"ဓားဒဏ်ရာတော့မဟုတ်ဘူး"

"ဒါဖြင့်...."

လောက်ထိုက်ရယ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအလောင်းကိုစစ်ဆေးဖို့ ငါ့ကိုတာဝန်ပေးတယ်လေ၊ ငါစစ်ဆေးကြည့်တော့ သူတို့သေဆုံးတဲ့ဒဏ်ရာတော့ အပေါက်ကလေးတစ်ပေါက်ပါပဲ၊ တိုက်တိုက်ဆိုင်ဆိုင် အဲဒီအပေါက်ကလေးဟာ သူတို့ရင်ညွန့်ပေါ်မှာတွေ့ရှိရတယ်"

လုရှောက်တုံး အလွန်အံ့ဩသွားသည်။

"ဘယ်သူ့လက်ချက်လဲဆိုတာ ဆရာကြီးက ခန့်မှန်းနိုင်မလားဟင်"

"ခန့်မှန်းနေစရာမလိုပါဘူး... စန့်ကွမ်းတောင်းရဲ့လက်ချက်ဆိုတာရှင်းနေပါတယ်"

"ဗျာ... သေချာရဲ့လားဆရာကြီး"

လောက်ထိုက်ရယ် အနည်းငယ်စိတ်တိုသွားသည်။

"ငါပြောတာမယုံဘူးဆိုရင် ဘာလို့လာမေးနေရတာလဲ"



"တောင်းပန်ပါတယ်ဆရာကြီး... ဒီကိစ္စယုံရခက်နေလို့ပါ"

"မင်းမယုံဘူးဆိုတာ ငါအပြစ်မတင်ပါဘူးကွာ... အစတုန်းကလဲ ငါမယုံပါဘူး... ဒါပေမဲ့...."

သူက ဆက်၍ရှင်းပြလိုက်သည်။

"သုံးကြိမ်တိုင်တိုင် ငါ သေသေချာချာစစ်ဆေးပြီးတော့မှ စန့်ကွမ်းတောင်းရဲ့လက်ချက်ဆိုတာ အသေအချာပြောနိုင်တာပါ"

"ဆရာကြီးက ဘာကိုတွေ့လို့ အခိုင်အမာပြောနိုင်တာလဲ"

လောက်ထိုက်ရယ်၏မျက်နှာတစ်ခုလုံး လေးလေးနက်နက်ဖြစ်လာလေသည်။

"သေဆုံးသူရဲ့ဒဏ်ရာဟာ သေမင်းလက်ညှိုးကြောင့်ဖြစ်နေလို့"

လုရှောက်တုံး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

အတန်ကြာမှ သူကထပ်မေးလိုက်သည်။

"သေမင်းလက်ညှိုးဟုတ်လား ဆရာကြီး"

လောက်ထိုက်ရယ် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ရဲမက်ငါးယောက်ကိုသတ်တာ စန့်ကွမ်းတောင်းပဲပေါ့ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သိုင်းလောကမှာသေမင်းလက်ညှိုးပညာကို တတ်တဲ့လူဆိုလို့ စန္ဒကွမ်းတောင်းတစ်ဦးတည်းသာရှိတယ်လေ"

လုရှောက်တုံး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

၀၀၀၀

လုရှောက်တုံးသည် သူတို့တွေ့ဆုံနေကျ အရက်ဆိုင်လေးထဲသို့ရောက်ရှိလာလေသည်။ သူသည် တစ်ယောက်တည်းထိုင်၍ အရက်သောက်ရင်း စန္ဒကွမ်းတောင်း၏အကြောင်းကို စဉ်းစားနေ၏။

တစ်ခဏအကြာ၌ ရသေ့ကြီးရောက်ရှိလာလေသည်။ နောက်တစ်ခဏအကြာတွင် စောရကြယ်တံခွန်လည်း ရောက်ရှိလာလေသည်။

သူတို့နှစ်ယောက်သည် အရက်သောက်ရင်း လုရှောက်တုံး ပြောလာမည့်စကားကိုစောင့်နေ၏။

သို့သော် လုရှောက်တုံးသည် စကားတစ်ခွန်းမျှမပြောပါ။ လုရှောက်တုံးသည် အရက်တစ်ခွက်ပြီးတစ်ခွက်သောက်နေသည်။

စောရကြယ်တံခွန်က မနေနိုင်တော့ဘဲ....

"လုရှောက်တုံး... မင်းဘာဖြစ်နေတာလဲ"

ဟုမေးလိုက်လေသည်။



"မင်း လောက်ထိုက်ရယ်ဆီ ရောက်ခဲ့တယ်လို့ ငါတို့ကြားခဲ့တယ်"

လုရှောက်တုံးက အရက်ခွက်ကိုချထားလိုက်လေသည်။

"ဟုတ်တယ်"

"ဘာတွေကြားခဲ့သလဲ"

"ရဲမက်ငါးယောက်ကိုသတ်သွားတဲ့လူဟာ စန္ဒကွမ်းတောင်းဖြစ်တယ်လို့ အခိုင်အမာပြောလိုက်တယ်"

စောရကြယ်တံခွန် မျက်မှောင်ကုပ်သွားသည်။

"စန္ဒကွမ်းတောင်းရဲ့လက်ချက်လို့ သူ ဘာကြောင့်ပြောနိုင်ရတာလဲ"

လုရှောက်တုံးက....

"သေသူရဲ့ဒဏ်ရာကိုကြည့်ပြီး သေမင်းလက်ညှိုးကြောင့်သေရတာလို့ သူအခိုင်အမာပြောတယ်"

စောရကြယ်တံခွန် မျက်မှောင်ကြုတ်သွားလေသည်။

"ဒီအတိုင်းဆိုရင် စန္ဒကွမ်းတောင်း တစ်စခန်းထတယ် ဆိုတာသေချာပြီပေါ့"

လုရှောက်တုံးက ပါးစပ်ပိတ်ထားလေသည်။

ရသေ့ကြီးကရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟား... ဟား... ဟား"

လုရှောက်တုံးက သူ့အားလှည့်ကြည့်လိုက်သည်။

"ရသေ့ကြီးက ဘာရယ်တာလဲဗျ"

"မင်းက စန့်ကွမ်းတောင်းဆိုတဲ့မိန်းကလေးဒုက္ခရောက်မှာစိုးလို့ သွားစောင့်ရှောက်မယ်လို့ပြောတာမဟုတ်လား"

စောရကြယ်တံခွန်ကပြုံးစိစိဖြင့်....

"လုရှောက်တုံးက မိန်းကလေးတွေကိုကူညီရမယ်ဆိုရင် သိပ်ဝါသနာပါတာပေါ့"

ရသေ့ကြီးက....

"လုရှောက်တုံးက ကံကြီးပေလို့သာပေါ့... နို့မဟုတ်ရင် သူ့ရဲ့ရင်ညွန့်မှာလဲ သေမင်းလက်ညှိုးဒဏ်ရာရသွားနိုင်တယ်"

လုရှောက်တုံးက....

"အရေးထဲမှာ ခင်ဗျားတို့ကတစ်မျောင့်"

စောရကြယ်တံခွန်က....

"ကဲ... ထားပါတော့လေ၊ မင်း အခုဘာလုပ်ချင်သလဲ"

လုရှောက်တုံးခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အံ့သြနေမိလို့ပါ"

"ဘာကိုအံ့သြနေတာလဲ"



"ကျုပ်တွေ့ခဲ့တဲ့မိန်းကလေးဟာ စန့်ကွမ်းတောင်းအစစ်ဆိုရင် ဘာကြောင့် သူ့ရဲ့ရုပ်ကိုကြည့်ရတာ ရိုးရိုးသားသားရှိနေတာကို တွေ့ရတာလဲ"

စောရကြယ်တံခွန်ကရယ်မောလိုက်သည်။

"စန့်ကွမ်းတောင်းရဲ့ ကြောက်စရာအကောင်းဆုံးကတော့ သူ့ရဲ့သိုင်းပညာမဟုတ်ဘူး၊ မာယာများလှတဲ့ သူ့ရဲ့ဟန်မူယာပါ"

လုရှောက်တုံး ပါးစပ်ပိတ်ထားလိုက်လေတော့သည်

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၈ )

စန္ဒကွမ်းတောင်းသည် မျက်လုံးဖွင့်ကြည့်လိုက်သည်။

သူမသည် ဧည့်ခန်းတစ်ခုထဲသို့ရောက်ရှိနေသည်ကိုမြင်တွေ့လိုက်လေသည်။ သူမ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ငါ ဘယ်ကိုရောက်နေတာပါလိမ့်"

သူမ တဖြည်းဖြည်းသတိရလာသည်။

သူမသည် ရဲမက်ငါးယောက်နှင့်တိုက်ခိုက်ရန် ဟန်ပြင်နေစဉ် မီးအိမ်များအားလုံးငြိမ်းသွားသည်။ ထို့နောက် သူမ၏ခါးနေရာမှာ ကျဉ်ခနဲဖြစ်သွားပြီး သူမသည် လုံးဝသတိမေ့သွားသည်ကို သတိရမိသည်။

သူမ ထထိုင်လိုက်သည်။

"ငါ အိပ်မက်များမက်နေသလား"

သူမ ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး"



သူမသည် ထိုင်ရာမှထရပ်လိုက်သည်။

အိပ်ရာ၏အနီးတွင် အလှပြင်သောစားပွဲတစ်လုံးရှိသည်။ ကြေးမုံထဲတွင် သူမ၏ရုပ်သွင်ကိုပီပီပြင်ပြင် တွေ့မြင်ရလေသည်။

သူမသည် ယောကျ်ားကဲ့သို့ဝတ်ဆင်ထားသည်။

ယခုအခါတွင်မူ အတွင်းခံမိန်းကလေးအင်္ကျီသာ ဝတ်ဆင်ထားသည်ကိုတွေ့ရသဖြင့် သူမ ရင်ထိတ်သွားသည်။

"ငါ ဘယ်လိုများဖြစ်သွားပါလိမ့်"

သူမ၏မျက်လုံးအစုံသည် အခန်းတစ်ခုလုံးသို့ဝေ့ကြည့်လိုက်သည်။ နံရံပေါ်တွင် မိမိဓားတစ်လက်ချိတ်ထားသည်ကိုတွေ့မြင်ရသည်။ ထို့အတူ သူမ၏ယောကျ်ားအင်္ကျီချိတ်ထားသည်ကိုပါ တွေ့ရှိလိုက်ရလေသည်။

သူမသည် အင်္ကျီကိုယူဝတ်လိုက်၏။ ဓားကိုလည်း ဖြုတ်ယူလိုက်သည်။ အလှပြင်စားပွဲပေါ်တွင်ချထားသော သူမ၏ခေါင်းစည်းပဝါကိုယူ၍ ဆံပင်များကိုထုံးဖွဲ့လိုက်သည်။

ရုတ်တရက် အခန်းတံခါးတွန်းဖွင့်သံကြားလိုက်ရသည်။

သူမ ချာခနဲလှည့်ကြည့်လိုက်သည်။ ဓားကိုတင်းကျပ်စွာကိုင်ထားလိုက်သည်။ အခန်းထဲဝင်လာသူမှာ အသက်ငါးဆယ်ခန့်ရှိသောအဘွားအိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး နိုးလာပြီလား"

စန့်ကွမ်းတောင်း စိတ်သက်သာရာရသွားလေ၏။

"အဘွားကဘယ်သူလဲ... ကျွန်မ ဒီကိုဘယ်လိုလုပ်ရောက်လာတာလဲ"

"အဘွား ဘယ်သူလဲဆိုတာအရေးမကြီးပါဘူး... နင့်ကို ငါ ရဲမက်တွေလက်ထဲကကယ်တင်ခဲ့တာပါ"

"အဘွား... ကျွန်မကိုကယ်တင်ခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်... နင် မယုံဘူးလား"

စန့်ကွမ်းတောင်းက ပါးစပ်ပိတ်လိုက်သည်။

အဘွားအိုက အခန်းတံခါးပြန်ပိတ်လိုက်သည်။

ထို့နောက် ကုလားထိုင်တစ်လုံးကို ညွှန်ပြလိုက်ပြီး...

"ထိုင်ပါဦးလေ... အဘွားမေးစရာရှိလို့ပါ"

စန့်ကွမ်းတောင်းက ခုတင်ပေါ်တွင်ထိုင်လိုက်သည်။

၀၀၀၀



အဘွားအိုသည် စန့်ကွမ်းတောင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး...

"နာမည် ဘယ်လိုခေါ်သလဲ"

"စန့်ကွမ်းတောင်းပါ"

"နာမည်အရင်းလား"

"ယာယီနာမည်ပါ"

"ဘာကြောင့် စန့်ကွမ်းတောင်းလို့နာမည်မှည့်ရတာလဲ"

"ကျွန်မအမျိုးအနွယ်ဟာ စန့်ကွမ်းဖြစ်ပါတယ်၊ ကျွန်မက မိန်းကလေးတစ်ယောက်ဖြစ်တဲ့အတွက် သူများ မစော်ကားဝံ့အောင် တောင်းကိုရွေးချယ်လိုက်တာပါ"

"နာမည်ကြားတာနဲ့ သူများတကာကြောက်သွားအောင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်ဘွားဘွား"

အဘွားအိုက...

"နင့်မှာ ဓားတစ်လက်ပါတယ်... သိုင်းပညာလဲနည်းနည်း တတ်တယ်၊ ဒါကြောင့် နင်ဟာ သိုင်းလောကမိသားစုထဲက ဖြစ်ရမယ်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် သိုင်းလောကမှာ တခြားစန့်ကွမ်းတောင်းရှိတယ်ဆိုတာကော သိတယ်မဟုတ်လား"

"ကျွန်မ ကြားဖူးပါတယ်"

"ဒါဖြင့် မျက်နှာတစ်ထောင်ဒေဝီကော ကြားဖူးလား"

"မကြားဖူးဘူး"

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်ပါ"

"ဟုတ်သားပဲ... နင် ဘယ်သိပါ့မလဲ"

"အဘွားက ဘာကိုဆိုလိုတာလဲ"

"ဒါတွေကိုမေးမနေပါနဲ့တော့"

အဘွားအိုက စန့်ကွမ်းတောင်းအား ထပ်မံစိုက်ကြည့်လိုက်သည်။

"နင့်ကိုငါ စေတနာနဲ့ပြောချင်တယ်"

"ဟုတ်ကဲ့... ပြောပါ"

"ခုအချိန်ကစပြီး စန့်ကွမ်းတောင်းဆိုတဲ့နာမည်ကိုလုံးဝမသုံးပါနဲ့တော့"

"ဘာဖြစ်လို့လဲဘွားဘွား"

အဘွားအိုက....



"ဒီနာမည်ကို ဆက်သုံးရင် ညည်းအဖို့ အန္တရာယ်နဲ့ ရင်ဆိုင်ရဦးမယ်ဆိုတာ သိထားစမ်းပါ"

စန့်ကွမ်းတောင်း မျက်မှောင်ကုတ်သွားသည်။

"ဘယ်လိုအန္တရာယ်နဲ့တွေ့နိုင်မှာလဲ"

"ရဲမက်တွေက ဘာကြောင့် နင့်ကိုလာပြီးရန်ရှာရတာလဲ"

"ကျွန်မ မသိဘူး"

"အေး... ညည်းမသိရင် မှတ်ထား၊ စန့်ကွမ်းတောင်းကို သက်ဆိုင်ရာအာဏာပိုင်ကအလိုရှိနေလို့ပဲ၊ ဒါကြောင့် နင့်ကိုလာပြီးဖမ်းကြတာ"

စန့်ကွမ်းတောင်း တဖြည်းဖြည်းနားလည်လာသည်။

"ဒါကြောင့်ကိုး"

တစ်ဆက်တည်း ပင် အဘွားအိုအားမေးလိုက်သည်။

"ဒါနဲ့ ကျွန်မကိုဘွားဘွားကယ်တင်လာတာလား"

"ဟုတ်တယ်... အဲဒီညက အခန်းတစ်ခန်းမှာ ဘွားဘွားရှိနေတယ်လေ"

စန့်ကွမ်းတောင်းသည် အဘွားအိုအား အံ့သြစွာကြည့်နေမိလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



စန့်ကွမ်းတောင်းသည် အဘွားအိုအား အကဲခတ်ကြည့်လိုက်၏။ အဘွားအိုမှာ တုန်တုန်ချည့်ချည့်မဖြစ်သော်လည်း သိုင်းပညာတတ်မည့်ပုံမပေါ်ပါ။

သိုင်းပညာတတ်ထားသည့်ကိုင်အောင် အဆင့်မြင့်သောရဲမက်ငါးယောက်အား နိုင်လိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် အဘွားအိုသည် မိမိအား လိမ်ညာပြောဆိုနေသည်လားဟု စန့်ကွမ်းတောင်း သံသယဝင်မိလေသည်။

အဘွားအိုက သူမ၏စိတ်ကူးကိုနားလည်လိုက်ဟန်ဖြင့်...

"ညည်းယုံချင်ယုံ... မယုံချင်လဲနေလို့ရတယ်၊ ဒါပေမဲ့ ညည်းအေးအေးချမ်းချမ်းနေချင်တယ်ဆိုရင် စန့်ကွမ်းတောင်းဆိုတဲ့နာမည်ကိုမသုံးပါနဲ့"

ပြောရင်း အဘွားအို၏အသံခက်ထန်လာသည်။

"အမှန်ပြောရမယ်ဆိုရင် ညည်းကို ငါသတ်ဖို့ရည်ရွယ်ခဲ့တယ်၊ ဒါပေမဲ့ ညည်းဟာ ဘာမှနားမလည်သေးတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တဲ့အပြင် စိတ်ထားလဲဖြူစင်တာမို့ နင့်အသက်ကိုချမ်းသာရာပေးလိုက်တယ်"

အဘွားအိုက အခန်းတံခါးကိုဆွဲဖွင့်လိုက်သည်။

ပြီးနောက်....



"နင့်ပစ္စည်းယူပြီးသွားတော့... နောင်အခါ စန့်ကွမ်းတောင်းအမည်ကိုကြားရင် နင့်ကို ငါမညှာတော့ဘူးမှတ်"

စန့်ကွမ်းတောင်းသည် သူမ၏ငွေအိတ်နှင့်ဓားကိုသိမ်းဆည်းပြီး အခန်းထဲမှလှမ်းထွက်လိုက်သည်။ အပြင်ရောက်သောအခါ မွန်းတည့်ချိန်ရောက်နေသည်ကိုတွေ့ရလေသည်။

သူမလှမ်းထွက်လာသောအိမ်ကိုလှမ်းကြည့်လိုက်ရာ ပျဉ်ထောင်အိမ်ကလေးဖြစ်သည်ကိုတွေ့လိုက်ရသည်။

အိမ်ကလေး၏လေးဖက်လေးတန်တွင် သစ်ပင်များနှင့်ဝါးရုံပင်များဝန်းရံထားသည်။ အပြင်ဘက်မှနေ၍ ကြည့်လိုက်မည်ဆိုလျှင် ထိုအိမ်ကလေးကိုမမြင်တွေ့နိုင်ပါ။

သူမသည် လမ်းကလေးအတိုင်းလှမ်းထွက်လိုက်ရာ မြင်းဟီသံကြားလိုက်ရသည်။ သစ်ပင်တစ်ပင်တွင် ကြိုးဖြင့်ချည်နှောင်ထားသောမြင်းကိုတွေ့လိုက်ရသည်။ သူမ၏မြင်းပင် ဖြစ်ပါသည်။

သူမသည် ဝမ်းပန်းတသာဖြင့် မြင်းရှိရာသို့ပြေးလွှားသွားလေသည်။ ချည်ထားသောကြိုးကိုဖြုတ်၍ မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်၏။ ထို့နောက် လမ်းကလေးအတိုင်း မောင်းသွားနေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၉ )

လီစန်းလုံသည် မြို့ထဲသို့လှမ်းဝင်လိုက်သည်နှင့် နံရံပေါ်၌ ကပ်ထားသော ဆုငွေထုတ်ထားသည့်ကြော်ငြာကို မြင်တွေ့လိုက်ရလေသည်။

"ဆုငွေတစ်ထောင်ဆိုပါလား"

သူ့နှုတ်မှလွှတ်ခနဲအသံထွက်သွားသည်။ လူကြားထဲတိုးဝင်ပြီး ဆုငွေကြော်ငြာကိုဖတ်ရှုလိုက်သည်။

ဖတ်ရှုရင်း သူ့မျက်မှောင်ကုတ်သွားသည်။

"စန့်ကွမ်းတောင်းဆိုပါလား"

သူသည် လမ်းမှာတွေ့ဆုံခဲ့ရသောယောကျ်ားလေးအသွင်ဝတ်ဆင်ထားသောမိန်းကလေးကို မြင်ယောင်လာလေ၏။

"ဒီမိန်းကလေးက ရဲမက်ငါးယောက်ကိုသတ်သွားတယ် ဆိုပါလား၊ ဖြစ်နိုင်ပါ့မလား"

နှုတ်မှအသံထွက်၍ရေရွတ်လိုက်မိလေသည်။



လူအုပ်ထဲမှ လူတစ်ယောက်က သူ့အား လှည့်ကြည့်လိုက်သည်။

"ခင်ဗျား စန့်ကွမ်းတောင်းအကြောင်းမသိဘူးနဲ့တူတယ်"

လီစန်းလုံက....

"သူ့အကြောင်းကိုမသိပေမဲ့ သူ့ကိုတော့မြင်ဖူးပါတယ်"

ထိုလူ စိတ်ဝင်စားလာလေသည်။

"ဟုတ်လား... ဘယ်မှာတွေ့ခဲ့တာလဲ"

"လမ်းမပေါ်မှာ"

"ဘယ်တုန်းကလဲ"

"နှစ်ရက်လောက်ရှိပြီထင်တယ်"

"ဘယ်လမ်းမပေါ်မှာတွေ့ခဲ့တာလဲ"

"ချန်အန်းမြို့တော်သွားတဲ့လမ်းမပေါ်မှာ"

"ခင်ဗျားအတွက် အနည်းဆုံး ဆုငွေ(၅၀၀)ရနိုင်တဲ့ အခွင့်အလမ်းရှိပြီဗျ"

"ဘယ်လိုအခွင့်အရေးမို့လဲ"

"အဲဒီမိန်းကလေးသွားတဲ့လမ်းအတိုင်းသွား... သူ့ကိုတွေ့တာနဲ့ သက်ဆိုင်ရာအာဏာပိုင်ကိုသွားပြီး သတင်းပို့ပါ၊ သူတို့က ဖမ်းမိရင် ခင်ဗျားဆုငွေတစ်ဝက်ရမှာဗျ"

www.burmeseclassic.com

www.burmeseclassic.com



လီစန်းလုံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"တော်ပါပြီဗျာ... ငွေလဲမလိုချင်ပါဘူး... သူများကိုလဲ ဒုက္ခ မပေးချင်ပါဘူး"

လီစန်းလုံကပြောပြောဆိုဆိုဖြင့် လူကြားထဲမှတိုးထွက်လာလေသည်။ လူအုပ်အပြင်ရောက်သည့်အခါ ရပ်၍စဉ်းစားလိုက်၏။

"ဒီမိန်းကလေးက နုနုနယ်နယ်နဲ့ ရဲမက်ငါးယောက်ကို သတ်တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ သူကတော့ ဘုမသိဘမသိလျှောက်သွားနေမှာပဲ၊ ငါလိုက်သတင်းပို့မှဖြစ်မယ်"

သူသည် အဘယ်ကြောင့်မှန်းမသိ ထိုမိန်းကလေးအပေါ် သနားကြင်နာသောစိတ်များ ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် သူသည် မဆိုင်းမတွပင် မြင်းပေါ်လွှားခနဲခုန်တက်ကာ အရှိန်ပြင်းစွာဖြင့် မောင်းနှင်ထွက်ခွာသွားလေတော့၏။

ဝဝဝဝ



ချန်အန်းမြို့တော်သည် တစ်ချိန်က ထီးနန်းစိုက်ရာ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးသည်။

ထို့ကြောင့် ချန်အန်းမြို့တော်ထဲသို့ဝင်ရောက်လာသည်နှင့် အလွန်ထည်ဝါခမ်းနားသောအဆောက်အအုံများနှင့် ခိုင်ခံ့သောမြို့ရိုးကိုမြင်တွေ့နိုင်မည်ဖြစ်လေသည်။

မီးထွန်းချိန်....

မြို့တော်တစ်ခုလုံး မီးရောင်များထိန်ထိန်လင်းပြီး လမ်းမပေါ်၌ လူသွားလူလာများစည်ကားနေ၏။

လီစန်းလုံသည် မြင်းပေါ်မှဆင်းလိုက်ရသည်။

သူသည် မြင်းဇက်ကြိုးကိုဆွဲ၍ လူအုပ်ထဲသို့တိုးဝင်သွားလေသည်။ လမ်းမတစ်ဖက်တစ်ချက်တွင် မီးရောင်ထိန်ထိန်လင်းနေသောဆိုင်များတန်းစီရှိနေ၏။

ဆိုင်တိုင်းမှာလည်း ရောင်းသူဝယ်သူစည်ကားနေ၏။

အထူးသဖြင့် စားသောက်ဆိုင်များ၌ ပို၍လူစည်ကားနေသည်ကိုတွေ့မြင်ရမည်ဖြစ်ပေသည်။ စားသောက်ဆိုင်များအနက် ချန်အန်းစားသောက်ဆိုင်သည် အစည်ကားဆုံးဖြစ်၏။

ချန်အန်းစားသောက်ဆိုင်သည် ဤမြို့တော်တွင် အကျော်ကြားဆုံးဖြစ်သည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



လီစန်းလုံသည် မမျှော်လင့်ဘဲ စန့်ကွမ်းတောင်းနှင့်တွေ့ဆုံခဲ့သည်။ စန့်ကွမ်းတောင်းမှာ ယောကျ်ားလေးတစ်ယောက်လို ဝတ်ဆင်ထားသော်လည်း အမှန်တော့ သူမသည် ယောကျ်ားလေးတစ်ယောက်၏သဘောသဘာဝကိုနားလည်ခြင်းမရှိသဖြင့် သူမအား သတိပြုကြည့်မိလျှင် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်မည်ဖြစ်သည်။

စန့်ကွမ်းတောင်းသည် မိန်းကလေးတစ်ယောက်ဖြစ်လင့်ကစား သိုင်းပညာကောင်းစွာတတ်ထားသည်ကို သူမ၏လှုပ်ရှားမှုကိုမြင်ရုံဖြင့် အကဲခတ်သိသာနိုင်ပေသည်။

သို့သော်... စန့်ကွမ်းတောင်းအနေနှင့် တိုက်ရေးခိုက်ရေးကျွမ်းကျင်သောရဲမက်ငါးယောက်အားသတ်သွားသည်ဆိုခြင်းကိုမူ လီစန်းလုံအနေဖြင့် လုံးဝမယုံကြည်ပါ။

ယခုမူ အာဏာပိုင်များက သူမအပေါ် လူသတ်တရားခံအဖြစ်သတ်မှတ်၍ဖမ်းဆီးနိုင်ရန် ဆုငွေထုတ်ထားလိုက်ပြီဖြစ်သည်။

သူမအဖို့ အလွန်အန္တရာယ်များနေလေပြီ။ အမှန်တော့ သူနှင့်စန့်ကွမ်းတောင်းတို့မှာ တစ်ကြိမ်တည်းသာတွေ့ဖူးကြသည်။ သိကျွမ်းခြင်းမရှိ ရင်းနှီးခဲ့ဖူးခြင်းလည်းမရှိခဲ့ပေ။

သို့တိုင်အောင်....



သူသည် အဘယ်ကြောင့် သူမအတွက် စိုးရိမ်ပူပန်နေမိရပါသနည်း။

သူသည် စန့်ကွမ်းတောင်းနှင့်တစ်ကြိမ်မျှသာ တွေ့မြင်ခဲ့ဖူးသည်။ သို့သော် သူမ၏ပုံရိပ်သည် သူ့အာရုံမှမပျောက်သွားခြင်းမရှိခဲ့ချေ။ သူသည် စန့်ကွမ်းတောင်းအားအကူအညီပေးရန်ဆုံးဖြတ်လိုက်သည်။ စန့်ကွမ်းတောင်းထွက်ခွာသွားရာအရပ်သည် ချန်အန်းသို့ဦးတည်နေခြင်းဖြစ်သည်။

ထို့ကြောင့်... သူသည် ချန်အန်းမြို့တော်သို့အလျှင်အမြန်လိုက်လာခဲ့လေတော့၏။

oooo

လီစန်းလုံသည် လူအုပ်ကြားထဲသို့တိုးဝှေ့သွားရင် မျက်လုံးများ ကျီးကန်းတောင်းမှောက် စန့်ကွမ်းတောင်းအား လိုက်လံရှာဖွေနေလေသည်။ သို့သော် မျက်လုံးများသာ ညောင်းသွားသည်။

စန့်ကွမ်းတောင်း၏အရိပ်အယောင်ပင် မတွေ့ရပါ။

နောက်ဆုံး ခရီးပန်းလာသည်ကတစ်ကြောင်း ဗိုက်ဆာလာသည်ကတစ်ကြောင်း သူသည် မြင်းကိုဆွဲ၍ ချန်အန်းစားသောက်ဆိုင်ထဲသို့ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လီစန်းလုံသည် တံခါးပေါက်ဝအနီး လွတ်နေသောထိုင်ခုံတစ်လုံးပေါ် ကမန်းကတန်းထိုင်ချလိုက်သည်။

ပျားပန်းခတ်မျှ အလုပ်များနေကြသောဆိုင်လုလင်များကို စားသောက်ဖွယ်ရာ မှာကြားရန် ကြိုးစား၍လှမ်းခေါ်နေရ၏။

ဆိုင်လုလင်များက အလုပ်ရှုပ်နေသဖြင့် သူ့ထံသို့ရောက်မလာနိုင်ကြပါ။ သူ ဆယ့်သုံးကြိမ်မြောက် လက်ယပ်ခေါ်လိုက်တော့မှ ဆိုင်လုလင်တစ်ယောက် ခက်ခဲစွာ သူ့ရှေ့သို့ရောက်လာလေသည်။

လီစန်းလုံက....

"အရက်တစ်အိုး... အမဲသားကင်ငါးဝယ်သား"

သူ၏စကားမဆုံးမီ ဆိုင်လုလင် ပြေးလွှားထွက်ခွာသွားလေသည်။ လီစန်းလုံ သက်ပြင်းချလိုက်သည်။

"ဒီမြို့တော်များ ထမင်းစားဖို့တောင် မလွယ်ပါလား"

တစ်နာရီခန့်အကြာတွင် သူ့ရှေ့သို့ အရက်တစ်အိုးနှင့် အမဲသားကင်ငါးဆယ်သားရောက်ရှိလာသည်။

သူက ထပ်၍မှာကြားရန် ပါးစပ်ဟလိုက်စဉ်မှာပင် ဆိုင်လုလင်ပျောက်သွားလေသည်။ သူ ပခုံးတစ်ချက်တွန့်လိုက်သည်။

အရက်သောက်ရင်း၊ အမဲသားကင်စားရင်း စန့်ကွမ်းတောင်းအား မည်သို့လိုက်လံရှာဖွေရမည်ကိုစဉ်းစား၍နေလေသည်။



တစ်ခဏအကြာတွင် စားသောက်ပြီး၍ ကောင်တာသို့ ငွေသွားရှင်းပေးနေစဉ် လူငယ်တစ်ယောက်သည် သူ့အားကျော်ဖြတ်၍ ဆိုင်ဝသို့ရောက်သွားသည်ကို သတိမထားမိပါ။

အကယ်၍ သူလှည့်ကြည့်လိုက်မည်ဆိုလျှင်ယောကျ်ားလေးတစ်ယောက်ကဲ့သို့ဝတ်ဆင်ထားသောစန့်ကွမ်းတောင်းအား တွေ့မြင်ရမည်ဖြစ်လေသည်။ သူ လှည့်မကြည့်မိ၍ စန့်ကွမ်းတောင်းနှင့် လွဲရပြန်ပြီဖြစ်လေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၁၀ )

စန္ဒကွမ်းတောင်းသည် ဘုမသိဘမသိဖြင့် ဝရမ်းပြေးဘဝသို့ ကျရောက်ခဲ့ရလေသည်။ ယခု သူမ၏ဘဝသည် လမ်းမမြင် ကမ်းမမြင်အခြေအနေမျိုးသို့ရောက်ရှိနေပြီမဟုတ်ပါလား။

သူမသည် တစ်ယောက်တည်း သစ်ပင်တစ်ပင်အောက်တွင် ထိုင်၍ သောကရောက်နေ၏။

"ငါ အိမ်ကထွက်လာတာများပြီ"

သူမသည် ညည်းညူရင်း မိခင်၏မျက်နှာကိုမြင်ယောင်လာလေသည်။ မိခင်ကိုတွေးမိလိုက်သည်နှင့် မျက်ရည်များ ထိန်းမနိုင်သိမ်းမရနိုင် စီးဆင်းကျလာလေသည်။

"အခု ငါပြန်မှဖြစ်မယ်... နောက်ကြာသွားရင် ပိုပြီးဒုက္ခရောက်လိမ့်မယ်"

ယခုမှ သူမသည် မိသားစုနှင့်အတူ စုစုစည်းစည်းနေထိုင်ရခြင်း၏နွေးထွေးသာယာမှုကို ကောင်းစွာခံစားလာမိတော့၏။



"ငါပြန်မယ်... အမေ မကျေနပ်လို့ရိုက်ရင်လဲ အရိုက်ခံမယ်"

သူမသည် အိမ်ပြန်ရန်ဆုံးဖြတ်ပြီး ထိုင်ရာမှထရပ်လိုက်သည်။ ထိုအချိန်မှာပင် ခက်ထန်သောအသံတစ်သံ ကြားလိုက်ရလေတော့၏။

"ရပ်နေ.. လှုံးဝမလှုပ်နဲ့"

စန္ဒကွမ်းတောင်း လှည့်ကြည့်လိုက်သည်။ လူဆယ်ဦးခန့်တို့သည် သူမအားဝန်းရံထားသည်ကိုမြင်တွေ့လိုက်ရလေသည်။

ထိုလူများ၏ဝတ်ဆင်ပုံအရ အာဏာသားရဲမက်များဖြစ်ကြောင်းသိလိုက်ရလေသည်။ သူတို့လက်ထဲတွင် ဓားများ၊ သံပေတံများ၊ သံကြိုးများစသည့်လက်နက်များ ကိုင်ဆောင်ထားသည်ကိုတွေ့ရှိရလေသည်။

စန္ဒကွမ်းတောင်း သက်ပြင်းချလိုက်ရင်း....

"ရှင်တို့ ဘာလုပ်ကြမလို့လဲ"

ဟုမေးလိုက်၏။ ရဲမက်အဖွဲ့ခေါင်းဆောင်က....

"မင်းဟာ ရဲမက်ငါးယောက်ကိုသတ်သွားတဲ့လူသတ်တရားခံ မဟုတ်လား"

စန္ဒကွမ်းတောင်း ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး... ခင်ဗျားတို့လူမှားနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မမှားဘူး... မင်းဟာ စန့်ကွမ်းတောင်းမဟုတ်လား"

"မဟုတ်ဘူး ကျုပ်ကစန့်ကွမ်းမင်းကြူးပါ၊ စန့်ကွမ်းတောင်းမဟုတ်ဘူး"

"ဟုတ်တယ်မဟုတ်ဘူးဆိုတာ ရုံးကျမှပဲရှင်းပါ... အခုတော့ ကျုပ်တို့နောက်ကိုလိုက်ခဲ့ပါ"

စန့်ကွမ်းတောင်းက နှာခေါင်းရှုံ့ကာ...

"ကျုပ်မှာ ဘာအပြစ်မှမရှိတဲ့အတွက် မလိုက်နိုင်ဘူး"

ရဲမက်အဖွဲ့ခေါင်းဆောင်က ဓားကိုဆွဲထုတ်လိုက်သည်။

"ခြွမ်း...."

ကျန်အဖွဲ့သားများကလည်း လက်ထဲမှလက်နက်များဖြင့် ဝန်းရံလိုက်ကြသည်။

"ခင်ဗျား လက်နက်ချပြီးအသာတကြည်အဖမ်းခံပါ... ဒါမှမဟုတ်ရင် တို့က အသေရရ အရှင်ရရဖမ်းရမှာပဲ"

စန့်ကွမ်းမင်းကြူး ထောင်းခနဲဒေါသထွက်လာသည်။

"ကျုပ်ကိုအသေသာရမယ်... အရှင်တော့ မရနိုင်ဘူး"

ရဲမက်အဖွဲ့ခေါင်းဆောင်က အမိန့်ပေးလိုက်၏။

"ညီအစ်ကိုတို့... သူ့ကို အသေရရ အရှင်ရရဖမ်းကြ"



အာဏာသားရဲမက်များသည် စန့်ကွမ်းမင်းကြူးအား ဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့၏။

၀၀၀၀

"ခြွမ်း... ခြွမ်း... ခြွမ်း"

ဓား,ဓားချင်းထိ၍ထွက်ပေါ်လာသောအသံများ....

"အား...."

"ယီ...."

"ယား...."

အာဏာသားရဲမက်များ၏ အားနှင့်မာန်နှင့် အော်ဟစ်လိုက်သောအသံများသည် ဝန်းကျင်တစ်ခုလုံး ပွက်လောရိုက်ခတ်သွားလေသည်။ အာဏာသားရဲမက်ဆယ်ယောက်တို့သည် စန့်ကွမ်းမင်းကြူးအား အထပ်ထပ်ဝန်းရံ၍တိုက်ခိုက်နေကြ၏။

စန့်ကွမ်းမင်းကြူးသည် ဖခင်၏သိုင်းပညာကို ခြောက်ပုံခန့်ရရှိထားသဖြင့်သိုင်းပညာအဆင့်မနိမ့်ပါ။ သို့သော် သူမသည် တကယ့်လက်တွေ့တိုက်ခိုက်သောအခါ အတွေ့အကြုံနုနယ်သဖြင့် ထင်သလောက် စွမ်းရည်မပြနိုင်ချေ။

အာဏာသားရဲမက်များမှာမူ....

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာအဆင့်အနေဖြင့် စန္ဒကွမ်းမင်းကြူးအားမမီပါ။

သို့သော် သူတို့သည် လူများစုဖြစ်သည့်အပြင် အတွေ့အကြုံလည်း များစွာရင့်ကျက်ကြသည်။

ထို့ကြောင့် အတန်ကြာတိုက်ခိုက်ပြီးသောအခါ အသာစီးရခဲ့လေသည်။ စန္ဒကွမ်းမင်းကြူးမှာ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသော်လည်း အချိန်ကြာရှည်သွားလျှင် အခြေအနေဆိုးရွားလာနိုင်သည်ကို သိရှိထားသည်။

သူမအဖို့ အသက်ချမ်းသာရာရရန် တစ်ခုတည်းသော နည်းလမ်းသာရှိသည်။ ၎င်းနည်းလမ်းမှာ ရန်သူဝန်းရံထားသည့်ကြားမှ ထိုးဖောက်ထွက်ပြေးရန်ဖြစ်သည်။

ရဲမက်ခေါင်းဆောင်ဖြစ်သူသည် စန္ဒကွမ်းမင်းကြူး၏အကြံအစည်ကို အကဲခတ်မိသည်။

ထို့ကြောင့် သူ့လူများကိုအမိန့်ပေးလိုက်သည်။

"ကြိုးစားကြ... မလွတ်စေနဲ့"

အခြေအနေသည် တဖြည်းဖြည်းဆိုးရွားလာ၏။

"ဒုက္ခပါပဲ"

စန္ဒကွမ်းမင်းကြူးသည် အကြိမ်ကြိမ်တိုးဖောက်ရန် ကြိုးစားသော်လည်း မအောင်မြင်ဘဲဖြစ်နေသည်။



သူမ စိတ်ဓာတ်ပြန်ကျလာလေသည်။

ထိုအချိန်မှာပင် မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

တိုက်ခိုက်နေသော အာဏာသားရဲမက်များသည် လူတစ်ယောက် မြင်းတစ်ကောင်မောင်းနှင်လာနေသည်ကိုမြင်တွေ့လိုက်ရသဖြင့် အဖွဲ့ခေါင်းဆောင်ကအော်၍သတိပေးလိုက်သည်။

"ငါတို့ဟာ အာဏာသားရဲမက်တွေပါ... တာဝန်အရ လူဆိုးဖမ်းနေတာ၊ မဆိုင်သူ ခပ်ဝေးဝေးကရှောင်သွားကြပါ"

မြင်းနှင့်လူက အရှိန်ကိုလျှော့ချလိုက်သည်။ ရဲမက်များကို မြင်တွေ့လိုက်ရသဖြင့် မြင်းကိုလမ်းဘေးသို့ဆွဲ၍ဆင်းသွားရန် ဟန်ပြင်လိုက်သည်။

"ဟော့လူ...."

ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်သည်။

သူ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေသည်။ ရဲမက်များနှင့်တိုက်ခိုက်နေသူမှာ မိမိ လိုက်လံရှာဖွေနေသော စန္ဒကွမ်းတောင်းဖြစ်သည်ကို အံ့သြစွာတွေ့မြင်လိုက်ရသောကြောင့်ဖြစ်လေသည်။

"ဟင် စန္ဒကွမ်းတောင်း...."

www.burmeseclassic.com

www.burmeseclassic.com



သူက လွှတ်ခနဲနှုတ်ဆက်သည်။

စန္ဒကွမ်းမင်းကြူးကလည်း လီစန်းလုံအားမှတ်မိလိုက်၏။

သူမ ဝမ်းသာသွားလေသည်။

"ကျူပ်ကိုကူညီပါဦး"

သူမကအကူအညီတောင်းလိုက်လေသည်။

လီစန်းလုံက....

"စိတ်ချ... နင့်ကိုကူညီဖို့ ငါလိုက်ရှာနေတာ"

လီစန်းလုံ မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

"ခြွမ်း...."

ဓားကိုဆွဲထုတ်၍ဝှေ့ယမ်းလိုက်သည်။ လီစန်းလုံသည် စန္ဒကွမ်းမင်းကြူးအား ဝိုင်းရံတိုက်ခိုက်နေကြသော အာဏာသားရဲမက်များအား ရွပ်ရွပ်ချွံချွံတိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲသည် ပြင်းထန်လာ၏။ လီစန်းလုံ၏သိုင်းပညာမှာ စန္ဒကွမ်းမင်းကြူးနှင့်မတိမ်းမယိမ်းမျှသာအဆင့်ရှိသည်။

တကယ်တိုက်ခိုက်မည်ဆိုလျှင် သူက အများစုဖြစ်နေသော အာဏာသားရဲမက်များကိုနိုင်မည်မဟုတ်ပါ။

တိုက်ခိုက်မှုလည်း အတွေ့အကြုံမရင့်ကျက်သေးပါ။

ယခုမူ အဘယ်ကြောင့်မှန်းမသိ။ အငွေ့ရဲရင့်လာသည်။



အာဏာသားရဲမက်များအား ထူးထူးခြားခြားဝင်ရောက်တိုက်ခိုက်လိုက်သည်။ ပထမပိုင်းတွင် သူက လက်ရည်တူတိုက်ခိုက်နိုင်ခဲ့၏။ အချိန်ကြာသွားသောအခါ သူ၏တိုက်ခိုက်မှုမှာ အားပျော့လာလေသည်။

တစ်ယောက်နှင့်အများ တိုက်ခိုက်နေကြသောကြောင့် သူသည် တဖြည်းဖြည်းမဟန်နိုင်ဘဲရှိလာလေသည်။ သူ၏လက်မောင်းနှင့်ကိုယ်ခန္ဓာပေါ်မှာလည်း ဒဏ်ရာသုံးလေးခုရရှိလာလေသည်။

အခြေအနေမှာမဟန်တော့သည်ကို နားလည်လိုက်လေသည်။ မဖြစ်တော့ပါ။ ပြေးမှသာ အသက်ချမ်းသာရာရရှိတော့မည်။ စန္ဒကွမ်းတောင်းအား ပြေးဖို့သတိပေးရန် လှည့်၍အော်လိုက်သည်။

"မဟန်ဘူး... ပြေးကြမယ်"

သူကအော်ရင်း တစ်ပိုင်းတစ်စ ရပ်တန့်သွားသည်။

"ဟောဗျာ...."

စန္ဒကွမ်းတောင်းအား မတွေ့ရတော့ခြင်းကြောင့်ဖြစ်၏။

ထိုအချိန် ရဲမက်အဖွဲ့ခေါင်းဆောင်၏ ဒေါသတကြီးအော်လိုက်သောအသံကြားလိုက်ရသည်။

"ဒီလူကြောင့် တရားခံထွက်ပြေးသွားပြီ... သူ့ကိုသတ်လိုက်"

လီစန်းလုံ ထိတ်လန့်တုန်လှုပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြေးနိုင်မှလွတ်နိုင်မည်ဟု ထင်မိ၏။

သူသည် အနီးဆုံးရန်သူအား လက်ထဲမှဓားဖြင့် ပစ်ပေါက်လိုက်သည်။ ထိုရဲမက်က ကမန်းကတန်းရှောင်တိမ်းလိုက်သည်။

**လီစန်းလုံ ထွက်ပေါက်ရသွားသည်။**

သူသည် တစ်ဟုန်ထိုးပြေးလွှားသွားပြီး သူ၏မြင်းပေါ်သို့ ခုန်တက်လိုက်သည်။ ပြီးနောက်.... မြင်းကိုအရှိန်ပြင်းစွာဖြင့်မောင်းနှင်သွားလေသည်။

အာဏာသားရဲမက်များတို့သည် ပြေးလိုက်ရင်း တဖြည်းဖြည်းဝေး၍ကျန်ရစ်ခဲ့ကြလေတော့သည်။

၀၀၀၀

**လီစန်းလုံးသည် အရှိန်ပြင်းစွာဖြင့် မြင်းကိုဆက်လက်မောင်းနှင်သွားနေသည်။**

လီပေါင်းငါးဆယ်ခန့်ရောက်ရှိလာမှ မြင်းကိုအရှိန်လျှော့ချလိုက်သည်။ ထို့နောက် ချောင်းကူးတံတားတစ်ခု၏ထိပ်တွင် မြင်းကိုရပ်တန့်လိုက်သည်။

ထိုနေရာတွင် မြက်ခင်းများစိမ်းလန်းစိုပြည်နေ၏။

သူ မြက်ခင်းပေါ်သို့ကိုင်ချလိုက်သည်။



သူ၏မြင်းသည် ချောင်းရေကိုအဝသောက်ပြီး မြက်ခင်းပြင်ပေါ်၌ လွတ်လွတ်လပ်လပ် မြက်များကိုစားနေသည်။

လီစန်းလုံသည် ရရှိလာသောဒဏ်ရာများကို စစ်ဆေးကြည့်သည်။ ဒဏ်ရာကပြင်းထန်ခြင်းမရှိပါ။

သူက ချောင်းရေဖြင့် ဒဏ်ရာကိုဆေးကြောပြီး အသင့်ပါလာသောဒဏ်ကြေဆေးကိုလိမ်းလိုက်လေသည်။

ထို့နောက် မြက်ခင်းပြင်ပေါ်တွင်လှဲချလိုက်သည်။

ပြာလဲ့လဲ့ကောင်းကင်ပေါ်တွင် တိမ်တိုက်လေးတစ်ပွင့် နှစ်ပွင့်တို့သည် ဖြည်းညင်းစွာလွင့်မျောနေ၏။

သူ သက်ပြင်းရှည်ချလိုက်သည်။

"မိန်းမဆိုရင် ဘယ်မိန်းမမှမကောင်းဘူး"

သူသည် စန့်ကွမ်းမင်းကြူးအပေါ် မကျေမနပ်ဖြစ်နေလေသည်။

"သူ့အတွက် ငါ အသက်စွန့်ပြီးဝင်ကယ်ခဲ့တယ်... သူကျတော့ ငါ့ကိုမစောင့်ဘူး၊ ထွက်ပြေးသွားတယ်... ကံကောင်းပေလို့ပေါ့"

သူက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"မိန်းမဆိုရင် ဘယ်မိန်းမမှမကောင်းဘူး"

ဟု ထပ်မံညည်းညူလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ဒုက္ခရောက်မှာစိုးလို့ ငါ အပင်ပန်းခံပြီး သူ့ကိုလိုက်ရှာတာ၊ နောက်ဆုံးတော့ သူ့အတွက် ဒဏ်ရာသာရလိုက်တယ်"

သူသည် လွှင့်မျောနေသောတိမ်တိုက်ကိုကြည့်ကာ...

"သူ အခုဘယ်ရောက်နေပါလိမ့်"

သူ ဆတ်ခနဲထထိုင်လိုက်သည်။

"သူဘယ်ရောက်ရောက် ငါနဲ့ဘာဆိုင်လို့လဲ"

သူ ခါးထောက်လိုက်သည်။

"မေးချင်တယ်... လီစန်းလုံ၊ သူ့ကို မင်းဘာကြောင့်လိုက်ပြီး ပူပန်နေရတာလဲ"

သူက ရင်ဏကိုကော့လိုက်သည်။

"ငါဟာယောကျာ်း... အိမ်က ငါ့ကိုမိန်းမပေးစားလို့ ငါ ထွက်ပြေးခဲ့ရတာ၊ အခုတော့ ငါက ဘာကြောင့် မိန်းကလေးတစ်ယောက်အတွက်နဲ့အသေခံချင်ရတာလဲ၊ ကံကောင်းလို့အသက်မသေဘဲကျန်ရစ်ခဲ့လို့ပေါ့"

သူသည် အတန်ကြာတိတ်ဆိတ်နေလိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"လီစန်းလုံ... မင်း သူ့ကိုအပြစ်မတင်သင့်ဘူး"

"ဘာဖြစ်လို့လဲ"



သူ့ကိုယ်သူမေးနေ၏။

"ဘာဖြစ်လို့လဲ ဟုတ်လား၊ သူထွက်မပြေးရင် ခုဆို သူသေသွားမှာပေါ့"

သူသည် မိမိအဖြေကိုကျေနပ်သွားသည်။

"ဟုတ်တယ်... သူငါ့ကိုအထင်ကြီးတယ်၊ အားကိုးတယ်... ဒီရဲမက်လောက်တော့ နိုင်လိမ့်မယ်ထင်လို့ သူတွက်သွားတာပေါ့"

သူ၏လေသံပျော့သွားသည်။

"သူ့ကို ငါဒီအတိုင်းထားလို့မဖြစ်ဘူး... လိုက်ရှာပြီး အကာအကွယ်ပေးမှဖြစ်မယ်"

သူ ထရပ်လိုက်သည်။

"ငါသူ့ကိုလိုက်ရှာမယ်"

သူသည် မြက်စားနေသောမြင်းရှိရာသို့လျှောက်သွားပြီး မြင်းပေါ်သို့ခုန်တက်လိုက်လေသည်။

"လိုက်ရှာဘာတော့ဟုတ်ပါပြီ... ဘယ်သွားရှာမှာလဲ၊ သူ အခု ဘယ်ရောက်နေပါလိမ့်"

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၁၁ )

ဆည်းဆာရောင်ခြည်....

ကြွင်းကျန်နေသောဆည်းဆာရောင်ခြည်များသည် ပန်းပေါင်းစုံအိမ်ကလေးပေါ်သို့ထိုးကျနေရာ မြင်ကွင်းတစ်ခုလုံးမှာ အိပ်မက်ဆန်လှသောအလှအပများ ကြည်နူးဖွယ်ရာရှုမြင်နိုင်မည် ဖြစ်လေသည်။

မန်းလူသည် ရေလောင်းသောကရားတစ်ခုကိုကိုင်လျက် တန်းစီနေသောပန်းအိုးကလေးများတို့ကိုရေလောင်းပေးနေသည်။ ပြီးနောက် သစ်ခွပန်းများတို့ကိုလည်း ရေလောင်းပေးနေ၏။

မန်းလူသည် ပန်းချစ်သောလူသားတစ်ယောက်ဖြစ်လေသည်။ သူသည် ပန်းများချစ်ရုံမက သဘာဝအလှများကိုလည်း ချစ်သည်။ တေးသံများ သီဆိုနေသောငှက်ကလေးများကိုလည်း ချစ်သည်။ ထိုအချိန်မှာပင် သူသည် ခြေသံတစ်သံကြားလိုက်ရသည်။

ခြေသံကြားလိုက်ရသည်နှင့်....

BURMESE CLASSIC .com



သူ၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။

ရှေ့ဆုံးမှတက်လာသောလူကိုလှမ်းမေးလိုက်သည်။

"လုရှောက်တုံး... ဒီနေ့ မင်းတို့ ဘာလေများတိုက်လို့ ဒီကို လွင့်လာရတာလဲ"

"မင်းကို သတိရလို့ပေါ့ကွာ"

လုရှောက်တုံးကပြောရင်း ပက်လက်ကုလားထိုင်တစ်လုံးပေါ် သွားရောက်ထိုင်ချလိုက်သည်။

မန်းလူက နားတစ်ချက်စွင့်ရင်း....

"မင်းတစ်ယောက်တည်းတော့မဖြစ်နိုင်ဘူး... ဘယ်သူပါလာသေးသလဲ"

သူပြောနေစဉ် လူတစ်ယောက်တက်လာပြန်သည်။

မန်းလူက ခြေသံကိုနားစွင့်ကာ....

"ဟောဗျာ... ရသေ့ကြီးလဲပါလာသေးတာကိုး"

ဟုပြောလိုက်လေသည်။

ရသေ့ကြီးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဟုတ်ပ့ါ... နောက်တစ်ယောက်ပါလာသေးတယ်၊ ဘယ်သူလဲဆိုတာ သိလား"

သူကပြောပြီး လုရှောက်တုံးအနီးတွင်ထိုင်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတက်လာသူမှာ ခြေသံပင်မကြားရအောင် ပေါ့ပါးစွာတက်လာလေသည်။

သူကလည်း ဘုန်းတော်ကြီးအနီးတွင်ထိုင်ချလိုက်သည်။

မန်းလူကသက်ပြင်းချလိုက်သည်။

"ဒီလူ့ကိုတော့ ကျုပ်စိတ်မချဘူး"

"ဘာဖြစ်လို့လဲ"

"ဒီလူကခါးပိုက်နှိုက်ဗျ... တော်ကြာ ကျုပ်ပစ္စည်းကိုခိုးသွားမှာစိုးရတယ်"

အားလုံး ဝါးခနဲပွဲကျသွားလေသည်။

နောက်ဆုံးတက်လာသူကား စောရကြွယ်တံခွန်ဖြစ်၏။

စောရကြွယ်တံခွန်ကရယ်မောလိုက်ပြီး....

"ငါကခါးပိုက်နှိုက်ဆိုတာမှန်ပါတယ်... ဒါပေမဲ့ မိတ်ဆွေတွေပေါ်မှာတော့သစ္စာရှိပါတယ်"

မန်းလူက....

"ကျုပ်စိတ်ချပါတယ်ဗျာ... ကျုပ်ဆီမှာ တန်ဖိုးရှိတဲ့ပစ္စည်းတစ်ခုမှမရှိဘဲ"

မန်းလူသည် ရေလောင်းကရားကိုပြန်လည်ချထားလိုက်သည်။ ထို့နောက်....



လုရှောက်တုံးတို့လူစုနှင့် မျက်နှာချင်းဆိုင်ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။

"ကဲ... ဒီနေ့တော့ မိန်းမသေတဲ့လူရယ်... အယောင်ဆောင်တဲ့ရသေ့ကြီးရယ်... ခါးပိုက်နှိုက်တဲ့သူရယ်... စုဝေးပြီး ကျုပ်ဆီကိုရောက်လာကြပြီ၊ ဘာကိစ္စနဲ့ရောက်လာကြတာလဲ"

လုရှောက်တုံးက....

"ကိစ္စနည်းနည်းရှိလို့ပါဗျာ"

မန်းလူကပြုံးလိုက်သည်။

"ရောက်လာမှတော့ ကိစ္စကိုနောက်မှပြော... ဒီနေ့ ကျုပ်ကြက်သားဟင်းချက်ထားတယ်... မင်းတို့ကိုဧည့်ခံပါ့မယ်"

လုရှောက်တုံးတို့သုံးယောက် ဝမ်းသာသွားသည်။

"အတော်ပဲဗျို့.... ကျုပ်တို့လဲ ဘာမှစားမလာကြဘူး"

မန်းလူသည် ကြက်သားဟင်းနှင့်ထမင်းများကိုယူ၍ ချပေးလေသည်။

ရသေ့ကြီးက....

"ကျုပ်တို့ကိုကျွေးမွေးတာတော့ ကျေးဇူးတင်ပါတယ်... ဒါပေမဲ့ မှောင်မှောင်မည်းမည်းနဲ့မစားတတ်ဘူးဗျ"

မန်းလူကရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့... ကျုပ်ကမျက်မမြင်တစ်ယောက်ဆိုတော့ နေဝင်သွားတာတောင် သတိမထားလိုက်မိဘူးဗျာ"

မန်းလူက ပြောရင်းမီးထွန်းပေးလိုက်သည်။

အရက်တစ်ကရားနှင့်ပန်းကန်လုံးလေးလုံးပါ ယူဆောင်လာလေသည်။ ထို့နောက် သူတို့သည်ပျော်ရွှင်စွာ အရက်သောက်ရင်းအားရပါးရစားသောက်ကြလေသည်။

၀၀၀၀

အတန်ကြာ စားသောက်ပြီးသည့်အခါ မန်းလူက စကားစလိုက်လေသည်။

"ခင်ဗျားတို့သုံးယောက် ဘာကိစ္စနဲ့ရောက်လာကြတာလဲ"

ရသေ့ကြီးက....

"လာတဲ့ကိစ္စကို လုရှောက်တုံးကပြောပြပါလိမ့်မယ်၊ ခုတော့ ကျုပ်မေးစရာရှိတာကို အံရင်မေးပါရစေ"

မန်းလူကခေါင်းညိတ်လိုက်သည်။

"မေးပါရသေ့ကြီး"

"ကျုပ်တို့သုံးယောက် ရှေ့ဆင့်နောက်ဆင့်တက်လာတာကို မင်းက ဘာဖြစ်လို့ ခွဲခွဲခြားခြားပြောနိုင်တာလဲ"



"ကျုပ်ကမျက်မမြင်တစ်ယောက်လေ... သဘာဝစွမ်းအားရှင်က ကျုပ်ကို သာမန်လူတွေထက် နားအာရုံနဲ့အနံ့ခံအာရုံကိုပိုပြီးကောင်းအောင်ပေးထားလို့ပေါ့"

သူက ဆက်၍ရှင်းပြလိုက်သည်။

"မျက်မမြင်တစ်ယောက်ရဲ့အကြားအာရုံဟာ သာမန်လူတစ်ယောက်ထက် ပိုကြားနိုင်တယ်၊ နှာခေါင်းက လဲ သာမန်လူထက်ပိုပြီးအနံ့ခံကောင်းတယ်"

ရသေ့ကြီးခေါင်းညိတ်လိုက်သည်။

"ဒါ ဖြစ်နိုင်တယ်ဗျို့... စက္ခုအာရုံအလင်းမရတဲ့လူတစ်ယောက်ဟာ နားကိုအားကိုးပြီး နားထောင်ရတဲ့အတွက် သာမန်လူထက် ပိုကြားတယ်ဆိုတာလဲမှန်ပါတယ်"

"သိပ်မှန်တာပေါ့ဗျာ ဥပမာ စိတ်ငြိမ်တဲ့အခါမှာ ပန်းကလေးဖူးပွင့်တဲ့အသံကိုတောင်ကြားနိုင်တယ်ဗျ"

"နားအာရုံတော့ထားလိုက်ပါတော့... နှာခေါင်းအာရုံခံတာနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဗျာ... ဥပမာပြောရမယ်ဆိုရင် လူတစ်ယောက်ရဲ့ကိုယ်ခန္ဓာအနံ့အသက်ကတခြားဘယ်သူနဲ့မှမတူဘူး၊ ကျုပ် လူတစ်ယောက်ရဲ့အနံ့အသက်ကိုတစ်ကြိမ်ခံပြီးရင် နောက်တစ်ကြိမ်အနံ့ခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနဲ့ ဒီလူဟာ ဘယ်သူ့ဘယ်ဝါဖြစ်တယ်ဆိုတာ ချက်ချင်း တန်းသိနိုင်တာပေါ့ဗျာ”

စောရကြွယ်တံခွန်က....

“ထားပါတော့လေ... ကျုပ်တို့အပေါ် မှမရောက်သေးဘဲ... ခင်ဗျားက ဘာကြောင့် ကျုပ်တို့ကိုခွဲခြားပြောနိုင်ရတာလဲ”

မန်းလူကပြုံးလိုက်သည်။

“ဒါကတော့ ဒီလိုရှိပါတယ်... လမ်းလျှောက်တဲ့ခြေသံကိုနားထောင်ပြီး ခွဲခြားပြောနိုင်တာပါ”

သူက ဆက်၍ရှင်းပြလိုက်သည်။

“ကျုပ်ဆီကိုလာတတ်တဲ့လူဟာ အများဆုံး (၆)ယောက်လောက်ပဲရှိမယ်၊ လုရှောက်တုံးဟာ လမ်းလျှောက်တဲ့နေရာမှာ ခန္ဓာကိုယ်တည်ငြိမ်ပြီး ခြေလှမ်းကိုမှန်မှန်လျှောက်တတ်တယ်”

“ဒါကြောင့် သူ့ခြေသံကိုနားထောင်ပြီး လုရှောက်တုံးဖြစ်တယ်လို့ တန်းပြောနိုင်တယ်ဆိုပါတော့”

“ဟုတ်ပါတယ်”

“ကျုပ်ကိုကော ဘယ်လိုခွဲခြားပြီးသိနိုင်သလဲ”

ရသေ့ကြီးကမေးလိုက်သည်။

မန်းလူက....



“ရသေ့ကြီးက မကြာမကြာ တင်ပျဉ်ခွေအမြဲထိုင်တတ်တဲ့အတွက် လမ်းလျှောက်တဲ့အခါမှာ ခြေထောက်ကိုခြေမဘက်ထက် ခြေသန်းဘက်ကိုပိုပြီး အားပြုတတ်တယ်၊ဒါကြောင့် ဒီခြေသံကိုကြားတာနဲ့ ရသေ့ကြီးဖြစ်ရမယ်လို့ တန်းသိတာပါ”

ရသေ့ကြီးပါးစပ်ပိတ်သွားလေသည်။

စောရကြွယ်တံခွန်က....

“ကျုပ်ကိုကော... ဘယ်လိုလုပ်ပြီးခွဲခြားသိနိုင်သလဲ”

မန်းလူကပြုံးလိုက်သည်။

“ခင်ဗျားကခါးပိုက်နှိုက်ဆိုတော့ ခြေဖျားကိုအားပြုပြီး လျှောက်တတ်တဲ့အကျင့်ရှိတယ်မဟုတ်လား”

စောရကြွယ်တံခွန်ကရယ်မောလိုက်သည်။

“သြော်... ဒီလိုကိုး”

ထို့နောက် အားလုံးက သဘောကျဟန်ဖြင့် ရယ်မောလိုက်ကြလေသည်။

“ဟား... ဟား... ဟား... ဟား”

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မန်းလူသည် ထမင်းဝိုင်းကိုသိမ်းဆည်းလိုက်သည်။

"ကဲ... လုရှောက်တုံး... လာတဲ့ကိစ္စပြော"

လုရှောက်တုံးက....

"စန့်ကွမ်းတောင်းအကြောင်းကို မင်းသိတယ်မဟုတ်လား"

"သိတယ်... စန့်ကွမ်းတောင်းက သိုင်းလောကကလုံးဝ ပျောက်ကွယ်သွားခဲ့ပြီမဟုတ်လား၊ နေပါဦး... မင်းပြောတဲ့ စန့်ကွမ်းတောင်းဟာ မျက်နှာတစ်ထောင်မဟုတ်လား"

"ဟုတ်တယ်... သူပျောက်သွားတာ (၁၂)နှစ်လောက် ရှိပြီထင်တယ်"

"ဘာလဲ... အခု သူ့သတင်းကိုကြားနေရတယ်ဟုတ်လား"

"ဟုတ်တယ်... မန်းလူ... အခုတလော စန့်ကွမ်းတောင်း သောင်းကျန်းလာပြန်ပြီ"

"ဟုတ်လား... ဘယ်လိုသောင်းကျန်းလာတာလဲ"

"သူဟာ ငွေတိုက်သုံးတိုက်ကိုဖောက်ထွင်းပြီး ငွေငါးသိန်း လုယူသွားတယ်".

"သူ ငွေ ဒီလောက်များများဘာလုပ်မလို့လဲ"

"အဲဒါ စဉ်းစားစရာဖြစ်နေလို့ပေါ့မန်းလူရယ်"

"ဒီအတိုင်းဆိုရင် သူ တစ်စခန်းထဖို့ လူစုနေပြီနဲ့တူတယ်"



"ကျုပ်လဲ ဒီလိုပဲတွေးမိတယ်"

"ဒါပဲလား... သူ တခြားဘာလုပ်ခဲ့သေးလဲ"

လုရှောက်တုံးက....

"တည်းခိုခန်းတစ်ခန်းမှာ သူ ရဲမက်ငါးယောက်ကိုသတ်လိုက်တယ်"

မန်းလူ မျက်မှောင်ကုတ်သွားသည်။

"စန့်ကွမ်းတောင်းသတ်တယ်ဆိုတာ ဘယ်သူကမြင်သလဲ"

လုရှောက်တုံးက....

"အခင်းဖြစ်ပွားတဲ့အချိန်ဟာ မိုးလင်းလုခါနီးဖြစ်တဲ့အတွက်ကြောင့် အခန်းတစ်ခုလုံး မှောင်မည်းပြီး ဘယ်သူကမှ သူ့ကိုမတွေ့လိုက်ဘူး"

"ဒါဖြင့် စန့်ကွမ်းတောင်းသတ်တယ်ဆိုတာ ဘယ်သူကပြောတာလဲ"

"အဲဒီညမှာ ရဲမက်တွေကသတင်းကြားလို့ အဲဒီတည်းခိုခန်းကိုသွားပြီးဖမ်းဖို့လုပ်ရင်း အသတ်ခံလိုက်ရတာ"

မန်းလူ စဉ်းစားရခက်သွားသည်။

"စန့်ကွမ်းတောင်း တစ်စခန်းပြန်ထတယ်ဆိုတာ ဘယ်သူ မြင်တွေ့လိုက်ရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သတင်းစကားကြားရတာပဲ... ဘယ်လိုတွေ့တယ်ဆိုတာ မသိပါဘူး"

လုရှောက်တုံးက....

"စန့်ကွမ်းတောင်းတစ်ယောက်ကိုတော့တွေ့ခဲ့တယ်"

မန်းလူက....

"မင်းတွေ့ခဲ့တယ်ဟုတ်လား"

"ဟုတ်တယ်... ဒါပေမဲ့...."

သူက စကားဆက်လိုက်သည်။

"ဒါပေမဲ့ မျက်နှာတစ်ထောင်ဒေဝီစန့်ကွမ်းတောင်း မဖြစ်နိုင်ဘူးဆိုတာတော့ ကျုပ်ယုံကြည်တယ်"

မန်းလူ ပါးစပ်ပိတ်ထားလိုက်သည်။

အတန်ကြာမှ....

"မင်းတွေ့မြင်ခဲ့ရတဲ့စန့်ကွမ်းတောင်းဟာ စန့်ကွမ်းတောင်း အစစ်မဟုတ်ဘူးလို့ပြောနေတာ ဘာအကြောင်းများကွာဟနေလို့လဲ"

လုရှောက်တုံးက....

"ကွာဟချက်ကတော့အများကြီးပါပဲ... အဲ့ဒီထဲက အဓိက ကွာဟချက်နှစ်ချက်ကိုတော့ ကျုပ်တွေ့ခဲ့ရတယ်"

"ပြောပါဦး... ဘယ်လိုအချက်များလဲ"



"ပထမအချက်ကတော့ ကျုပ်တွေ့ခဲ့ရတဲ့စန့်ကွမ်းတောင်းဟာ အသက်အားဖြင့်(၁၇–၁၈)နှစ်လောက်ပဲရှိဦးမယ်၊ စန့်ကွမ်းတောင်းအစစ်ကတော့ အသက်(၄၀)ဝန်းကျင်လောက်ရှိနေပြီ"

ရသေ့ကြီးကကြားဖြတ်လိုက်သည်။

"စန့်ကွမ်းတောင်းရဲ့နာမည်တစ်ခုက မျက်နှာတစ်ထောင်ဒေဝီဆိုတာ မင်းမေ့နေပြီထင်တယ်"

စောရကြယ်တံခွန်ကလည်း ထောက်ခံလိုက်သည်။

"စန့်ကွမ်းတောင်းဟာ ရုပ်ဖျက်ပညာ အထူးကျွမ်းကျင်တယ်၊ သူက မိန်းကလေးတစ်ယောက်အသွင်ရုပ်ဖျက်မယ်ဆိုရင်လဲ မခက်ဘူး၊ ဒါကြောင့် ဒီအချက်ဟာ စန့်ကွမ်းတောင်းအစစ် မဟုတ်ဘူးလို့ ငြင်းပယ်လို့မရဘူး"

"ဒါဟုတ်တယ် ကျုပ်သိရသလောက်ဆိုရင် စန့်ကွမ်းတောင်းဟာ မိန်းမအရွယ်အမျိုးမျိုးသာမကဘူး၊ ယောကျ်ားလေးလိုလဲ ရုပ်ဖျက်နိုင်တယ်တဲ့ ဒါ့အပြင် လူငယ်တစ်ယောက်ကနေပြီး အဘိုးအိုတစ်ယောက်အထိလဲ ရုပ်ဖျက်နိုင်တယ်လို့သိရတယ်"

လုရှောက်တုံး သက်ပြင်းချလိုက်သည်။

"ထားပါတော့လေ... နောက်အဓိကအချက်တစ်ချက်ကို ပြောပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူကဆက်လက်ရှင်းပြလိုက်သည်။

"အလောင်းစစ်ဆေးတဲ့သူ လောက်ထိုက်ရယ်ဆီကို ကျုပ်ရောက်သွားခဲ့တယ်"

မန်းလူက....

"ဘယ်လိုဒဏ်ရာကြောင့် သေသွားတယ်ဆိုတာ သိချင်လို့မဟုတ်လား"

လုရှောက်တုံးခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူက ဘာပြောလိုက်သလဲ"

"အလောင်းရဲ့ရင်ညွှန့်မှာ အပေါက်ကလေးတစ်ပေါက် တွေ့ရတယ်၊ အဲဒါကို သူက သေမင်းလက်ညှိုးကြောင့် အသက်ဆုံးရှုံးသွားရတာလို့ ပြောလိုက်ပါတယ်"

မန်းလူ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"သေမင်းလက်ညှိုးဒဏ်ရာမှန်ရင်တော့ စန့်ကွမ်းတောင်းရဲ့ လက်ချက်ဆိုတာ ယုံမှားသံသယဖြစ်စရာမလိုတော့ဘူး"

ရသေ့ကြီးကလည်း ထောက်ခံလိုက်သည်။

"သိုင်းလောကမှာ သေမင်းလက်ညှိုးသိုင်းပညာတတ်ထားတာ စန့်ကွမ်းတောင်းကလွဲလို့ ဘယ်သူမှမရှိဘူး"



မန်းလူ၏မျက်နှာတစ်ခုလုံး ပို၍ လေးနက်တည်ကြည်သွားလေသည်။ သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

"လုရှောက်တုံး... အခုပြဿနာဟာ စန့်ကွမ်းတောင်းအတွက်နဲ့ အစစ်ကို အရေးတကြီးခွဲခြားဖို့မဟုတ်တော့ဘူး"

သူ သက်ပြင်းချပြီး စကားဆက်လိုက်သည်။

"မျက်နှာတစ်ထောင်ဒေဝီဟာ ပျောက်သွားတာ ဆယ်နှစ်ကျော်ပြီ... အခု တစ်စခန်းပြန်ထလာတာကို အလေးအနက်ထားရလိမ့်မယ်"

လုရှောက်တုံးက လက်ခံလိုက်သည်။

"ဟုတ်တယ်မန်းလူ"

"တစ်စခန်းထလာတဲ့ စန့်ကွမ်းတောင်းဟာ ဘာဆက်လုပ်ရှားလာမလဲ၊ သူ့ရဲ့ရည်ရွယ်ချက်ကဘာလဲဆိုတာ သိဖို့လိုနေပြီ"

မန်းလူ၏စကားကို အားလုံးက အလေးအနက်ထား၍ ယုံကြည်ကြလေသည်။ လုရှောက်တုံးက....

"ဟုတ်တယ်... ကျုပ်တို့အပေါင်းအသင်းထဲမှာ မင်းဟာ ဉာဏ်အကောင်းဆုံး၊ ဒါကြောင့် မင်းဆီကို တို့ရောက်လာတာပေါ့"

oooo



www.burmeseclassic.com

www.burmeseclassic.com



မန်းလှူကပြုံးလိုက်သည်။

"မင်းတို့ထက် ငါ့ဘဏ်ကောင်းတယ်ဆိုတာ ကျုပ်လက်မခံနိုင်ဘူး"

သူက လက်ညှိုးတစ်ချောင်းထောင်လိုက်ပြီး....

"ကျုပ်က မင်းတို့ထက် စဉ်းစားချိန်ပိုရလိုက်လို့ပါ"

စောရကြွယ်တံခွန်က....

"စန့်ကွမ်းတောင်း ဘာဆက်လုပ်မယ်ဆိုတာ ကျုပ်တို့အားလုံး သတိကြီးကြီးနဲ့စောင့်ကြည့်ဖို့လိုတယ်"

ရသေ့ကြီးက....

"ခုလောက်ဆိုရင် သိုင်းလောကမှာ အဓိကနေရာယူထားကြတဲ့ ရှောင်လင်နဲ့ဂူတန်းတို့လဲ အတော်လေးစောင့်ကြည့်နေကြလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်"

စောရကြွယ်တံခွန်ကခေါင်းညိတ်လိုက်ပြီး....

"ကောင်းပြီ... အခု ကျုပ်တို့ဘာဆက်လုပ်ကြမလဲ"

မန်းလှူက....

"သူငြိမ်နေမှာ မဟုတ်ဘူး... နောက်ထပ်လှုပ်ရှားလာဦးမှာပဲ၊ ဘာလှုပ်ရှားမယ်ဆိုတာသတိထားပြီးစောင့်ကြည့်မှသာ သူ့ရဲ့ရည်မှန်းချက်ကိုသိနိုင်မှာ"



နေဝင်ချိန်တွင် သူတို့သည် တောင်ခြေရင်းသို့ စုဝေးရောက်ရှိလာကြသည်။

ရဲမက်များသည် စားသောက်ဖွယ်ရာများကိုစားသောက်ပြီးနောက် ထိန်ထိန်လင်းနေသောလရောင်အောက်တွင် တောင်ပေါ်သို့စတင်တက်သွားကြလေသည်။

တောင်ခြေရင်းအောက်တွင် ရွာသားများက သတင်းကိုနားထောင်ရင်းစောင့်ဆိုင်းနေကြ၏။

သူတို့သည် တောင်တက်လမ်းအတိုင်း တရွေ့ရွေ့တက်နေကြသော ရဲမက်ခုနစ်ယောက်တို့ ပျောက်ကွယ်သွားသည်အထိ ကြည့်နေပြီးမှ မြေပေါ်ထိုင်ချ၍ အခြေအနေကိုစောင့်ကြည့်နေလိုက်ကြလေသည်။

ဝဝဝဝ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

အုန်းမောင်းခေါက်သံမကြားရသော်လည်း လဝန်းသည်ဒေ.ဘင်းကင်း၏အလယ်ဗဟိုသို့ရွေ့လျားရောက်ရှိနေသောကြောင့် သန်းခေါင်ယံရောက်သည်ထိ ဝန်းကျင်တစ်ခုလုံးမှာတိတ်ဆိတ်၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသားငါးဆယ်ခန့်တို့သည်လည်း ရဲမက်များ ပြန်ဆင်းအလာကိုစောင့်ရင်း ပျင်းရိလာသောကြောင့် တစ်ယောက်ပြီးတစ်ယောက် အိပ်ပျော်သွားကြကုန်လေသည်။

သူတို့သည် မည်မျှအချိန်ကြာအောင် အိပ်ပျော်သွားမှန်း မသိလိုက်ကြချေ။ ရုတ်တရက်....

“အား....”

စူးရှသောအော်သံတစ်သံ အသည်းပျက်ဖွယ် ထွက်ပေါ်လာခြင်းကြောင့် အိပ်ပျော်နေရာမှ အလန့်တကြားနိုးထလာကြလေသည်။

သူတို့သည် ပျာယီးပျာယာဖြင့် ဟိုကြည့် သည်ကြည့် ကြည့်လိုက်ကြရင်း....

“ဟေ့ကောင်... ကြားလိုက်ရသလား”

ရွာသားတစ်ယောက်က အိပ်ချင်မူးတူးဖြင့်မေးလိုက်၏။

“ကြားလို့လန့်နိုးလာကြတာပေါ့”

“ဘာအသံလဲ”

“မသိဘူး... အသံကတော့ကြောက်စရာကောင်းတယ်”

“ငါတို့တက်ကြည့်ကြရအောင်”

“ငါမလိုက်ဘူး”

“မင်းတော်တော် သရဲဘောကြောင်တဲ့သူပဲ”



သူက ကျန်လူများကိုအဖော်ညှိလိုက်သည်။

“သူရဲဘောကြောင်တဲ့လူနေခဲ့... သတ္တိရှိတဲ့လူလိုက်ခဲ့”

ရွာသားခုနစ်ယောက်တို့သည် လက်သီးလက်မောင်းတန်းကာ...

“ကျုပ်တို့လိုက်မယ်”

ဟုပြောလိုက်၏။ ဦးဆောင်သူ သဘောကျသွားသည်။

“ကဲ... သွားကြမယ်”

သူသည် သစ်ကိုင်းတစ်ကိုင်းကိုချိုးပြီး ရင်ကော့၍ တောင်တက်လမ်းအတိုင်းရှေ့ဆုံးမှတက်သွားသည်။ ရွာသားခုနစ်ယောက်တို့ကလည်း ရင်ကော့၍ ထိုလူ့နောက်သို့လိုက်သွားကြသည်။ သူတို့သည် တောင်တက်လမ်းအတိုင်းတက်သွားကြရာ ခြေလှမ်းနှစ်ဆယ်ပင် မတက်ရသေးမီ....

“အား....”

စူးရှသောအသံတစ်သံ ထပ်မံထွက်ပေါ်လာသည်ကို ကြားလိုက်ကြရပြန်သည်။

တောင်ပေါ်တက်လာကြသူများ ထိတ်လန့်တုန်လှုပ်ကာ နောက်ပြန်လှည့်၍ သူ့ထက်ငါ အလုအယက်ပြေးဆင်းကုန်ကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေရင်းမှရပ်ကြည့်နေသောရွာသားများသည် ပြေးဆင်းလာကြသောသူများကို အကျိုးအကြောင်းမေးမြန်းရန် ပါးစပ်ပြင်လိုက်ကြသည်။

သို့သော် ပြေးဆင်းလာကြသူများသည် သူတို့အား လှည့်ပင်မကြည့်နိုင်ဘဲ ခြေကုန်သုတ်ပြေးသွားကြလေသည်။

ရွာသားများတို့က အခြေအနေမဟန်မန်းသိရှိလိုက်ရသဖြင့် သူတို့သည်လည်း ထိုသူများနောက်မှလိုက်ပါ ပြေးလွှားသွားကြကုန်လေသည်။

၀၀၀၀

တောင်ပေါ်သို့တက်သွားကြသော ရဲမက်ခုနစ်ယောက်တို့ ပြန်မလာနိုင်ကြတော့ပါ။ သက်ဆိုင်ရာအာဏာပိုင်များသည် ရဲမက်များထပ်မံစေလွှတ်၍ သွားရောက်စုံစမ်းစေရာ ရဲမက်ခုနစ်ယောက်၏ အလောင်းကိုသာ တွေ့မြင်ကြရလေ၏။

တောင်ပေါ်တစ်ခုလုံးရှာဖွေကြည့်သော်လည်း လှူရိပ်တစ်စုံတစ်ရာမတွေ့ရှိရချေ။ သေဆုံးသွားသူများ၏ဒဏ်ရာကိုစစ်ဆေးကြည့်ရှုလိုက်သောအခါ ရင်ညွန့်တည့်တည့်တွင် အပေါက်လေးတစ်ပေါက်ကိုတွေ့မြင်ကြရလေသည်။



"ဒါဖြင့် ကျုပ်တို့အဖွဲ့ အရင်လို တစ်ကွဲတစ်ပြားစီ မနေကြဖို့လိုပြီ၊ ဖြစ်နိုင်ရင် မကြာမကြာတွေ့ဆုံကြမယ်"

"ဟုတ်တယ်... ဒါကြောင့် ကျုပ်တို့တတွေ တစ်နေရာမှာတွေ့ဆုံဖို့ နေရာသတ်မှတ်ကြရလိမ့်မယ်"

"နေရာရွေးစရာမလိုပါဘူး... ဒီမှာပဲသတ်မှတ်လိုက်ပေါ့"

မန်းလူ၏စကားကို အားလုံးကသဘောတူလိုက်ကြသည်။

"ဒါဖြင့် အကြောင်းကိစ္စတစ်ခုပေါ်လာရင် သိထားတဲ့လူက ဒီကိုလာပြီး အကြောင်းကြားရမယ်"

စောရကြယ်တံခွန် ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်"

မန်းလူက ကျန်လူများဘက် မျက်နှာမူကာ....

"ကဲ... ဘာပြောစရာကျန်သေးလဲ"

ဟုမေးလိုက်၏။ လုရှောက်တုံးက....

"အခုတော့ ဒီလောက်ပါပဲ"

မန်းလူ ပြုံးလိုက်သည်။

"ကဲ... မိုးလဲချုပ်လှပြီ၊ မင်းတို့အားလုံး ဒီမှာပဲတစ်ညတာ အနားယူကြပေါ့"

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၁၂ )

စီးအန်းမြို့၏မြောက်ဘက်လီပေါင်းတစ်ရာခန့်အကွာတွင် တောင်တစ်လုံးထီးတည်းကြီးတည်ရှိနေလေသည်။

ထိုတောင်တစ်လုံးမှာ သစ်ပင်ဝါးပင်လုံးဝမရှိဘဲ ကျောက်တောင်၊ ကျောက်တုံးများသာရှိပေ၏။ ထိုတောင်သည် ပေလေးရာခန့်မြင့်မားသည်။ တောင်ထိပ်ပေါ်တွင် အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံးရှိလေသည်။

ဒေသခံများသည် ထိုတောင်အား ကျောက်တစ်လုံးတောင်ဟု အမည်ပေးထားကြသည်။ ကျောက်တစ်လုံး တောင်ပေါ်သို့ မည်သူတစ်ဦးတစ်ယောက်မျှ မတက်ရောက်ခဲ့ဖူးပါ။

အကြောင်းမှာ ထိုတောင်ပေါ်တွင် တိရစ္ဆာန်မရှိ။

ထင်းခွေရန်လည်း တောအုပ်မရှိ။

ကျောက်တောင်ကြီးတစ်လုံးသက်သက်မျှသာ ဖြစ်နေခြင်းကြောင့်ပင်တည်း။



သို့သော် ယခုနှစ် နှမ်ဆန်းမှစ၍ ထိုကျောက်တစ်လုံးတောင်သည် အလွန်ထူးခြားလာသည်ကိုမြင်တွေ့ကြရလေသည်။

အကြောင်းမှာ နှစ်ဆန်းပိုင်းမှစပြီး တောင်ထိပ်ပေါ်၌ ညစဉ်ညတိုင်း မီးရောင်များ ထိန်ထိန်လင်းနေသည်ကိုမြင်တွေ့ကြရသောကြောင့်ဖြစ်လေသည်။

အလွန်ထူးဆန်းသောကြောင့် ကောလာဟလသတင်းများ အမျိုးမျိုးထွက်ပေါ်လာလေသည်။

"ဟော့... တောင်ပေါ်မှာ ညတိုင်းမီးလင်းနေပါလား"

"တောင်ပေါ်မှာ လူတွေရောက်နေလို့လား"

"မဖြစ်နိုင်ဘူး... တောင်ပေါ်မှာ စားစရာမရှိ သောက်စရာမရှိ ဘယ်လိုလုပ်နေလို့ရမှာလဲ"

"အင်း.... ဒါလဲဟုတ်တာပဲ"

"မဟုတ်မှလွဲရော သရဲတစ္ဆေများရောက်နေကြတာလား"

"တောင်စောင့်နတ်ရော မဖြစ်နိုင်ဘူးလား"

"ဒါတော့ ဘယ်သိနိုင်မှာလဲ"

"တောင်ပေါ်တက်ကြည့်ကြရင် မကောင်းဘူးလား"

"ငါတော့မတက်ရဲဘူး"

"မင်းမတက်ရဲပေမဲ့ သက်ဆိုင်ရာအာဏာသားတစ်ချို့က

www.burmeseclassic.com

www.burmeseclassic.com



တော့ တောင်ပေါ်တက်ဖို့ စီစဉ်နေပြီကွ”

“ကောင်းတာပေါ့… ဘယ်တော့တက်မှာလဲ”

“လပြည့်နေ့တက်မယ်လို့ ပြောနေကြတာပဲ”

“ဟုတ်ပြီ… တို့လဲလိုက်ကြည့်ကြမယ်”

“အောင်မာ… လိုက်မယ့်လူကအများကြီးကွ”

“ငါတော့ တောင်ပေါ်ထိမလိုက်ချဲဘူး”

“ရဲမက်တွေကလွဲလို့ဘယ်သူမှမတက်ပါဘူး၊ တောင်ခြေရင်းမှာပဲစောင့်နေကြမှာပေါ့”

“ကောင်းတယ်… ဒါမှစိတ်ချရတာ”

၀၀၀၀

လပြည့်နေ့…

အမျိုးမျိုးဝေဖန်နေသည့်ကြားမှ အသားတစ်စုသည် ကျောက်တစ်လုံးတောင်ပေါ်သို့တက်ရန် ကျောက်တစ်လုံးတောင် ရှိရာသို့ ဦးတည်သွားလေသည်။

သူတို့တွင် ဓားများ၊ သံကြိုးများ၊ လက်နက်ပုန်းများ အသင့်ပါရှိလာကြလေသည်။ သူတို့နောက်တွင် ဒေသခံရွာသားများငါးဆယ်ခန့်လိုက်ပါလာကြလေသည်။



ထို့ကြောင့် ကျောက်တစ်လုံးတောင်ပေါ်တွင် မကောင်းဆိုးဝါးများ မင်းမူကြီးစိုးနေသည်ဟု အားလုံးကမှတ်ချက်ချမိကြလေ၏။

နှစ်ပေါင်းသုံးနှစ်ခန့် ရှိနေပြီဖြစ်သည်။

ကျောက်တစ်လုံးတောင်ထိပ်ပေါ်တွင် မီးရောင်များ မကြာမကြာ တွေ့မြင်ကြရလေသည်။

သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ မတက်ရဲကြတော့ပါ။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၁၃ )

ကျောက်တစ်လုံးတောင်ပေါ်တွင် ရဲမက်များသေဆုံးသွားရသည့်သတင်းသည် ရက်အနည်းငယ်အတွင်း ပတ်ဝန်းကျင်ကျေးရွာနှင့်မြို့ပြင်သို့ လွင့်ပျံ့သွားလေ၏။

ထို့ကြောင့် ဒေသခံများနှင့်ခရီးသွားများသည် ကျောက်တစ်လုံးတောင်ပေါ် မဆိုထားဘိ ကျောက်တစ်လုံးတောင်၏ပတ်ဝန်းကျင် လီပေါင်း ဆယ်လီခန့်အနီးသို့ပင် မသွားဝံ့ကြတော့ချေ။

ခရီးသည်အားလုံးတို့သည် အန္တရာယ်ကင်းရှင်းရန် ခပ်ဝေးဝေးမှရှောင်ကွင်းသွားကြလေတော့၏။ ဤသို့ဖြင့် ကျောက်တစ်လုံးတောင်သည် မကောင်းဆိုးရွားများ ကြီးစိုးသောနေရာတစ်ခုအဖြစ် အားလုံးကယုံကြည်လက်ခံလိုက်ကြလေတော့သည်။

ဝဝဝဝ



လသာသောည….

လူရိပ်တစ်ရိပ်သည် ကျောက်တစ်လုံးတောင်ရှိရာသို့ တရိပ်ရိပ်သွားနေသည်ကို ဒေသခံရွာသူရွာသားအချို့က မြင်တွေ့လိုက်ကြရလေသည်။

ထိုလူရိပ်သည် လေဟုန်စီးလွင့်မျောသွားသည့်အလား (သို့မဟုတ်) မီးခိုးတန်းတစ်ခုပမာ ကျောက်တစ်လုံးတောင်ရှိရာသို့ လွင့်မျောသွားလေသည်။

ဒေသခံရွာသူရွာသားများသည်….

ထိုမြင်ကွင်းကိုတစ်ယောက်မဟုတ်တစ်ယောက် တွေ့မြင်ဖူးလေသည်။

ထိုလူရိပ်သည် မကောင်းဆိုးရွားလော….

အားလုံးက ဟုတ်မှန်ကြောင်းယုံကြည်ကြလေသည်။

အမှန်စင်စစ် ထိုလူရိပ်သည် မကောင်းဆိုးရွားမဟုတ်ပါ။

လူသားစင်စစ်သာဖြစ်လေသည်။

အကယ်၍ ရွာသားများကသာ အနီးကပ်ကြည့်ခွင့်ရမည်ဆိုလျှင် ထိုလူရိပ်မှာအမျိုးသမီးတစ်ယောက်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပေသည်။

ထိုအမျိုးသမီးသည် အသက်(၄၀)ဝန်းကျင်ခန့်ရှိပြီး….

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်ချောတုန်းလှတုန်းရှိသော အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။

သူမသည် ကိုယ်ဖော့ပညာမှာ ကျွမ်းကျင်တတ်မြောက်ထားသောကြောင့် သူမ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်ပြီး လေထဲ၌ လွင့်မျောနေသည်ဟုထင်ရသည်။

ထိုအမျိုးသမီးသည် မည်သူမည်ဝါဖြစ်သနည်း။

သူမသည် အဘယ်ကြောင့် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ဤကျောက်တုံးတောင်ရှိရာသို့သွားနေရပါသနည်း။

၀၀၀၀

အမျိုးသမီးသည် ကျောက်တစ်လုံးတောင်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ကျောက်တစ်လုံးတောင်၏တောင်ပေါ်၌ ယခင်ကဲ့သို့ လူသူမရှိသောတောင်တစ်လုံး မဟုတ်တော့ပါ။

လူသားများရောက်ရှိနေပြီဖြစ်လေသည်။

သို့သော် ထိုလူသားများသည် သာမန်လူသားများတော့ မဟုတ်ပါ။

သူတို့သည် သိုင်းလောကသားများ ဖြစ်ကြလေသည်။



ထိုတောင်ပေါ်၌ အဆိုပါသိုင်းသမားများ နှစ်ဆယ်ကျော်ခန့်ရှိနေပြီကိုတွေ့ရမည်ဖြစ်သည်။

ထိုတောင်ပေါ်၌ နေထိုင်ကြသောလူများလည်း ဖြစ်လေသည်။

နေရာတစ်ခုတွင် လူသားများလာရောက်အခြေချနေထိုင်သောအခါ နေထိုင်ရာအဆောက်အအုံများ တည်ဆောက်ထားသည်ကိုတွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ဤတောင်ပေါ်တွင် ယခင်ကကဲ့သို့ ခြောက်သွေ့ခြင်းမရှိတော့ဘဲ တစ်စထက်တစ်စ စည်ကားလာသည်ကိုတွေ့မြင်ရမည်ဖြစ်ပေသည်။

ထိုလူများသည် မည်သူမည်ဝါဖြစ်ပါသနည်း။

သူတို့၏ဝတ်စားဆင်ယင်ပုံကိုမြင်တွေ့လိုက်သည်နှင့် ဂိုဏ်းအဖွဲ့တစ်ခုခုမှလူများဖြစ်ကြောင်း သိသာနိုင်သည်။

ယခု သူတို့သည် တောင်တက်လမ်းအနီးတွင် တန်းစီ၍ရပ်နေကြသည်။

သူတို့သည် မည်သူ့ကိုစောင့်မျှော်နေပါသနည်း။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်တက်နေသောအမျိုးသမီးသည် ယခုအခါမှာ ခြေလှမ်းအရှိန်လျှော့ချလိုက်သည်။

တောင်ထိပ်ပေါ်သို့ရောက်ရန် လှေကားထစ်(၁၀)ထစ်ကို တစ်လှမ်းချင်း လေးလေးနက်နက်လှမ်းတက်နေ၏။

လှေကားထစ်ဆုံးသွားသည်နှင့်တန်းစီ၍ စောင့်ကြိုနေကြသောလူ(၂၀)တို့သည် (၁၀)ယောက်စီခွဲ၍ ဝဲယာတစ်ဖက်တစ်ချက်တွင် တန်းစီ၍ကြိုဆိုနေကြသည်။

"ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုပါတယ်"

အမျိုးသမီးကပြုံး၍ ခေါင်းညိတ်ပြပြီး သူတို့ကြားထဲမှခြေတစ်လှမ်းချင်းလျှောက်သွားလေသည်။

ထိုလူများသည် တန်းစီ၍ သူမနောက်သို့လိုက်သွားကြလေသည်။

၀၀၀၀

ခြေလှမ်းပေါင်း (၁၀၀)ခန့်လှမ်းမိသည်နှင့် သစ်လွင်သောအဆောက်အအုံတစ်ခုကိုတွေ့မြင်ရမည် ဖြစ်လေသည်။

တံခါး၏ခေါင်ပေါ်တွင် ဆိုင်းဘုတ်တစ်ချပ်ချိတ်ထားလေသည်။



ဆိုင်းဘုတ်ပေါ်တွင် ရေးသားထားသည်မှာ....

"ကျောက်တုံးတစ်လုံးတောင်ဂိုဏ်း"

ခန်းမထဲသို့လှမ်းဝင်လိုက်ပြီးနောက် ကျားသားရေခင်းထားသောကုလားထိုင်ပေါ်သို့ အမျိုးသမီးကထိုင်ချလိုက်သည်။

ထိုလူ (၂၀)တို့မှာ တန်းစီ၍ရပ်နေကြ၏။

အမျိုးသမီးက တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

"မင်းတို့ကိုပြောရဦးမယ်... ငါတို့ရဲ့လုပ်ငန်းအတော်လေးအောင်မြင်လာမယ်ဆိုတာ ငါအာမခံတယ်"

တန်းစီသောလူများ ဝမ်းမြောက်ဝမ်းသာစွာဖြင့်....

"ကျွန်တော်တို့ယုံကြည်ပါတယ်ဂိုဏ်းချုပ်ကြီး"

"ခုဆိုရင် ငါတို့ငွေကြေးအတော်လေးတောင့်တင်းနေပြီ၊ နောက်တစ်လဆို လူအင်အားတစ်ရာကျော်တိုးလာပါလိမ့်မယ်၊ မင်းတို့ကသာ ငါစီမံတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာမယ်ဆိုရင် တစ်နှစ်အတွင်း သိုင်းလောကမှာအင်မတန်အင်အားတောင့်တင်းတဲ့ ကျောက်တစ်လုံးတောင်ဂိုဏ်းဆိုတာ ဂုဏ်ရှိရှိနဲ့ထွက်ပေါ်လာပါလိမ့်မယ်"

တန်းစီနေသူများသည် ထခုန်မိမတတ်ဝမ်းမြောက်ဝမ်းသာဖြစ်သွားကုန်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက....

"ဒီတစ်ခေါက် ကျုပ်အတော်ပင်ပန်းခဲ့တယ်... ငါ့ရဲ့နာမည်လဲ သတင်းတော်တော်ထွက်လာလိမ့်မယ်လို့ ထင်တယ်၊ ဒါကြောင့် ငါ ငါးရက်လောက်အနားယူမယ်၊ ပြီးတော့ ငါ အလုပ်ဆက်လုပ်မယ်"

သူမက အားလုံးကိုလက်ညှိုးငေါ့ထိုးလိုက်ပြီး....

"မင်းတို့သတိထားရမှာက ငါတို့နယ်နိမိတ်ထဲ ဘယ်သူ့ကိုမှ အဝင်မခံဖို့ဘဲ၊ တားမရရင်သတ်ပစ်"

ငယ်သားအားလုံးက ဦးညွှတ်ကြသည်။

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

အမျိုးသမီးက....

"နောက်ခြောက်လလောက်ကြာတဲ့အခါမှာ မျက်နှာတစ်ထောင်စန့်ကွမ်းတောင်းရဲ့နာမည်ဟာ ရှိရှိသမျှဂိုဏ်းထက် ကျော်ကြားလာစေရမယ်"

၀၀၀၀



( ၁၄ )

ဟန့်ခိုမြို့သည် ကုန်းလမ်းရော ရေလမ်းပါသွားလာရ လွယ်ကူသောနေရာဖြစ်သည်။ ထို့ကြောင့် ဟန်ခိုမြို့သည် စီးပွားရေးတိုးတက်သောမြို့တော်ကြီးဖြစ်သည်။

ကုန်သည်ပွဲစားများသည် ဤမြို့တော်တွင် ခြေချင်းလိမ်နေကြသည်။ ရောင်းသူဝယ်သူလည်း များလာကြသည်။

နေ့စဉ်နေ့တိုင်း မြို့တော်မှထွက်ခွာသွားသူက ထွက်ခွာသွားသည်။ ဝင်လာသူက ဝင်လာကြသည်။

အထူးသဖြင့် ရွက်လှေများတို့သည် နေ့ညမရွေး ဝင်ထွက်နေကြ၏။ ကမ်းစပ်တစ်လျှောက်လုံးတွင် ညလုံးပေါက်မီးများ လင်းထိန်နေ၏။

ထို့ကြောင့်.... အချို့က ဟန့်ခိုမြို့တော်အား ညမရှိသောမြို့တော်ဟုတင်စားခေါ်ဝေါ်ကြလေသည်။

အရုဏ်ဦးရောင်ခြည်သည် ရေပြင်ပေါ်သို့ထိုးကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်းကြက်ခွပ်လေးများကြောင့် မြစ်ရေပြင်တစ်ခုလုံးမှာ တဖျပ်ဖျပ်တောက်ပနေ၏။ ထိုအချိန်တွင် ပစ္စည်းတင်ရွက်လှေတစ်စင်းသည် ကမ်းခြေသို့ တဖြည်းဖြည်းဆိုက်ကပ်လာလေသည်။

ရွက်လှေပေါ်မှ ခရီးသည်များသည် ဆိပ်ကမ်းသို့ အသီးသီး တက်လာကြသည်။ ခရီးသည်များ အတော်ရှင်းသွားမှ လီစန်းလုံသည် သူ၏မြင်းကိုဆွဲ၍ ကမ်းပေါ်တက်လာလေသည်။

ထို့နောက် မြင်းပေါ်သို့ခုန်တက်လိုက်ပြီး မြို့ထဲသို့ဖြည်းဖြည်းလေးလေးဖြင့် မောင်းနှင်ဝင်ရောက်သွားလေသည်။ ထိုလမ်းသည် အလွန်ကျယ်ဝန်းလှပေသည်။ လူသွားလူလာပြည့်နှက်နေ၏။

လီစန်းလုံသည် မြင်းကိုသတိကြီးစွာမောင်းနှင်ပြီး လမ်း၏ တစ်ဖက်တစ်ချက်ဆိုင်များကိုကြည့်ရှုနေ၏။

ထို့နောက် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် မြင်းကိုရပ်တန့်လိုက်လေသည်။ မိုးလင်းကာစရှိသေးသော်လည်း ဆိုင်ထဲတွင် လူများအတော်ပြည့်ကျပ်နေပြီဖြစ်သည်။

ဆိုင်လုလင်က မြင်းကို အစာရေစာကျွေးရန် ဆွဲခေါ်သွားသည်။ အခြားဆိုင်လုလင်က သူ့အား လွတ်နေသောထိုင်ခုံ တစ်နေရာသို့လိုက်ပို့သည်။ ထိုနေရာသည် ချောင်ကျသောနေရာဖြစ်၏။

လီစန်းလုံက ဆိုင်လုလင်အား....



"ခေါက်ဆွဲကြော်တစ်ပွဲနဲ့အရက်တစ်ကရား"

ပေးရန် မှာကြားလိုက်လေသည်။

ထို့နောက် သူသည် ရေနွေးကြမ်းတစ်ခွက်ငှဲ့၍သောက်နေလေသည်။ ယင်းသို့ ရေနွေးကြမ်းသောက်ရင်း သူ၏မျက်လုံးအစုံသည် အမှတ်အထင် ရှေ့တွင်ထိုင်နေသောလူထံသို့ရောက်ရှိသွားလေသည်။ သူ၏မျက်လုံးအစုံ ရုတ်တရက် ဝိုင်းစက်ပြူးကျယ်သွားလေတော့သည်။

အံ့ဩလွန်း၍ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။

အကြောင်းမှာ တိုက်တိုက်ဆိုင်ဆိုင် ဗိုလ်လူမှာ သူလိုက်လံရှာဖွေနေသောစန့်ကွမ်းတောင်းဖြစ်နေသောကြောင့်ပင်တည်း။

"ဟင်...."

အံ့ဩလွန်း၍ သူ့ထံမှအသံထွက်သွားသည်။

အစားအစာ စားသောက်နေသောလူငယ်က မော်ကြည့်လိုက်သည်။ သူ့မျက်လုံးအစုံတွင် သံသယဖြစ်သောအရိပ်အယောင်များဖြစ်ပေါ်လာသည်။

ထို့နောက် သူသည် ခေါင်းငုံ့၍ အစားအစာကိုဟန်မပျက် စားသောက်နေလိုက်သည်။

လီစန်းလုံ မနေနိုင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုမမှတ်တော့ဘူးလား... ကျုပ် လီစန်းလုံလေ... သေသေချာချာ ကြည့်ပါဦး"

လီစန်းလုံက ပတ်တီးစည်းထားသောလက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ခင်ဗျားကို ရဲမက်တွေဝိုင်းပြီးတိုက်ခိုက်တုန်းက ဝင်ကယ်ခဲ့တာလေ၊ အဲဒီတုန်းက ရရှိခဲ့တဲ့ဒဏ်ရာတောင် မပျောက်သေးပါဘူး၊ ခင်ဗျားမေ့နေပြီလား"

စန့်ကွမ်းတောင်းက သူ့အားစေ့စေ့ကြည့်နေ၏။ စကားတစ်ခွန်းမျှ တုံ့ပြန်ပြောဆိုခြင်းမရှိပါ။

လီစန်းလုံသက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်ကခင်ဗျားကိုဝင်ကူခဲ့တယ်... ခင်ဗျားက ထွက်ပြေးသွားတော့ ကျုပ်လဲ မနည်းရုန်းကန်ပြီးထွက်ပြေးခဲ့ရတယ်"

စန့်ကွမ်းတောင်း၏မျက်လုံးများရီဝေသွားသည်။

တစ်စုံတစ်ရာကို ဇဝေဇဝါစဉ်းစားနေပုံမျိုးဖြစ်သည်။

၀၀၀၀



လီစန်းလုံ သက်ပြင်းတစ်ချက်ချသည်။

"ကျုပ်က ကျေးဇူးတင်ခံချင်လို့မဟုတ်ပါဘူးဗျာ... ကျုပ်ရဲ့စေတနာကို အသိအမှတ်ပြုရင် ကျေနပ်ပါပြီ"

စန့်ကွမ်းတောင်းထံမှခစ်ခနဲ ရယ်သံထွက်ပေါ်လာသည်။

"ကျွန်မ ရုတ်တရက် မမှတ်မိလို့သည်းခံပါရှင်... ကျေးဇူး မမေ့ပါဘူး"

ယခုမှ လီစန်းလုံ ဝမ်းသာအားတက်ဖြစ်လာလေသည်။

"ဒီစကားကြားရတာ ကျုပ်ရထားတဲ့ဒဏ်ရာတွေတောင် ဘာမှမဖြစ်တော့ပါဘူး"

သူသည် ဘေးဘီတစ်ချက်လှည့်ကြည့်လိုက်ပြီး....

"ခင်ဗျားကိုဖမ်းဖို့ ဆုငွေတစ်ထောင်ထုတ်ထားတယ်... ခင်ဗျား မသိသေးဘူးထင်တယ်"

"သိပါတယ်ရှင်"

"ဒါဖြင့်ဘာဖြစ်လို့ ဒီလောက်တောင် အတင့်ရဲနေရတာလဲ"

"ကျွန်မ အခု ယောကျ်ားလိုဝတ်ထားတယ်လေ... ဘယ်သူကမှတ်မိမှာလဲ"

"ဘာပဲဖြစ်ဖြစ် သတိရှိဖို့အရေးကြီးပါတယ်"

"သတိပေးတာကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျား အခုဘယ်ကိုသွားမှာလဲ”

“ချန်အန်းနေပြည်တော်”

လီစန်းလုံမျက်မှောင်ကုတ်သွားလေသည်။

“ဘာသွားလုပ်မလို့လဲ”

“အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ပါ”

“တစ်ယောက်တည်းပဲလား”

“ဟုတ်ကဲ့… တစ်ယောက်တည်းပါ”

“ကျုပ်ကို သိက္ခမ်းတဲ့မိတ်ဆွေတစ်ယောက်လိုသဘောထားမယ်ဆိုရင် ကျုပ်လိုက်ပါရစေ”

“အဖော်ရလို့ ခေါ်ချင်ပါဟယ်… ဒါပေမဲ့….”

“ဒါပေမဲ့ ဘာဖြစ်သလဲ”

လီစန်းလုံသည် စန့်ကွမ်းတောင်းနှင့်အဖော်ပြုနိုင်ရန် ရရှိသောအခွင့်အရေးကိုလက်လွတ်မခံလိုပါ။

စန့်ကွမ်းတောင်းက သူ့အားစေ့စေ့ကြည့်ပြီး….

“အန္တရာယ်များနိုင်လို့ပါ”

လီစန်းလုံရယ်မောလိုက်သည်။

“သိုင်းသမားတစ်ယောက်အတွက် အန္တရာယ်ဆိုတာ ထမင်းစား ရေသောက်သလိုဖြစ်နေပါပြီ… မဆန်းတော့ပါဘူး”



“ဒါဖြင့် ကျွန်မ ဝမ်းပန်းတသာကြိုဆိုပါတယ်ရှင်”

စန့်ကွမ်းတောင်းက လက်ခံလိုက်သောကြောင့် လီစန်းလုံက အလွန့်အလွန်ဝမ်းသာသွားလေသည်။

သူတို့နှစ်ယောက်သည် စားသောက်ခရှင်းပေးပြီးနောက် စားသောက်လေးဆိုင်မှထွက်ခွာလာခဲ့လေသည်။

သူတို့သည် မြင်းကိုယ်စီဖြင့် မြို့ပြင်သို့မောင်းနှင်ထွက်ခွာခဲ့ကြလေသည်။ အကယ်၍သာ သူတို့ နောက်သို့လှည့်ကြည့်မိမည်ဆိုလျှင် သူတို့နောက် ဝါးတစ်ရိုက်ခန့်အကွာတွင် မြင်းတစ်ကောင်က ထက်ကြပ်မကွာ လိုက်နေသည်ကိုမြင်တွေ့ရမည်ဖြစ်လေသည်။

မြင်းပေါ်မှလိုက်လာသူကိုမြင်တွေ့လိုက်ရပါက သူတို့အံ့သြသွားမည်သာဖြစ်သည်။

အကြောင်းမှာ သူတို့နောက် လိုက်လာသောလူမှာ စန့်ကွမ်းတောင်းအမည်ခံ စန့်ကွမ်းမင်းကြူးဖြစ်နေသောကြောင့်ပင် ဖြစ်လေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၁၅ )

ချန်အန်းမြို့....

မွန်းတည့်ချိန်....

နေလုံးသည် နွေးထွေးစွာ လမ်းပေါ်သို့ကျရောက်နေသည်။ မြင်းနှစ်ကောင်နှင့်လူနှစ်ယောက်သည် ချန်အန်းမြို့ထဲသို့ဝင်ရောက်လာလေသည်။ လီစန်းလုံနှင့်စန့်ကွမ်းတောင်းတို့ပင်ဖြစ်ပေသည်။

သူတို့သည် ထန်အန်းတည်းခိုခန်းရှေ့တွင် ရပ်တန့်လိုက်ကြသည်။ စန့်ကွမ်းတောင်းက လီစန်းလုံဘက်လှည့်ကြည့်ကာ....

"ဒီမှာတည်းခိုမလို့လား"

ဟုမေးလိုက်သည်။ လီစန်းလုံကခေါင်းညိတ်လိုက်၏။

"ချန်အန်းမြို့မှာဆိုရင် ဒီတည်းခိုခန်းကအကောင်းဆုံးပါ"

စန့်ကွမ်းတောင်းက သူ့အားကြည့်လိုက်သည်။

"ရှင် ချန်အန်းကိုရောက်ဖူးလို့လား"

"ကျူပ်ငယ်ငယ်တုန်းက ဒီမှာနေသွားတာဗျ"



"ဒီလိုကိုး"

သူတို့နှစ်ယောက်မြင်းပေါ်မှဆင်းလာကြသည်။ ဆိုင်လုလင်တစ်ယောက်က မြင်းများကိုဆွဲခေါ်သွားလေသည်။

အခြားဆိုင်လုလင်က သူတို့အား တည်းခိုခန်းထဲသို့ခေါ်ဆောင်သွားလေသည်။ စန့်ကွမ်းတောင်းသည် သူတို့အနီးတွင်ရပ်နေကြသောလူနှစ်ယောက်ကို မသိမသာခေါင်းညိတ်ပြလိုက်သည်။

ထိုလူနှစ်ယောက်သည် အလွန်ထွားကျိုင်းသူ နှစ်ယောက်ဖြစ်သည်။ သူတို့ကလည်း စန့်ကွမ်းတောင်းအား မသိမသာ ဦးညွတ်ပြလိုက်သည်။ လီစန်းလုံ လုံးဝမသိလိုက်ပါ။

သို့သော် လမ်းတစ်ဖက်တွင်ရပ်နေသောစန့်ကွမ်းမင်းကြူးကသတိပြုမိလိုက်လေသည်။ သူမသည် မျက်နှာချင်းဆိုင်တည်းခိုခန်းသို့ဝင်ရောက်တည်းခိုလိုက်သည်။ ထို့နောက် အပေါ်ထပ်တည်းခိုခန်းပြတင်းပေါက်မှနေ၍ လီစန်းလုံအားအကဲခတ်ကြည့်ရှုနေ၏။

"လီစန်းလုံနဲ့အတူပါလာတဲ့လူကဘယ်သူလဲ... ဒီလူဟာမိန်းကလေးတစ်ယောက်ပါပဲ၊ ငါ့လိုပဲ ယောကျာ်းတစ်ယောက်လိုဝတ်ဆင်ထားတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ငါနဲ့ရုပ်ချင်းလာတူနေတယ်၊ လီစန်းလုံကသူနဲ့သိကျွမ်းနေလို့လား... သူတို့ချန်အန်းမြို့တော်ကို ဘာကိစ္စနဲ့လာတာလဲ၊ ဒီမိန်းကလေးကကော ဘာကြောင့်ဟိုနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကိုအပြန်အလှန် အချက်ပြနေတာလဲ”

သူမသည် မေးခွန်းများ တစ်ခုပြီးတစ်ခု ထုတ်မိလေသည်။ အတွေးများလည်း ပို၍ပို၍ရှုပ်ထွေးလာသည်။

သူမ ခေါင်းခါယမ်းလိုက်သည်။

“မဟန်ဘူး… သူတို့မှာ တစ်ခုခုအကြံအစည်ရှိလိမ့်မယ်ထင်တယ်၊ လီစန်းလုံဟာ ငါ့အသက်ကိုကယ်တင်ခဲ့ဖူးတဲ့ကယ်တင်ရှင်ဖြစ်တယ်၊ သူက လူကောင်းလား လူဆိုးလား၊ သူ့ကိုကြည့်ရတာ လူဆိုးမဖြစ်နိုင်ဘူး… ဒီလိုဆိုရင် ဟိုမိန်းကလေးရဲ့ ဆွဲဆောင်မှုကြောင့် သူတို့နှစ်ယောက်ပူးပေါင်းကြံစည်မလို့နဲ့တူတယ်”

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

“အို… ဒါတွေ ငါနဲ့ဘာမှမဆိုင်ပါဘူးလေ”

သူမသည် လီစန်းလုံက မိမိအပေါ်ကယ်တင်ခဲ့သောမြင်ကွင်းကိုပြန်လည်မြင်ယောင်လာသည်။

“မဖြစ်ဘူး… သူငါ့အပေါ်ကျေးဇူးရှိတယ်၊ သူ့ကို ငါအကဲခတ်ကြည့်ရမယ်”

သူမ ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်လေသည်။

၀၀၀၀



( ၁၆ )

ညနေ….

ချန်အန်းမြို့ဆင်ခြေဖုံးတွင်ရှိသော အရက်ဆိုင်လေးသည် ကျယ်ဝန်းခြင်းမရှိပါ။ သို့သော် သောက်သုံးသူများဖြင့်စည်ကားလှပေသည်။

အရက်ဆိုင်နှင့်ဝါးတစ်ရိုက်ခန့်အကွာတွင် ညောင်ပင်အိုကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်အောက်တွင် လူသုံးယောက် ဝိုင်းဖွဲ့ထိုင်နေကြလေသည်။

လုရှောက်တုံး၊ ရသေ့ကြီးနှင့်စောရကြွယ်တံခွန်တို့ဖြစ်ကြပေသည်။ သူတို့သုံးယောက်သည် အဘယ်ကြောင့် ဤမျှဝေးလံသော ချန်အန်းမြို့သို့လာရောက်၍ အရက်သောက်နေကြရပါသနည်း။

သူတို့ သောက်နေကြ အရက်ဆိုင်တွင် အရက်ကုန်သွား၍လော။ သို့မဟုတ် ဤနေရာရှိသောအရက်များသည် ပို၍ အရသာရှိနေ၍လော။

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

သူတို့သောက်နေကျအရက်ဆိုင်က ဆိုင်ပိတ်သွား၍လော။

မဟုတ်ပါ။

ဤသို့ဆိုလျှင် သူတို့သည် အဘယ်ကြောင့် အပင်ပန်းခံ၍ ဤမျှဝေးလံသော ချန်အန်းမြို့တော်သို့လာရောက်အရက်သောက်ရပါသနည်း။

၀၀၀၀

"ဟေ့… မင်းရတဲ့သတင်း မှန်ရဲ့လားကွ"

လုရှောက်တုံးက အရက်သောက်ရင်းမေးလိုက်သည်။

"ငါ့သတင်းဟာ ဘယ်တော့မှမမှားနိုင်ဘူး"

စောရကြယ်တံခွန်ကအခိုင်အမာပြောသည်။

"ဒါဖြင့် သူတို့ ဘာတွေကြံစည်မယ်ဆိုတာကော သဲလွန်စမရခဲ့ဘူးလား"

"ရလို့ မင်းတို့ကို ဒီခေါ်ရတာပေါ့"

ရသေ့ကြီးက….

"ကဲ… ပြောစမ်းပါဦးလေ"

စောရကြယ်တံခွန်က အရက်တစ်ခွက်မော့သောက်ရင်း…



"ကျောက်တစ်လုံးတောင်ဂိုဏ်း စပြီးတည်ထောင်တော့မယ်လို့ သတင်းထွက်နေတယ်၊ ခင်ဗျားတို့ကြားပြီးပြီမဟုတ်လား"

"ကြားပြီးပါပြီ… ကျုပ်တို့မညံ့ပါဘူး"

"ဂိုဏ်းချုပ်က မျက်နှာတစ်ထောင်စန့်ကွမ်းတောင်းလို့ ထင်ကြေးပေးနေကြတယ်"

"ဒီသတင်းမှန်တယ်"

"ကဲ… ကျုပ်တို့ကို ဒီအရောက်ဘာကြောင့် အတင်းခေါ်လာရတာလဲ"

"အဲဒီမျက်နှာတစ်ထောင်ဒေဝီ ဒီကိုရောက်နေတယ်သတင်းရလို့"

ရသေ့ကြီးနှင့်လုရှောက်တုံးတို့ အံ့ဩသွားကြလေသည်။

ရသေ့ကြီးက….

"သူ ဒီကိုဘာလာလုပ်တာလဲ"

စောရကြယ်တံခွန်က….

"အခုမသိသေးဘူး… သဲလွန်စလိုက်ရှာနေတာမို့ မကြာခင်သိလာမှာပေါ့"

လုရှောက်တုံးက….

"သူတစ်ယောက်တည်းပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းမကဘူးလို့ ကျုပ်ယုံကြည်တယ်"

"ခန့်မှန်းခြေအင်အား ဘယ်လောက်ရှိမလဲ"

"သူတို့က အစုလိုက်အပြုံလိုက်လာတာမှမဟုတ်ဘဲ... ဒါကြောင့် ခန့်မှန်းလို့မရဘူး"

"မျက်နှာတစ်ထောင်ဒေဝီနဲ့အတူ ဘယ်နှစ်ယောက်ပါလာသလဲ"

"တစ်ယောက်တည်း"

လုရှောက်တုံး မျက်မှောင်ကုတ်သွားသည်။

"အဲ့ဒီလူကဘယ်သူလဲ"

စောရကြယ်တံခွန်က....

"သူ့နာမည်လီစန်းလုံ"

လုရှောက်တုံး မျက်မှောင်ကုတ်သွားပြန်သည်။

"မျက်နှာတစ်ထောင်ဒေဝီနဲ့အတူပါလာတဲ့လူဟာ နယ်နယ်ရရလူမဟုတ်ဘူး၊ ဒါပေမဲ့ သိုင်းလောကမှာလီစန်းလုံဆိုတဲ့နာမည်ကို မကြားဖူးဘူး"

စောရကြယ်တံခွန်က....

"လီစန်းလုံဆိုတာ နာမည်အတု"

ရသေ့ကြီးက....



"နာမည်အရင်းကဘယ်သူလဲ"

"လီသန်းဖုံးလို့သိရတယ်"

"လီသန်းဖုံးကကော ဘယ်သူလဲ"

"နေပြည်တော်မှာ ခစားနေတဲ့ဘဏ္ဍာရေးဝန်ကြီးရဲ့သားလို့ သိရပါတယ်"

လုရှောက်တုံးက ကိုယ့်ပေါင်ကိုယ် လက်ဝါးဖြင့်ပုတ်လိုက်သည်။

"မျက်နှာတစ်ထောင်ဒေဝီ ချန်အန်းမြို့ကိုဘာ့ကြောင့်ရောက်လာရသလဲဆိုတာ ကျုပ်သိပြီ"

ရသေ့ကြီးကလည်း....

"ကျုပ်လဲသိပြီ"

ဟုဝင်ပြောလိုက်၏။ စောရကြယ်တံခွန်က....

"ရသေ့ကြီးက ဘာသိလို့လဲ"

"သူတို့ ငွေတိုက်ကိုဓားပြတိုက်မလို့ဟေ့"

လုရှောက်တုံး ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



"နယ်စားကြီးခင်ဗျာ... ဧည့်သည်သုံးယောက်က နယ်စားကြီးကိုတွေ့ခွင့်တောင်းနေပါတယ်"

တံခါးမှူးဖြစ်သူက ဒူးတစ်ဖက်ထောက်၍ လျှောက်ထားလိုက်၏။ ချန်အန်းနယ်စားကြီး အနည်းငယ်မျက်မှောင်ကုတ်သွားလေသည်။

"ဘယ်သူတွေလဲ"

"လုရှောက်တုံးနဲ့သူ့အဖော်နှစ်ယောက်ပါ"

"လုရှောက်တုံး...."

ချန်အန်းနယ်စားကြီးက အနည်းငယ်အံ့သြသွားသည်။

"ကိစ္စပြောသလား"

"သူက အလွန်အရေးကြီးတဲ့သတင်းပေးစရာရှိတယ်လို့ပြောပါတယ်"

ချန်အန်းနယ်စားကြီး စဉ်းစားရခက်သွားလေသည်။ စားပွဲ၏ဝဲဘက်တွင်ထိုင်နေသော အဘိုးအိုတစ်ယောက်အား....

"ဝမ်းပေသီး... ခင်ဗျားကြားတယ်မဟုတ်လား"

ဝမ်းပေသီးသည် ချန်အန်းနယ်စားကြီး၏အကြံပေးအရာရှိဖြစ်သည်။ သူကခေါင်းညိတ်လိုက်၏။

"ကြားပါတယ်နယ်စားကြီး"



နယ်စားကြီးက....

"သူက အရေးကြီးတဲ့ကိစ္စရှိတယ်လို့ပြောတယ်... ဘာတွေအရေးကြီးတယ်ဆိုတာ ဝမ်းပေသီးခန့်မှန်းနိုင်ပါ့မလား"

"လုရှောက်တုံးဟာ လွတ်လွတ်လပ်လပ်နေတတ်တဲ့ တစ်ကိုယ်တော်သိုင်းသမားတစ်ယောက်ဖြစ်ပါတယ်၊ သူနဲ့ပတ်သက်လို့ မကောင်းတဲ့သတင်းမကြားဖူးပါဘူး။ အခု သူ လာတွေ့ချင်တယ်ဆိုတာ နယ်စားကြီးနဲ့ပတ်သက်လိမ့်မယ်လို့ ကျွန်တော်မျိုးယုံပါတယ်"

နယ်စားကြီးက တံခါးမှူးအားခေါင်းညိတ်ပြလိုက်သည်။

"သူတို့ကိုဝင်ခိုင်းလိုက်ပါ"

"အမိန့်တော်အတိုင်းပါနယ်စားကြီး"

တံခါးမှူးက ဦးညွှတ်၍ထွက်ခွာသွားသည်။

မကြာမီမှာပင် လုရှောက်တုံးတို့သုံးယောက် ခန်းမထဲသို့ဝင်ရောက်လာကြရာ နယ်စားကြီးက လေးလေးစားစားပင် ကြိုဆိုလိုက်လေသည်။

လုရှောက်တုံးက သူနှင့်အတူပါလာသော ရသေ့ကြီးနှင့် စောရကြွယ်တံခွန်တို့အား နယ်စားကြီးနှင့် မိတ်ဆက်ပေးလိုက်လေသည်။ ထို့နောက် နယ်စားကြီးနှင့်မျက်နှာချင်းဆိုင်ထိုင်ချလိုက်၏။

နယ်စားကြီးက....

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးတဲ့သတင်းပေးမလို့ ဟုတ်လား"

လုရှောက်တုံးကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်နယ်စားကြီး"

"ပြောပါလေ"

"လူဆိုးတစ်ဖွဲ့က ငွေတိုက်ဖောက်ဖို့ကြံစည်နေပါတယ်"

နယ်စားကြီးမျက်မှောင်ကုတ်သွားသည်။

"ဘယ်အဖွဲ့ဆိုတာ သိသလား"

"ကျောက်တစ်လုံးတောင်ဂိုဏ်းလို့ကြားမိပါတယ်"

နယ်စားကြီး အနည်းငယ်အံ့သြသွားသည်။

"ဒီနာမည်မကြားဖူးပါလား"

"ဒီဂိုဏ်းတည်ထောင်ခဲ့တာ မကြာသေးပါဘူး"

"ဂိုဏ်းချုပ်ကဘယ်သူတဲ့လဲ"

"မျက်နှာတစ်ထောင်ဒေဝီဖြစ်ပါတယ်"

နယ်စားကြီး၏မျက်ခုံးနှစ်ဖက်သည် နဖူးပေါ်သို့ပင့်တက်သွားလေသည်။

"မျက်နှာတစ်ထောင်စန့်ကွမ်းတောင်း ဟုတ်လား"

"ဟုတ်တယ်"

"ဒီသတင်းသေချာရဲ့လား"



"သေချာသလောက်ပါပဲ"

နယ်စားကြီးက မျက်မှောင်ကုတ်သွားလေသည်။

"အခုလိုတာဝန်သိသိသတင်းပေးတာ ကျေးဇူးတင်ပါတယ်၊ ဖြစ်နိုင်ရင် ကျုပ်တို့ကိုလဲကူညီပါဦး"

လုရှောက်တုံးခေါင်းညိတ်လိုက်သည်။

သူသည် ထရပ်၍နှုတ်ဆက်လိုက်သည်။

"ကျုပ်တို့ကိုခွင့်ပြုပါဦး"

နယ်စားကြီးက....

"ဒီမှာပဲ အနားယူကြပါလား"

"ကျေးဇူးတင်ပါတယ်... ဒါပေမဲ့ ကျုပ်တို့ အပြင်မှာနေတာ ပိုကောင်းပါတယ်"

သူတို့သည် နယ်စားကြီးအားနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားလေသည်။ နယ်စားဂေဟာနှင့်ဝါးနှစ်ရိုက်ခန့်အကွာတွင် အရွက်ထူထပ်သောသစ်ပင်တစ်ပင်ရှိလေသည်။

ထိုသစ်ပင်ခြေရင်းတွင် သူတောင်းစားအဘိုးအိုတစ်ယောက် ထိုင်၍ တစာစာအသနားခံငွေတောင်းနေသည်ကို လုရှောက်တုံးတို့ သတိမထားမိလိုက်ကြချေ။ သူတောင်းစားအဘိုးအိုကမူ သူတို့ ထွက်ခွာလာသည်ကိုစူးရှစွာလှမ်းကြည့်ရင်း နှာခေါင်းရှုံ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လုရှောက်တုံး… ငါ့လုပ်ငန်းကို မင်းနှောင့်ယှက်လို့ရမယ် များထင်နေသလား"

ထိုအဘိုးအိုသည် အသံတိုးတိုးဖြင့် အံကြိတ်ကြုံးဝါးလိုက်လေသည်။

၀၀၀၀

နောက်တစ်နေ့…

ချန်အန်းမြို့နယ်တစ်ခုလုံး ထူးထူးခြားခြားပြောင်းလဲသွားလေသည်။ မြို့ရိုးတံခါးလေးပေါက်စလုံး အစောင့်အကြပ်များထူထပ်စွာချထားပြီး လူဝင်လူထွက် တင်းကျပ်စွာစစ်ဆေးလေတော့၏။

အထူးသဖြင့် ငွေတိုက်၏လေးဖက်လေးတန်တွင် အစောင့်အကြပ်များ နှစ်ဆတိုး၍ချထားသည်ကိုတွေ့ရလေသည်။

ညအချိန်ရောက်လာသောအခါ ရဲမက်များ အစုအဖွဲ့ခွဲ၍ ကင်းလှည့်ကြသည်။

နယ်စားကြီးသည် ယင်းသို့စီမံလိုက်သည့်အတွက် မြို့တော်တစ်ခုလုံး အလွန်လုံခြုံသွားသည်ဟုမှတ်ယူကာ အလွန်ပင် ကျေနပ်အားရဖြစ်သွားလေသည်။

၀၀၀၀



( ၁၇ )

မိတ်ဆွေတည်းခိုခန်း…

မိတ်ဆွေတည်းခိုခန်းသည် အပေါစားတည်းခိုခန်းဖြစ်သည်။

ယခု လုရှောက်တုံး၊ စောရကြပ်တံခွန်နှင့်ရသေ့ကြီးတို့ သုံးယောက်သည် ဤဈေးပေါသောတည်းခိုခန်းတွင် တည်းခိုနေကြ၏။

သူတို့သည် အဘယ်ကြောင့်ဈေးပေါသောတည်းခိုခန်းမှာ တည်းခိုနေကြပါသနည်း။

ငွေမရှိ၍တော့ မဟုတ်ပါ။

ဤတည်းခိုခန်းသည် မြို့စွန်မြို့ဖျားခေါင်ကျသောနေရာတွင်တည်ရှိနေသည်။

လာရောက်တည်းခိုနေကြသော ဧည့်သည်များမှာလည်း လက်လုပ်လက်စားအောက်တန်းလွှာများဖြစ်ကြသည်။ ထို့ကြောင့် လူဆိုးများအတွက် စခန်းချရန် အကောင်းဆုံးနေရာဖြစ်နေသည်။

လုရှောက်တုံးတို့လူစုသည် မျက်စိနှင့်နား အစွမ်းကုန်ဖွင့်ပြီ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတစ်ထောင်ဒေဝီ၏လှုပ်ရှားမှုကို နားစွင့်စောင့်ကြည့်နေ၏။

သူတို့သည် ဤတည်းခိုခန်းသို့ရောက်ရှိနေခဲ့သည်မှာ သုံးည တိုင်တိုင်ပင် ရှိခဲ့ပြီဖြစ်သည်။

သို့သော် အခြေအနေအားလုံးကောင်းနေသည်ကိုတွေ့ရ သည်။ လုရှောက်တုံး အလွန်ဒွံ့ဩသွားမိလေသည်။

"လုရှောက်တုံး... မင်းရဲ့သတင်း ဟုတ်မှဟုတ်ရဲ့လား"

ရသေ့ကြီးကမနေနိုင်ဘဲ မေးလိုက်သည်။

လုရှောက်တုံးကပြုံးရင်း....

"ရသေ့ကြီးကပဲ ခွေတိုက်ကိုဖောက်လိမ့်မယ်လို့ ပြောတာ မဟုတ်လား"

"အင်း... ကျုပ် ဒီလိုတော့ပြောခဲ့တယ်လေ"

"အခုကော....."

ရသေ့ကြီးက ပါးစပ်ပိတ်ထားလေသည်။

လုရှောက် တုံးက စောရကြယ်တံခွန်ဘက်လှည့်ကာ....

"မင်းကော...."

စောရကြယ်တံခွန် ပခုံးတွန့်လိုက်လေ၏။

"စဉ်းစားရမယ့်အလုပ်ကို ကျုပ်ပျင်းတယ်"

လုရှောက်တုံးက....



"စန္ဒကွမ်းတောင်းတို့လူစုဟာ ငုတ်တုတ်ထိုင်နေမှာမဟုတ် ဘူး၊ တစ်ခုခုလုပ်မှာတော့သေချာတယ်၊ ဘာလုပ်မယ်ဆိုတာသာ စဉ်းစားလို့မရတာ"

"ဒီလိုဆိုရင် မစဉ်းစားနဲ့တော့"

စောရကြယ်တံခွန်က ဘုတော ဝင်ပြောလိုက်ခြင်းဖြစ်မေ တော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



( ၁၈ )

စန္ဒကွမ်းမင်းကြူးသည် တစ်ဖက်တည်းခိုခန်းသို့ တစ်ချိန်လုံး စောင့်ကြည့်နေ၏။ သို့သော် လီစန်းလုံ အပြင်သို့ထွက်လာသည်ကိုမတွေ့ရပါ။

သူမသည် စိတ်မပျက်ဘဲ အခြေအနေကိုဆက်လက်စောင့်ကြည့်နေလေသည်။ တစ်ချိန်လုံးစောင့်နေရာမှ သူမ၏မျက်လုံးအစုံသည် ဝင်းလက်သွားလေ၏။

အကြောင်းမှာ လီစန်းလုံနှင့်အတူပါလာသော မိန်းကလေးသည် အပြင်သို့ထွက်လာသည်ကိုတွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။ ထိုအခွင့်အရေးကို သူမက လက်မလွှတ်တမ်းယူရမည်ဖြစ်သည်။

ထို့ကြောင့်... သူမသည် တစ်ခဏအကြာစောင့်ဆိုင်းပြီးမှ အောက်ထပ်သို့ဆင်းသွားသည်။ လမ်းမကိုဖြတ်၍ တစ်ဖက်တည်းခိုခန်းသို့လျှောက်သွားလေသည်။



တည်းခိုခန်းရှေ့သို့ရောက်သောအခါ တံခါးအပေါက်ဝတွင် ရပ်နေသောလူသန်ကြီးနှစ်ယောက်က ကမန်းကတန်း ဦးညွှတ်နှုတ်ဆက်လိုက်လေသည်။

စန္ဒကွမ်းမင်းကြူး ထိတ်ခနဲဖြစ်သွားသည်။ သို့သော် ထိုလူနှစ်ယောက်မှာ မိမိအားလူမှားနေသည်ကို ချက်ချင်းသတိရလိုက်သည်။ ထို့ကြောင့် သူမသည် ရင်ကော့၍ အရဲစွန့်ပြီး တည်းခိုခန်းထဲဝင်သွားလေသည်။

ခန်းမထဲတွင် ထိုင်နေကြသောလူများ ကျိုးတိုးကျဲတဲသာရှိနေ၏။ လီစန်းလုံသည် တစ်ယောက်တည်း စားပွဲတစ်လုံးမှာထိုင်၍ အရက်သောက်နေ၏။ သူသည် စန္ဒကွမ်းမင်းကြူးအားတွေ့မြင်လိုက်ရသောအခါ အံ့သြသွားလေသည်။

"မင်း ဘာဖြစ်လို့ချက်ချင်းပြန်လာတာလဲ"

စန္ဒကွမ်းမင်းကြူးကပြုံး၍ သူ့ရှေ့တွင်ထိုင်ချလိုက်၏။

"ရှင့်ကိုမေးစရာရှိလို့"

လီစန်းလုံက အရက်ခွက်ချလိုက်သည်။

"ဘာမေးမလို့လဲ"

"နင်နဲ့ အတူပါလာတဲ့ယောကျ်ားလို ဝတ်ထားတဲ့မိန်းကလေးကဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေလျှောက်ပြောနေတာလဲ"

"ကျွန်မကို ရှင်ဘယ်သူလို့ထင်သလဲ"

"မင်းဟာ စန့်ကွမ်းတောင်းအတု… ပြီးတော့ ကျေးဇူးကန်းတတ်တဲ့မိန်းကလေးတစ်ယောက်"

"ကျွန်မကိုစန့်ကွမ်းတောင်းအတုလို့ပြောရင် လက်ခံတယ်… ကျေးဇူးကန်းတယ်ဆိုရင် လက်မခံဘူး"

"မင်းကို ရဲမက်တွေဝိုင်းထားတုန်းက ဘယ်သူဝင်ကယ်ခဲ့သလဲ"

"ဒါကိုပြောနေတာကိုး… ကျွန်မကအရူးမှမဟုတ်ဘဲ၊ ကျွန်မကိုကယ်ခဲ့တယ်ဆိုတာနားလည်ပါတယ်"

စန့်ကွမ်းမင်းကြူးကစကားဆက်လိုက်သည်။

"ရှင့်ကျေးဇူးဆပ်ချင်လို့ အခုလို ရှင့်ဆီကိုလာခဲ့တာပေါ့"

လီစန်းလုံသဘောကျသွားသည်။

"မင်း မဆိုးဘူး"

သူက စကားဆက်လိုက်သည်။

"မင်းဟာစန့်ကွမ်းတောင်းအစစ်မဟုတ်ဘူးဆိုတာ ငါယုံကြည်တယ်၊ ဒါပေမဲ့ ရဲမက်တွေက မင်းကို မျက်နှာတစ်ထောင်ဒေဝီစန့်ကွမ်းတောင်းလို့ ထင်နေကြတာကွ၊ မင်း ဒုက္ခရောက်မှာစိုးလို့ ငါ



မင်းကိုလိုက်ရှာနေတာ"

စန့်ကွမ်းမင်းကြူးက အသံတိုးတိုးဖြင့်….

"ရှင်နဲ့ ယောက်ျားလေးလိုဝတ်ဆင်ထားတဲ့မိန်းကလေးတစ်ယောက် အတူလာတာ ကျွန်မတွေ့တယ်၊ သူက မျက်နှာတစ်ထောင်ဒေဝီစန့်ကွမ်းဓောင်းလား"

လီစန်းလုံ ကြောင်တောင်တောင်ဖြစ်သွားသည်။

"မင်းပြောတာ ငါနားမလည်ဘူး"

စန့်ကွမ်းမင်းကြူးသည် လီစန်းလုံက မျက်နှာတစ်ထောင်ဒေဝီစန့်ကွမ်းတောင်းကို မိမိနှင့်အထင်မှားနေကြောင်း နားလည်လိုက်သည်။ သူမက ထရပ်လိုက်သည်။

"ဒီနေရာမှာရှင်းပြနေလို့အချိန်မရဘူး… ကျွန်မနောက် လိုက်ခဲ့… တစ်နေရာမှာ အေးအေးဆေးဆေးရှင်းပြမယ်"

လီစန်းလုံသည် စန့်ကွမ်းမင်းကြူးနှင့်အတူ တည်းခိုခန်းမှ ထွက်လာပြန်သည်။ လူသန်ကြီးနှစ်ယောက်က စန့်ကွမ်းမင်းကြူးအား မသိမသာ အရိုအသေပြုလိုက်ကြသည်။

စန့်ကွမ်းမင်းကြူးက သူတို့နှစ်ယောက်အား ခပ်တည်တည်ဖြင့်….

"ဒီမှာပဲစောင့်နေ"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး လီစန်းလုံနှင့်အတူ ခြေလှမ်းကျဲကျဲဖြင့်ထွက်သွားလေသည်။

၀၀၀၀

"ဒေါင်... ဒေါင်... ဒေါင်"

အုန်းမောင်းခေါက်သံသုံးချက်တိတိ ထွက်ပေါ်လာသည်။

လုရှောက်တုံးတို့သုံးယောက်သည် အစောင့်အကြပ်များကိုရှောင်၍ငွေတိုက်ရှိရာသို့ရောက်ရှိသွားသည်။ ထိုအနီးတွင် အလွန်မြင့်မားသောသစ်ပင်တစ်ပင်ရှိသည်။

လုရှောက်တုံးက သစ်ပင်ပေါ်သို့ လက်ညှိုးထိုးပြသည်။

စောရကြွယ်တံခွန်နှင့်ရသေ့ကြီးတို့က ရှေ့ဆင့်နောက်ဆင့်တက်သွားကြလေသည်။ လုရှောက်တုံးသည် ပဓာ်ဝန်းကျင် အခြေအနေကိုတစ်ချက်ဝေ့ကြည့်လိုက်သည်။ ထို့နောက် သစ်ပင်ပေါ်ခုန်တက်သွားသည်။ သူတို့သုံးယောက်သည် အခြေအနေကို အကဲခတ်စောင့်ကြည့်နေကြသည်။

အုန်းမောင်းခေါက်သံသုံးချက်တိတိဆုံးသွားသည်နှင့် ရဲမက်တစ်စုသည် ငွေတိုက်ရှိရာသို့ဦးတည်လျှောက်သွားနေသည်ကိုမြင်တွေ့လိုက်ရသည်။



ငွေတိုက်အဆောက်အအုံကို တာဝန်ကျစောင့်နေသောရဲမက်များ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

ရဲမက်ခေါင်းဆောင်က အသံပေးလိုက်သည်။

"ငြိမ်ငြိမ်နေကြ... အချင်းချင်းပါ"

ထိုအချိန်တွင် ရောက်ရှိလာကြသောရဲမက်များ ခြေလှမ်းရပ်တန့်သွားသည်။ ရှေ့ဆုံးမှဦးဆောင်လာသောရဲမက်က ရှေ့သို့ဆက်၍လျှောက်သွားသည်။

ငွေတိုက်စောင့်ရှောက်နေသောရဲမှူးက ရပ်၍ကြည့်နေ၏။ နောက်မှရောက်လာသောရဲမက်ခေါင်းဆောင်က အရိုအသေပြုလိုက်သည်။

"ရဲမှူးကို... လေးစားပါတယ်"

"လေးစားပါတယ်"

"ကျုပ်ကရဲမက်မှူးဝမ်းပါ... ဒီနေရာမှာတာဝန်ကျပါတယ်"

"ရဲမက်မှူးတို့ပြန်ပြီးအနားယူနိုင်ပါပြီ"

နောက်မှရောက်လာသောရဲမက်ခေါင်းဆောင်က ပြောရင်းအမိန့်စာတစ်စောင်ထုတ်ပေးလိုက်သည်။ ငွေတိုက်စောင့်နေသောရဲမက်မှူး က အမိန့်လွှာကိုလှမ်းယူ၍ဖြန့်ကြည့်လိုက်သည်။

မီးရောင်အောက်တွင် စာများကို မပီမပြင်မြင်တွေ့ရသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း နယ်စားကြီးလက်မှတ်နှင့်တံဆိပ်တုံးပါရှိသည်ကိုတွေ့ရသဖြင့် သူက အမိန့်စာကိုခေါက်၍အိတ်ထဲသို့ထည့်လိုက်၏။ နောက်ရောက်လာသောရဲမက်ခေါင်းဆောင်အား အရိုအသေပြုလိုက်သည်။

"လေးစားပါတယ်ရဲမက်မှူး... အမိန့်အရ ကျုပ်တာဝန်လွှဲပြောင်းပေးလိုက်ပါတယ်"

ပြောပြောဆိုဆို သူ၏ရဲမက်များကို လက်တစ်ချက် ဝှေ့ယမ်းပြလိုက်ပြီး....

"ကဲ... ရဲမက်တို့ပြန်ကြမယ်"

သူသည် ရဲမက်များကိုခေါ်၍ ထွက်ခွာသွားသည်။ နောက်မှရောက်လာသောရဲမက်များသည် ငွေတိုက်အဆောက်အအုံပတ်လည်၌ နေရာတကျစခန်းချကာ ဆက်လက်တာဝန်ထမ်းဆောင်နေလိုက်ကြသည်ကိုတွေ့ရလေသည်။

ဝဝဝဝ



အခြေအနေသည် အေးအေးချမ်းချမ်းပင် ရှိနေသည်ကိုတွေ့ရလေသည်။ ထို့ကြောင့် ရသေ့ကြီးကအသံတိုးတိုးဖြင့်....

"ကဲ... ဘာမှလဲအကြောင်းမထူးဘူး၊ တို့ပြန်အိပ်ကြမယ်"

စောရကြွယ်တံခွန်ကလည်း အပျင်းတစ်ချက်ဆန့်ပြီး....

"ဟုတ်တယ်... ငါလဲအိပ်ချင်ပြီ"

သူတို့နှစ်ယောက် သစ်ပင်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်ကြသည်။

"နေဦး"

လုရှောက်တုံးကတားလိုက်သည်။

ရသေ့ကြီးက....

"မနေနိုင်ဘူး... မင်းနေချင်ရင် နေခဲ့"

"နားထောင်ပါဦးလေ"

လုရှောက်တုံး၏စကားသံနှင့် မရှေးမနှောင်းမှာပင် မြင်းခွာသံသဲ့သဲ့ထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

သုံးယောက်စလုံး အသံထွက်လာရာသို့ လှမ်းကြည့်လိုက်မိကြသည်။ ရထားလုံးလေးစီးနှင့်ရဲမက်စစ်သည်တော်တစ်စု တရွေ့ရွေ့ဖြင့်လာနေကြသည်ကိုမြင်တွေ့လိုက်ရလေသည်။

ရသေ့ကြီးက လုရှောက်တုံးအားလှည့်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ"

ဟုမေးလိုက်သည့်သဘောဖြစ်သည်။

လုရှောက်တုံးကပခုံးတွန့်ပြလိုက်သည်။

ထိုအချိန်မှာပင် ရထားလုံးများသည် ငွေတိုက်ရှေ့တွင် တန်းစီ၍ရပ်လိုက်သည်ကိုတွေ့မြင်ရလေသည်။

၀၀၀၀

ရထားလုံးများရပ်တန့်သွားသည်နှင့် ငွေတိုက်စောင့်ကြပ်နေသောရဲမက်များ အလုပ်ရှုပ်သွားကြကုန်လေသည်။

သူတို့သည် ဘဏ္ဍာတိုက်တံခါးသော့ကိုရိုက်ချိုးပြီး တံခါးကိုတွန်းဖွင့်လိုက်ကြလေသည်။

ငွေသေတ္တာများကိုသယ်ယူ၍ ရထားလုံးများပေါ်သို့တင်ပေးလိုက်ကြသည်။ လုရှောက်တုံးတို့သုံးယောက်သည် ကြောင်အမ်းအမ်းကြည့်နေရာမှ အဖြစ်မှန်ကို ချက်ချင်းနားလည်သဘောပေါက်သွားကြတော့သည်။

ရသေ့ကြီး....

"စောစောက တာဝန်လဲယူလိုက်တဲ့ရဲမက်တွေဟာ ရဲမက်အစစ်မဟုတ်ဘူး၊ လူဆိုးတွေက ဟန်ဆောင်ထားတာ"



လုရှောက်တုံးက နဖူးကိုလက်ဝါးဖြင့်ပုတ်ရင်း....

"ငွေသေတ္တာတွေကို ရထားလုံးပေါ်တင်နေကြပြီ... တို့ဘာလုပ်ကြမလဲ"

စောရှကြွယ်တံခွန်က....

"အာဏာပိုင်တွေကို အမြန်ဆုံး အကြောင်းကြားမှဖြစ်မယ်ထင်တယ်"

"အချိန်မမီတော့ဘူး"

"ဘာဖြစ်လို့လဲ"

လုရှောက်တုံးကလက်ညှိုးထိုးပြလိုက်သည်။

"ဟိုမှာကြည့်လေ"

ရသေ့ကြီးလှည့်ကြည့်လိုက်သောအခါ ရဲမက်များသည် မြင်းလှည်းပေါ်တက်ကာ ငွေတိုက်မှမောင်းနှင်ထွက်ခွာလာကြသည်ကို မြင်တွေ့လိုက်ရလေသည်။

စောရှကြွယ်တံခွန်က....

"ဒါတို့ ဘာလုပ်ကြမှာလဲ"

လုရှောက်တုံးက....

"ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

ရသေ့ကြီးက....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... တို့အေဒ်ပြီးသတိပေးလဲ သူတို့ကြားနိုင်ကြမှာမဟုတ်ဘူး"

ထိုအချိန်မှာပင် လူရိပ်နှစ်ခုသည် အမှောင်ထုထဲမှတိုးထွက်လာလေသည်။ ထိုလူရိပ်နှစ်ခုသည် လူမရှိသောနောက်ဆုံး ရထားလုံးပေါ်တွင် ပျောက်ကွယ်သွားလေသည်။

လုရှောက်တုံး အကြံတစ်ခုရလာလေသည်။

"အောက်ကိုခုန်ဆင်းဖို့ အသင့်ပြင်ကြ"

ရသေ့ကြီး အံ့ဩသွားသည်။

"သူတို့ကိုတားမလို့လား"

လုရှောက်တုံးက....

"တားလို့ဘယ်ရမလဲ"

သူသည် သူတို့ထံမောင်းနှင်ရောက်ရှိလာသောရထားလုံးများကို လက်ညှိုးထိုးပြလိုက်ပြီး....

"ရထားလုံးပေါ်ခုန်ချကြမယ်"

ထိုအချိန်တွင် ရထားလုံးများသည် သူတို့ရှိနေသောသစ်ပင်အောက်သို့ရောက်ရှိလာကြလေသည်။

"ဆင်းကြမယ်"

လုရှောက်တုံးကပြောရင်း ခုန်ဆင်းလိုက်လေသည်။



ရသေ့ကြီးနှင့်စောရကြွယ်တံခွန်တို့လည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို အောက်သို့ခုန်ဆင်းလိုက်ကြလေသည်။

oooo

လုရှောက်တုံးတို့သုံးယောက် ရထားလုံးပေါ် ရောက်ရှိသွားသည်နှင့် ကမန်းကတန်းဝပ်ချလိုက်သည်။ ရထားလုံးများ ဆက်လက်ထွက်ခွာသွားရာ မကြာမီ မြို့ရိုးတံခါးရှိရာသို့ရောက်ရှိသွားလေသည်။

လုရှောက်တုံးသည် မြို့ရိုးတံခါးစောင့်များက ဟန့်တားတိုက်ခိုက်လိမ့်မည်ဟုယုံကြည်ထားသည်။ ထို့ကြောင့် လိုအပ်ပါကဝင်ရောက်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

ရထားလုံးများသည် မြို့ရိုးတံခါးရှိရာသို့ တည့်တည့်မတ်မတ်ဝင်ရောက်လာလေသည်။ သို့သော် လုရှောက်တုံးတို့မျှော်လင့်ထားသလို ဖြစ်မလာပါချေ။

လုရှောက်တုံးတို့သုံးယောက် အလွန်တုန်လှုပ်အံ့ဩသွားကြလေသည်။ အကြောင်းမှာ သူတို့အထင်နှင့်အမြင် အကြီးအကျယ်လွဲမှားနေသောကြောင့်ဖြစ်လေသည်။

မြို့ရိုးတံခါးစောင့်ကြပ်နေသောရဲမက်များသည် ရထားလုံး

www.burmeseclassic.com

www.burmeseclassic.com



များကိုစစ်ဆေးမေးမြန်းခြင်းမပြုသည့်အပြင် မြို့ရိုးတံခါးကိုပါဖွင့်ပေးလိုက်ကြလေသည်။ ရဲမက်အတုများနှင့်ရထားလုံး တို့သည် ချောမောစွာမြို့တံခါးမှထွက်ခွာနိုင်ခဲ့ကြလေသည်။

ရထားလုံးများ၊ ရဲမက်အတုများသည် မြို့ပြင်သို့ရောက်ရှိလာသည်နှင့် အရှိန်ပြင်းစွာဖြင့်မောင်းနှင်ထွက်ခွာသွားကြပြန်လေသည်။ လုရှောက်တုံးတို့သုံးယောက်သည် အလွန့်အလွန်အံ့သြသွားကြကုန်လေသည်။

သူတို့ထင်ထားသည်မှာ မြို့တံခါးရောက်လာလျှင် မြို့တံခါးစောင့်ကြပ်နေကြသောရဲမက်များနှင့် တိုက်ပွဲဖြစ်ပွားလာလိမ့်မည်ဟုထင်မြင်ထားသည်။ ယခုမူ တံခါးစောင့်ရဲမက်များကပိတ်ဆို့တိုက်ခိုက်ခြင်းမပြုသည့်အပြင် မြို့ရိုးတံခါးကိုပင် ဖွင့်ပေးထားရာ....

ရသေ့ကြီးမှာ နားမလည်နိုင်အောင်ဖြစ်သွားလေသည်။

"ဘယ်ပုံလိုဖြစ်ကုန်ကြတာလဲ"

စောရကြွယ်တံခွန်က ပခုံးတွန့်ကာ....

"ငွေတိုက်ကငွေတွေ ပါသွားပြီပေါ့"

ရသေ့ကြီးက....

"လုရှောက်တုံး... တို့ဘယ်လိုဆက်လုပ်ကြမလဲ"

လုရှောက်တုံးကသက်ပြင်းချလိုက်သည်။



"ကျုပ်လဲ မပြောတတ်တော့ဘူး"

"ကျုပ်မေးနေတာက ကျုပ်တို့ ဒီအတိုင်း ဆက်ပြီးလိုက်သွားရမှာလား... ခုန်ဆင်းပြီးနေခဲ့ရမှာလား"

လုရှောက်တုံး အနည်းငယ်စဉ်းစားလိုက်၏။ ပြီးမှ....

"လိုက်သွားမယ်"

"ဘာဖြစ်လို့လဲ"

"ဒါမှလဲ သူတို့ဌာနချုပ်နေရာကိုသိမှာပေါ့"

ရသေ့ကြီးက လက်မထောင်ပြလိုက်သည်။

"မင်း အကြံမဆိုးဘူး"

စောရကြွယ်တံခွန်က အေးတိအေးစက်လေသံဖြင့်....

"လိုက်သွားတာအန္တရာယ်များတယ်"

ရသေ့ကြီး တွေဝေသွားသည်။

"အင်း ဒါလဲဟုတ်တယ်"

လုရှောက်တုံးက....

"ကျားရဲတွင်းထဲမဆင်းရင် ကျားကလေးကိုဘယ်လိုဖမ်းနိုင်မှာလဲ"

ရသေ့ကြီးက ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

+ + +

www.burmeseclassic.com

www.burmeseclassic.com



မြို့တော်နှင့်ဝေးလာလေ ခရီးလမ်းကကြမ်းလာလေဖြစ်သည်။ ရထားလုံးမှာ တည်ငြိမ်ခြင်းမရှိတော့ဘဲ အကြီးအကျယ်တုန်ခါနေလေတော့၏။ ရထားလုံး၏ခေါင်မိုးပေါ်၌ဝပ်နေကြသော လုရောက်တုံးတို့သုံးယောက်သည် အောက်သို့ပြုတ်ကျမသွားရန် မနည်းထိန်းထားရလေသည်။

ထိုအချိန် နေရောင်ခြည်သည်ထွက်ပေါ်လာသောကြောင့် မြင်ကွင်းတစ်ခုလုံးကို ဝိုးဝိုးသသမြင်တွေ့လာရလေသည်။

ရထားလုံးများသည် လမ်းမပေါ်တွင်မောင်းနှင်နေသည် မဟုတ်တော့ဘဲ မညီမညာသောလမ်းတိုလေးတစ်ခုပေါ်ရောက်နေသည်ကိုတွေ့ရှိရလေသည်။

ရသေ့ကြီးက....

"သူတို့ ဘယ်ကိုမောင်းသွားကြတာလဲ"

လုရောက်တုံးက....

"ဒီလမ်းလေးအတိုင်းဆက်သွားမယ်ဆိုရင် ဟန့်ခိုဆိပ်ကမ်းရောက်သွားနိုင်တယ်"

စောရကြွယ်တံခွန်က....

"ဟုတ်မှပြောပါကွာ"

လုရောက်တုံးက....



"ခေါင်းထောင်ကြည့်လိုက်ပါလား"

ရထားခေါင်မိုး၏လေးဘက်လေးတန်တွင် ဝန်စည်စလည်များထားရန် တစ်တောင်ခန့်ရှိသော ခြံကလေးခတ်ထားသည်။

ထို့ကြောင့် ရဲမက်များက သူတို့ကိုမတွေ့မြင်ကြပါ။

စောရကြွယ်တံခွန်က ခေါင်းအနည်းငယ်ထောင်ကြည့်လိုက်သည်။ ချန်အန်းမြစ်ကို ကောင်းစွာမြင်တွေ့လိုက်ရလေသည်။

"ဟုတ်တယ်... သူတို့ ဟိုဘက်ကမ်းကူးတော့မယ်"

ရသေ့ကြီးက....

"အဲ့ဒီနေရာမှာအစောင့်အကြပ်တွေရှိလိမ့်မယ်၊ တို့အတွက်အခွင့်အရေးရမှာပဲ"

ဤသို့ဖြင့် ရထားလုံးသည် မြစ်ကမ်းပါး ကူးတို့ဆိပ်သို့ရောက်ရှိလာခဲ့လေသည်။

oooo



www.burmeseclassic.com

www.burmeseclassic.com



( ၁၉ )

ဟန့်ခိုဆိပ်ကမ်း....

ဟန့်ခိုဆိပ်ကမ်းသည် တစ်ချိန်က အလွန်စည်ကားခဲ့သော ဆိပ်ကမ်းတစ်ခုဖြစ်ခဲ့ဖူးလေသည်။

ယခုမှာမူ ဟန့်ခိုဆိပ်ကမ်းအသစ်တစ်ခု ပေါ်လာသောကြောင့် ဤဆိပ်ကမ်းသည် ကူးတို့ဆိပ်သာသာမျှသာဖြစ်နေတော့၏။ တစ်လတာအတွင်း ဤဆိပ်ကမ်းမှတစ်ဖက်ဆိပ်ကမ်းသို့ ကုန်ပစ္စည်းနှင့်လူများပို့ဆောင်ပေးရသည်မှာ နှစ်ကြိမ် သုံးကြိမ်မျှသာ ရှိတော့သည်။ ထို့ကြောင့် ဆိပ်ကမ်းမှအလုပ်သမားများနှင့်အစောင့်အကြပ်များမှာ နည်းပါးသွားလေသည်။

ယနေ့ ထိုသူများသည် မမျှော်လင့်ဘဲ ရထားလုံးများရောက်ရှိလာသည်ကိုမြင်တွေ့ရသောအခါ အားလုံး ဝမ်းသာအားရဖြစ်ကာ အော်ဟစ်ကြလေသည်။ ထိုနေရာတွင် ဟောင်းနွမ်းပြီး ကြီးမားသော ကူးတို့လှေတစ်စင်းရှိ၏။



ဆိပ်ကမ်းတာဝန်ခံက ရထားလုံးရှိရာသို့လာရောက် မေးမြန်းလေ၏။

"ဒီရထားလုံးတွေ ဟိုဘက်ကမ်းကူးမလို့လား"

ကုန်သည်အဝတ်အစားဝတ်ထားသော လူတစ်ယောက်က ပြုံးပြလိုက်သည်။

"ဟုတ်ပါတယ်ဆရာကြီး"

"ရထားလုံးထဲမှာ ဘာတွေရှိသလဲ"

"သံတိုသံစထည့်ထားတဲ့သေတ္တာတွေရှိပါတယ်"

"ကောင်းပြီလေ... ရထားလုံးကူးခတစ်စီး တစ်ဆယ်ကျပ်သားပေးရမယ်၊ လူတစ်ယောက်တစ်ကျပ်သား ပေးရမယ်"

ကုန်သည်ကြီးက မငြင်းပါ။

"ဟုတ်ကဲ့ပါခင်ဗျာ"

ဆိပ်ကမ်းတာဝန်ခံက အလုပ်သမားများနှင့်ကူးတို့လှေသမားများကို အမိန့်ပေးလိုက်လေသည်။

"အဲဒီရထားလုံးကို ဟိုဘက်ကမ်းပို့ပေးလိုက်၊ ခရီးသည်တွေကိုလဲ မျှပြီးပို့ပေးလိုက်"

ကူးတို့လှေသမားကခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီးက ရထားလုံးတစ်စီးကို ကူးတို့လှေပေါ်သို့ မောင်းနှင်တက်သွားစေသည်။

ရထားလုံးမောင်းသမားက ရထားလုံးအား သတိကြီးစွာဖြင့် ကူးတို့လှေပေါ်သို့ တဖြည်းဖြည်းမောင်းတင်လိုက်သည်။ ထို့နောက် ဘီးများမလှိမ့်မိစေရန် အလုပ်သမားများက ရထားလုံး၏လေးဖက်လေးတန်မှ လက်နှစ်ဖက်စလုံးဖြင့်ထိန်းထား၏။

"ကဲ... ကူးကြမယ်၊ သတိထား"

ကူးတို့လှေသည် တဖြည်းဖြည်း တစ်ဖက်ကမ်းသို့ကူးသွားလေသည်။ ဟန်နိုမြစ်သည် အနည်းငယ်ကျယ်ဝန်းနေသည်ဖြစ်သော်လည်း လှိုင်းတံပိုးမထဘဲငြိမ်သက်နေ၏။

ကူးတို့လှေသည် ဘေးကင်းစွာဖြင့် တစ်ဖက်ကမ်းသို့ရောက်ရှိသွားလေသည်။ ရထားလုံး ကုန်းပေါ်သို့မောင်းတက်သွားပြီးနောက် တစ်ဖက်ကမ်းသို့ပြန်လာရပြန်လေသည်။ သို့ဖြင့် ကူးတို့လှေသည် ဘေးမသီရန်မခဘဲ တစ်ဖက်ကမ်းသို့ ဆက်လက်ပို့နိုင်ခဲ့လေသည်။

ကူးတို့လှေသည် အခကြေးငွေရရှိပြီးသည်နှင့် ထိုနေရာမှ ထွက်ခွာသွားလေတော့၏။ ကူးတို့လှေပေါ်မှ အလုပ်သမားများသည်လည်း လုပ်ခများစွာရရှိခဲ့ကြသဖြင့် ဝမ်းသာကုန်ကြလေသည်။

၀၀၀၀



ရဲမက်အတု တဖြစ်လဲ ကုန်သည်များသည် မြင်းပေါ်ကိုယ်စီတက်လိုက်ကြလေသည်။

ရထားလုံးများ စတင်ထွက်ခွာသွားတော့မည်ဖြစ်သည်။

"အားလုံး ရပ်လိုက်"

လုရှောက်တုံးက ယင်းသို့အော်ပြီး ရထားလုံး၏ခေါင်မိုးပေါ် မတ်တတ်ရပ်လိုက်သည်။ ရသေ့ကြီးနှင့်စောရကြယ်တံခွန်တို့လည်း ပြိုင်တူမတ်တတ်ရပ်လိုက်ကြသည်။

ကုန်သည်ကြီးက လုရှောက်တုံးအားမှတ်မိလိုက်သည်။ သူ၏မျက်နှာကွက်ခနဲပျက်သွားလေသည်။

"လုရှောက်တုံး... ခင်ဗျား ဘာလာရှုပ်တာလဲဗျ"

သူက လုရှောက်တုံးအားပြစ်တင်ပြောဆိုလိုက်သည်။

လုရှောက်တုံးကပြုံးလိုက်သည်။

"ကျုပ် ဘာလုပ်မလဲဆိုတာ ခင်ဗျားသိပါတယ်ဗျာ"

ကုန်သည်ကြီး ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မသိပါဘူး… ရှင်းရှင်းပြောစမ်းပါ"

လုရှောက်တုံးတို့သုံးယောက်သည် ရထားလုံးခေါင်မိုးပေါ်မှ အောက်သို့ခုန်ဆင်းလိုက်သည်။

ထို့နောက် ရထားလုံးတံခါးကိုဆွဲဖွင့်လိုက်လေသည်။

ထိုအခါ သူတို့၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားရတော့၏။ အကြောင်းမှာ ရထားလုံးထဲထားရှိသော ငွေသေတ္တာများ တစ်လုံးမျှ ရှိမနေတော့ခြင်းကြောင့်ဖြစ်ပေသည်။

လုရှောက်တုံး အလွန့်အလွန်အံ့သြသွားလေသည်။

သူသည် ဒုတိယရထားလုံး၏တံခါးကိုဆွဲဖွင့်လိုက်ပြန်လေသည်။ ထိုရထားလုံးထဲတွင်လည်း ဟာလာဟင်းလင်းဖြစ်နေ၏။

လုရှောက်တုံးသည် တတိယရထားလုံးနှင့်စတုတ္ထရထားလုံးကို ဆက်၍ဖွင့်ကြည့်လိုက်သည်။

သူ အံ့သြခြင်းမက အံ့သြသွားရလေသည်။

ရဲမက်အတုများသည် ငွေတိုက်ထဲမှ ငွေသေတ္တာများကို ရထားလုံးပေါ်သို့တင်လိုက်သည်ကို သူတို့မျက်မြင်ကိုယ်တွေ့ဖြစ်လေသည်။

ယခုမှာမူ….

ငွေသေတ္တာနှင့်တူသည့်အရာကိုပင် မတွေ့ရတော့ပါ။



ထိုငွေသေတ္တာများသည် အဘယ်ကြောင့်ပျောက်ကွယ်သွားရပါသနည်း။

လမ်းတစ်လျှောက်လုံးမှာလည်း နှစ်ကြိမ်တိတိသာ အနားယူခဲ့လေသည်။

ရပ်နားနေသောအချိန်တွင်လည်း လုရှောက်တုံးတို့ သုံးယောက်က မျက်တောင်မခတ်စောင့်ကြည့်နေခဲ့ကြသည်။

မည်သူတစ်ဦးတစ်ယောက်ကမျှ ရထားလုံးတံခါးကို မဖွင့်ခဲ့ကြပါ။ ယခုလည်း တစ်ဖက်ကမ်းမှတစ်ဖက်ကမ်းသို့ကူးလာသည်အထိ မျက်စိဒေါက်ထောက်ကြည့်နေခဲ့သည်။

ယခုမှာမူ ထိုငွေသေတ္တာများသည် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေပြီ။

လုရှောက်တုံး၊ စောရကြယ်တံခွန်နှင့် ရသေ့ကြီးတို့သည် ကြောင်အမ်းအမ်းဖြင့် ကျောက်ရုပ်ပမာ မလှုပ်မယှက်ဖြစ်ကုန်ကြလေတော့သည်။

လုရှောက်တုံးတို့သုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။ ကုန်သည်ကြီးက လုရှောက်တုံးတို့ကို အထင်သေးသောမျက်လုံးဖြင့် တစ်ချက်ဖေ့ကြည့်လိုက်သည်။

"ကဲ… ခင်ဗျားတို့ ဘာလုပ်ချင်သေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



လုရှောက်တုံးက ပါးစပ်ပိတ်ထားလိုက်သည်။

ကုန်သည်ကြီးက ရယ်မောပြီး သူ့လူများကို အမိန့်ပေးလိုက်လေသည်။

"ဟေ့... အနှိုင်မရှိဘူး၊ သွားကြမယ်"

ကုန်သည်ကြီးနှင့် သူ၏လူများသည် လျင်မြန်စွာ မောင်းနှင်ထွက်ခွာသွားကြလေသည်။ လုရှောက်တုံးသည် ရထားလုံးပျောက်ကွယ်သွားသည်အထိကြည့်ကာ လက်မှိုင်ချကျန်ရစ်ခဲ့ကြလေသည်။

ယင်းသို့ လက်မှိုင်ချငေးကြည့်နေရာမှ....

လုရှောက်တုံးသည် သူအမှတ်မထင်တွေ့ခဲ့သောအရာတစ်ခုကို ရုတ်တရက်ပြန်လည်သတိရမြင်ယောင်လာလေသည်။

၀၀၀၀



( ၂၀ )

ကူးတို့လှေကြီးသည် ရေစုန်အတိုင်းဆင်းသွားလေသည်။

လှေပေါ်၌ လူနှစ်ဆယ်ခန့်ရပ်နေကြသည်။ ထူးဆန်းသည်မှာ ကူးတို့လှေကြီးသည် အလွန်ကြီးမားလှ၏။

လူနှစ်ဆယ်ခန့်သာပါရှိသော ကူးတို့လှေကြီးသည် ရေအောက်သို့တစ်ဝက်ခန့်နစ်မြုပ်နေ၏။ လှေဝမ်းထဲတွင် အလွန်လေးလံသောကုန်ပစ္စည်းများပါရှိနေသည်မှာ ထင်ရှားလှပေသည်။

မှန်ပါ၏။

ကူးတို့လှေ၏ဝမ်းဗိုက်ထဲတွင် ငွေသေတ္တာလေးလုံးပါနေသောကြောင့် ဖြစ်လေသည်။

ရထားလုံးပေါ်၌ပါရှိလာသောငွေသေတ္တာများသည် ဤကူးတို့လှေဝမ်းဗိုက်ထဲသို့ မည်ကဲ့သို့ရောက်ရှိနေပါသနည်း။

ထို့ပြင် လှေ၏ဝမ်းဗိုက်ထဲတွင် လူခြောက်ယောက်ပါလာသေး၏။



www.burmeseclassic.com

www.burmeseclassic.com



လူလေးယောက်မှာ စန္ဒကူမ်းတောင်း၏ယုံကြည်ရသော တပည့်များ ဖြစ်လေသည်။ ကျန်နှစ်ယောက်မှာ စန္ဒကူမ်းမင်းကြူး နှင့်လီစန်းလုံတို့ပင်ဖြစ်သည်။

လီစန်းလုံနှင့် စန္ဒကူမ်းမင်းကြူးတို့သည် အဘယ်ကြောင့် ကူးတို့လှေ၏ဝမ်းဗိုက်ထဲသို့ရောက်ရှိနေပါသနည်း။

ငွေတိုက်မှသယ်ယူလာသောငွေသေတ္တာများသည် အဘယ် ကြောင့် ဤကူးတို့လှေထဲသို့ရောက်ရှိနေရပါသနည်း။

ဝဝဝဝ

လီစန်းလုံနှင့်စန္ဒကူမ်းမင်းကြူးတို့သည် စားသောက်ဆိုင် မှထွက်လာကြပြီးနောက် အခြားစားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ကာ အကျိုးအကြောင်းဆွေးနွေးပြောဆိုကြလေသည်။

စန္ဒကူမ်းမင်းကြူးက စန္ဒကူမ်းတောင်းအနေဖြင့် အကြံအ စည်တစ်ခုပြုလုပ်လိမ့်မည်ဟုခန့်မှန်းမိသည်။

လီစန်းလုံက....

"ဟုတ်တော့ ဟုတ်တယ်... ဒါပေမယ့် ဘာအကြံရှိမှန်းတော့ မသိဘူး"

စန္ဒကူမ်းမင်းကြူးက အတန်ကြာစဉ်းစားလိုက်ပြီး....



"ကျွန်မတော့ တစ်ခုခုစဉ်းစားမိတယ်"

"ဘာကိုလဲ"

"စန္ဒကူမ်းတောင်းက ဝိုဏ်းတစ်ခုထူထောင်ဖို့ကြိုးစားအား ထုတ်နေတယ်လို့ ကျွန်မကြားခဲ့တယ်"

"ငါလဲကြားခဲ့တယ်"

"ဂိုဏ်းတစ်ခုတည်ထောင်ဖို့ ဘာအရေးကြီးသလဲ"

"လူအင်အားလိုတယ်"

"လူအင်အားစုပြီးရင် ဘာလိုအပ်သလဲ"

လီစန်းလုံကအနည်းငယ်စဉ်းစားလိုက်ပြီး....

"ငွေလိုမှာပေါ့"

စန္ဒကူမ်းမင်းကြူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်နိုင်တယ်... သူတို့ချန်အန်းမြို့တော်ကို လူစုလူဝေးနဲ့ ရောက်လာတာဟာ...."

လီစန်းလုံက သူမ၏စကားကိုဆက်ပေးလိုက်သည်။

"ငွေတိုက်ဖောက်ဖို့"

စန္ဒကူမ်းမင်းကြူး ခေါင်းညိတ်လိုက်သည်။

"ရှင် ဉာဏ်ကောင်းသားပဲ"

လီစန်းလုံကပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုမမီသေးပါဘူး"

သူသည် စန့်ကွမ်းတောင်းအတုမှာ ရုပ်ရည်ချောမောပြီး သိုင်းပညာမဆိုးသည့်ပြင် ဉာဏ်ရည်အလွန်ကောင်းကြောင်းသိရှိလိုက်ရလေသည်။

စန့်ကွမ်းတောင်းအတု စန့်ကွမ်းမင်းကြူးက....

"ကောင်းပြီ... အခု ကျွန်မတို့ဘာလုပ်ကြရင်ကောင်းမလဲ"

"လက်ပိုက်ကြည့်မနေသင့်ဘူးလို့ ထင်တယ်"

"ဟုတ်တယ်... ကဲ... ဒါဖြင့်ဘာလုပ်ကြမလဲ"

"ကျုပ်တို့ ချန်အန်းနယ်စားကြီးကိုသွားသတင်းပို့ရင်ကောင်းမယ်"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမဲ့ နယ်စားကြီးက ကျွန်မတို့ကိုယုံပါ့မလား၊ ပြီးတော့ ငွေတိုက်ဖောက်မယ်ဆိုတာ ကျွန်မတို့ခန့်မှန်းထားတဲ့အတွေးအခေါ်သက်သက်ပဲဖြစ်တယ်၊ မှန်တယ် မမှန်ဘူးဆိုတာ ပြောလို့မရဘူး"

လီစန်းလုံ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... တော်ကြာ သူတို့က ငွေတိုက်မဖောက်ရင် တို့ အဖမ်းခံရလိမ့်မယ်"

စန့်ကွမ်းမင်းကြူးက....



"သေချာတာပေါ့"

"မင်းမှာအကြံရှိရင် ပြောလေ"

"ကျွန်မအကြံက ဘာမှမဟုတ်ပါဘူး"

သူမက စကားဆက်လိုက်သည်။

"ကျွန်မတို့ထင်ထားတာတွေ မှန်မမှန်သိရအောင် ကနေ့ည ငွေတိုက်အနီးမှာသွားစောင့်ကြည့်ကြရင် ကောင်းမလားလို့"

"ဒါ သိပ်ကောင်းတဲ့အကြံပေါ့"

လီစန်းလုံသည် စန့်ကွမ်းမင်းကြူး၏ဉာဏ်ပညာထက်မြက်ပုံကို ရင်ထဲမှာ အလိုအလျောက်လေးစားလာမိလေသည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



ထိုည....

စန့်ကွမ်းမင်းကြူး၏အတွေးသည် လက်တွေ့မှန်ကန်နေသည်ကိုတွေ့မြင်လိုက်ရသည်။ သူတို့သည် သက်ဆိုင်ရာအာဏာပိုင်များထံသတင်းပို့ရန် အချိန်မရတော့ပါ။

ထို့ကြောင့်... သူတို့နှစ်ယောက်သည် အရဲစွန့်၍ရထားလုံးအောက်သို့ပြေးဝင်ပုန်းအောင်းကာ လိုက်ပါသွားကြလေသည်။

သူတို့၏ရည်ရွယ်ချက်မှာ....

ငွေသေတ္တာများ ဝှက်ထားမည့်နေရာကိုသိရှိနိုင်ရန်ဖြစ်လေသည်။

လီစန်းလုံနှင့်စန့်ကွမ်းတောင်းတို့သည် နောက်ဆုံး ရထားလုံးအောက်၌လိုက်ပါသွားကြလေသည်။

ထိုရထားလုံးသည် အခြားရထားလုံးနှင့် လုံးဝမတူသည်ကို မိုးလင်းလာမှ သူတို့သိရှိလိုက်ရ၏။

အကြောင်းမှာ....



သာမန်ရထားလုံးဆိုလျှင် ရထားအောက်ခံနှင့် လှည်းဘီး ဝင်ရိုးမများတပ်ဆင်ထားသည်မှလွဲ၍ မည်သည့်အရာကိုမျှတွေ့ရမည်မဟုတ်ပါ။

ဤရထားလုံးသည် လှည်းဘီးလှည်းဝင်ရိုးပေါ်တွင် အလျှန်ထူထဲသောပျဉ်ပြားတစ်ချပ်ပါရှိသည်ကို တွေ့ရလေသည်။

သူတို့အဖို့ အလွန်ကံကောင်းသည်ဟုတွေးကာ နှစ်ယောက်သား ဝမ်းသာသွားကြလေ၏။

သို့ဖြင့် သူတို့သည် သက်တောင့်သက်သာဖြင့် လဲလျောင်း၍လိုက်ပါသွားကြလေသည်။

အထူးသဖြင့် ရထားလုံး၏နံဘေးအတိုင်းကြည့်လိုက်လျှင် လူများပုန်းလျှိုးနေသည်ကိုတွေ့နိုင်မည်မဟုတ်ပါ။

ထို့ပြင်....

လိုက်လာကြသောလူများသည် နှစ်ကြိမ်မျှသာ ခေတ္တအနားယူ၍ကမန်းကတန်းခရီးဆက်နေကြသောကြောင့် မည်သူကမျှ ဂရုတစိုက်စစ်ဆေးခြင်းမပြုကြချေ။

မကြာမီ....

ရထားလုံးများသည် တစ်စီးပြီးတစ်စီး တစ်ဖက်ကမ်းသို့ ကူးသွားသည်ကိုတွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေလယ်ခေါင်ရောက်ရှိသောအခါ ထူးဆန်းသောအဖြစ်အပျက်တစ်ခုကိုရင်ဆိုင်လိုက်ရသည်။

ယင်းအဖြစ်အပျက်ကား....

သူတို့တွယ်ကပ်လဲလျောင်းနေသောပျဉ်ပြားသည် ထက်ပိုင်းကွဲသွားပြီး....

သူတို့နှစ်ယောက်စလုံးပွင့်နေသော ကူးတို့လှေ၏ဝမ်းဗိုက်ထဲသို့ကျသွားခြင်းပင်ဖြစ်လေသည်။

သူတို့ ကြောင်အမ်းအမ်းဖြင့်ကြည့်နေစဉ်မှာပင်....

ရထားလုံး၏အောက်ပိုင်းသည် ပွင့်သွားပြီး သေတ္တာတစ်လုံးကို ကြိုးဖြင့်အောက်သို့ချလာနေသည်ကိုတွေ့လိုက်ရလေသည်။

ထို့နောက် ရထားလုံး၏အောက်ပိုင်းပျဉ်ပြားပြန်လည်ပိတ်သွားသည်။ ကူးတို့လှေ၏ပွင့်နေသောပျဉ်ပြားမှာလည်း ပြန်လည်ပိတ်သွားလေသည်။

ယခုမှ....

လီစန်းလုံနှင့်စန့်ကွမ်းမင်းကြူးတို့သည်....

ကူးတို့လှေ၏ကုန်းဘတ်ပေါ်တွင်ရှိသော အပေါက်ကလေးများမှတိုးဝင်လာသောနေရောင်ခြည်ကြောင့် ထွားကျိုင်းသောလူလေးယောက်နှင့် ငွေသေတ္တာကြီးလေးလုံးကို....



တွေ့မြင်လိုက်ရခြင်းဖြစ်လေသည်။

ထွားကျိုင်းသောလူလေးယောက်တို့သည် လီစန်းလုံနှင့် စန့်ကွမ်းမင်းကြူးတို့အား ကြောင်အမ်းအမ်းဖြင့် အကဲခတ်ကြည့်ရှုနေကြသည်။

"ဒုက္ခပါပဲ... အခုမှပြေးပေါက်မရှိတော့ဘူး"

လီစန်းလုံ၏ရင်ထဲမှကျိတ်၍ ညည်းညူမိလိုက်ခြင်းဖြစ်လေသည်။

ထိုလူလေးယောက်သည် လီစန်းလုံအား တစ်ချက်ကြည့်ပြီးနောက် စန့်ကွမ်းမင်းကြူးအား အတန်ကြာငေးငိုင်ကြည့်ရှုနေသည်ကို တွေ့မြင်လိုက်ရသည်။

သူက စန့်ကွမ်းမင်းကြူးအားလှည့်ကြည့်လိုက်သည်။

စန့်ကွမ်းမင်းကြူး၏မျက်နှာတစ်ခုလုံးမှာ ကြောက်ရွံ့ခြင်းလုံးဝမရှိဘဲ ထိုလူလေးယောက်အား စူးရှစွာ စိုက်ကြည့်နေသည်ကို အံ့သြစွာတွေ့ရှိလိုက်ရသည်။

ထိုအချိန်မှာပင်....

စန့်ကွမ်းမင်းကြူး၏အသံထွက်ပေါ်လာလေသည်။

"နင်တို့ ဘာကြည့်နေကြတာလဲ"

သူမ၏ ခက်ထန်သောအသံကြောင့်....



www.burmeseclassic.com

www.burmeseclassic.com



ထိုဂမူလေးယောက်၏မျက်နှာများသည် ကွက်ခနဲပျက်သွားကြကုန်သည်။

ကမန်းကတန်း ဒူးထောက်၍ဂါရဝပြုလိုက်ကြလေသည်။

"ဂိုဏ်းချုပ်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

စန့်ကွမ်းမင်းကြူးက အသံမာမာဖြင့်....

"နင်တို့ အခုဘယ်ကိုသွားကြမယ်ဆိုတာသိသလား"

"သုံးပွင့်ဆိုင်ချောင်းဆုံ...."

စန့်ကွမ်းမင်းကြူးက လီစန်းလုံအား တစ်ချက်ကြည့်လိုက်၏။ ပြီးမှ သူတို့ဘက်သို့လှည့်ကာ....

"ကောင်းပြီ... အပေါ်ထပ်တာဝန် ဆက်လုပ်"

"ဟုတ်ကဲ့ပါဂိုဏ်းချုပ်ကြီး"

လူသန်ကြီးလေးယောက်တို့သည် လေးစားစွာ အရိုအသေပြုပြီးနောက် ဂူနံပတ်ပေါက်ကိုဖွင့်၍ အပေါ်သို့တက်သွားကြလေတော့သည်။

ဝမ်းဗိုက်အပေါက်ပြန်လည်ပိတ်သွားသည်။

ထိုအခါမှ....

စန့်ကွမ်းမင်းကြူးက လေပူတစ်ချက်မှုတ်ထုတ်ပြီး အားအင်ချည့်နဲ့စွာဖြင့်ထိုင်ချလိုက်သည်။



သူမသည် သေရွာမှတစ်ခေါက်ပြန်လာရသလိုခံစားရကာ မောဟိုက်ပင်ပန်းစွာလေပူတစ်ချက်မှုတ်ထုတ်လိုက်ခြင်းဖြစ်လေသည်။ လီစန်းလုံမှာ စန့်ကွမ်းမင်းကြူး၏သတ္တိကိုမချီးကျူးဘဲ မနေနိုင်အောင် ဖြစ်သွားတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



( ၂၁ )

ငွေတိုက်အဖောက်ခံရသောသတင်းသည် ချမ်းအန်းမြို့တော်ကိုဂယက်ရိုက်သွားလေသည်။

မြို့တော်သူမြို့တော်သားများသည် ဟိုတစ်စု သည်တစ်စုဖြင့် သတင်းနားစွင့်နေကြသည်။

နယ်စားကြီးမှာ အလွန်တုန်လှုပ်ချောက်ချားနေ၏။

သူသည် အကြံပေးအရာရှိ ဝမ်းပေသီးအား ထိုအမှုကိုစုံစမ်းရန် အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ပေးလိုက်သည်။

ထမင်းတစ်အိုးကျက်အချိန်တွင် ဝမ်းပေသီးနှင့်သူ၏အဖွဲ့ဝင်များသည် သတင်းပို့ရန် နယ်စားကြီးဂေဟာသို့ ပြန်လည်ရောက်ရှိလာကြလေသည်။

"အခြေအနေ ဘယ်လိုလဲဟေ့"

ဝမ်းပေသီးတို့ပြန်လာသည်ကိုမြင်သည်နှင့် နယ်စားကြီးက ခရီးရောက်မဆိုက် ဆီး၍မေးလိုက်သည်။



ဝမ်းပေသီးက....

"မှန်လှပါ... မှုခင်းဖြစ်ရပ်တစ်ခုလုံးကို ကျွန်တော်မျိုး အလျှင်အမြန်တင်ပြပါ့မယ်"

"ငွေဘယ်လောက်ပါသွားသလဲ"

"ငွေသေတ္တာလေးလုံး... စုစုပေါင်း ငွေတစ်သိန်းပါ"

နယ်စားကြီး၏မျက်နှာ ညိုမည်းသွားသည်။

"ဒီလောက်များတဲ့ငွေကို ဘယ်လိုဖောက်သွားတာလဲ"

ဝမ်းပေသီးက....

"လူဆိုးတွေဟာ အစီအစဉ် သေသေချာချာချပြီး ငွေကိုရယူသွားတာဖြစ်ပါတယ်"

သူကဆက်၍ရှင်းပြလိုက်သည်။

"လူဆိုးတွေက ရဲမက်ဟန်ဆောင်ပြီး အမိန့်စာအတုနဲ့ ငွေတိုက်မှာ တာဝန်ကျနေတဲ့ရဲမက်အဖွဲ့နဲ့ တာဝန်ချင်းလဲတာပါ"

နယ်စားကြီး ခံပြင်းစွာတက်ခေါက်လိုက်သည်။

"တောက်... တော်တော်အတင့်ရဲတဲ့လူဆိုးတွေပါလား"

ဝမ်းပေသီးက....

"သူတို့က ရထားလုံးလေးတစ်စီးနဲ့ ငွေသေတ္တာတွေတင်သွားတာလို့သိရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မြို့တံခါးစောင့်နေတဲ့ရဲမက်တွေ ဘာလုပ်နေကြတာလဲ.. မတားကြဘူးလား"

"သူတို့မှာ တားနိုင်တဲ့အင်အားမရှိပါဘူးနယ်စားကြီး"

နယ်စားကြီး မျက်မှောင်ကုတ်သွားသည်။

"ဘာဖြစ်ကုန်ကြလို့လဲ"

"သူတို့အားလုံး မေ့ဆေးပါတဲ့အရက်သောက်မိကြလို့ပါ"

ထိုစကားကြောင့် နယ်စားကြီး ဒေါသခြောင်းခြောင်းထွက်သွားလေသည်။

"ဘယ်သူ့လက်ချက်လဲ"

ဒေါသတကြီးမေးလိုက်သည်။

"ငွေတိုက်ဖောက်တဲ့လူဆိုးရဲ့လက်ချက်ပဲပေါ့ နယ်စားကြီး"

"ဒီလူဆိုးတွေ ဘယ်အဖွဲ့ကလဲ"

နယ်စားကြီးကမေးလိုက်သည်။

ဝမ်းပေသီးက....

"ခုအချိန်မှာတော့ တိတိကျကျတော့မပြောနိုင်သေးပါဘူး နယ်စားကြီး.... မျက်နှာတစ်ထောင်ဒေဝီတို့အဖွဲ့ပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော်မျိုးယုံကြည်ပါတယ်"

နယ်စားကြီးက ဝမ်းပေသီးကိုစိုက်ကြည့်ကာ....



"မင်းကိုအာဏာကုန်လွှဲထားတယ်... အခု မင်းဘာဆက်လုပ်မလဲ"

"ကျွန်တော်မျိုး မြင်းသည်တော်တစ်ဖွဲ့ စေလွှတ်လိုက်ပါပြီ"

"ဘယ်သူ့ကိုတာဝန်ပေးလိုက်သလဲ"

"ဗိုလ်လေးဝမ့်ဝမ့်ပါ"

နယ်စားကြီးခေါင်းညိတ်လိုက်သည်။

"အင်း ဗိုလ်လေးဝမ့်ဝမ့်ဟာ လူဆိုးတွေကိုခြေရာခံတဲ့နေရာမှာတော်တယ်၊ သူ့ကိုတာဝန်ပေးလိုက်တာမှန်တယ်"

oooo

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီးတို့လူစုသည် မြင်းများကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားသည်။

သူတို့သည် သုံးခွဆိုင်ချောင်းစုံသို့ဦးတည်လာရာမှာ မြင်းသည်တော်တစ်ယောက်သည် သူတို့သွားနေသောတောလမ်းအတိုင်း မျက်နှာချင်းဆိုင်မှမောင်းနှင်လာသည်ကိုမြင်တွေ့လိုက်ရလေသည်။

ရှေ့ဆုံးမှအဖွဲ့ဝင်တစ်ယောက်က အရှိန်ကိုလျှော့ပြီး လက်တစ်ဖက်မြှောက်ပြလိုက်သည်။

ကုန်သည်ကြီးနှင့်အဖွဲ့ဝင် (၂၀)တို့သည် အရှိန်လျှော့ချပြီး ရပ်တန့်လိုက်ကြ၏။

သူတို့၏လမ်းပြအဖွဲ့ဝင်က မြင်းကိုဆက်လက်မောင်းနှင်သွားလေသည်။

မျက်နှာချင်းဆိုင်မှလာနေသောမြင်းသည်တော်သည် မြားတစ်ပစ်အကွာတွင် မြင်းကိုရပ်တန့်လိုက်၏။



လမ်းပြက စတင်မေးလိုက်သည်။

"မိတ်ဆွေက ဘယ်သူလဲ"

ထိုလူက လက်ဝါးတစ်ဖက်ထောင်ပြလိုက်သည်။

သူ၏လက်ဝါးမှာ လက်မနှင့်လက်သန်းကို ကားထားပြီး အလယ်သုံးချောင်းကိုပူးထားလေသည်။

ထို့နောက် လက်သီးဆုပ်ပြီး လက်မထောင်ပြလိုက်သည်။

လမ်းပြက ချက်ချင်းနားလည်လိုက်သည်။

ထိုလူပြသလိုက်သောသင်္ကေတမှာ ကျောက်တစ်လုံးတောင်အဖွဲ့ဟု ဖော်ပြခြင်းဖြစ်သည်။

လက်သီးဆုပ်၍ လက်မထောင်ပြလိုက်သည်မှာ....

"ကိုယ်ရံတော်တစ်...."

ဟုဖော်ပြသောအမှတ်အသားဖြစ်သည်။

ထိုအချိန်တွင် ကုန်သည်ကြီးသည် မြင်းကိုရှေ့သို့တိုးလာကာ ခေါင်းပေါ်ပတ်ထားသောခေါင်းပေါင်းကို ချွတ်ချလိုက်သည်။

ကုန်သည်များဝတ်သောအင်္ကျီအပွကိုလည်း ချွတ်ချလိုက်လေသည်။ ထိုအခါ အသက်(၄၀)ခန့် သန့်သန့်ပြန့်ပြန့်ရှိသော အမျိုးသမီးတစ်ယောက်၏အသွင်သဏ္ဌာန်ပေါ်လာသည်။ မြင်းသည်တော်သည် ကမန်းကတန်းမြင်းပေါ်မှဆင်းပြီး....

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးအားဂါရဝပြုလိုက်လေသည်။

"ဂါရဝပြုပါတယ်ဂိုဏ်းချုပ်ကြီး"

ထိုအမျိုးသမီးသည် ကျောက်တစ်လုံးတောင်ဂိုဏ်းချုပ်ကြီး စန်နွကွမ်းတောင်းပင်ဖြစ်ပေသည်။

မြင်းသည်တော်မှာ သူမ၏ကိုယ်ရံတော်အမှတ်တစ် ဝမ့်ဖ ဖြစ်လေသည်။

စန်နွကွမ်းတောင်းက....

"မှာထားတဲ့အတိုင်း အကုန်လုပ်ပြီးပြီလားဝမ့်ဖ"

ဝမ့်ဖက ဦးညွှတ်လိုက်သည်။

"အားလုံးအသင့်ပြင်ပြီးပါပြီဂိုဏ်းချုပ်ကြီး"

စန်နွကွမ်းတောင်းက လက်တစ်ဖက်မြှောက်လိုက်သည်။

"ကဲ... သွားကြမယ်"

မြှောက်ထားသောလက်ကိုချပြီးသည်နှင့် သူမသည် ရှေ့ဆုံးမှမောင်းနှင်ထွက်သွားလေသည်။

ဝမ့်ဖက မြင်းပေါ်လွှားခနဲခုန်တက်ပြီး သူမနောက်မှနေ၍ ထက်ကြပ်မကွာ မောင်းနှင်လိုက်ပါသွားသည်။ ကျန်အဖွဲ့သားများသည်လည်း တစ်ဟုန်ထိုးမောင်းနှင်လိုက်ပါသွားကြလေတော့၏။

၀၀၀၀



( ၂၂ )

လုရှောက်တုံးသည် သစ်ပင်တစ်ပင်အောက်တွင် ဒူးနှစ်ဖက်ထောက်၍ထိုင်နေ၏။

စောရကြယ်တံခွန်နှင့်ရသေ့ကြီးတို့သည် သူ့အား အကဲခတ်ကြည့်နေကြ၏။

သူတို့သုံးယောက်သည် မည်သူကမျှ စကားမပြောကြဘဲ တိတ်ဆိတ်နေကြလေသည်။

စောရကြယ်တံခွန်နှင့်ရသေ့ကြီးတို့သည် လုရှောက်တုံး၏ အရင်းနှီးဆုံးမိတ်ဆွေများဖြစ်ကြလေသည်။

လုရှောက်တုံး၏အကြောင်းကိုလည်း ကောင်းစွာသိထားကြသူများဖြစ်ပေသည်။

လုရှောက်တုံးသည် ယခုကဲ့သို့စကားမပြောဘဲ ဆိတ်ဆိတ်နေခြင်းမှာ အလွန်အရေးကြီးသောအချက်အလက်တစ်ခုကိုတွေးတောနေခြင်းကြောင့်သာဖြစ်ကြောင်းနားလည်ထားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်....

သူတို့သည် မည်သူကမျှစကားမပြောကြဘဲ လုရှောက်တုံးအား အကဲခတ်ကြည့်နေကြခြင်းဖြစ်လေသည်။

အတန်ကြာတော့မှ လုရှောက်တုံးသည် ရုတ်တရက် ထရပ်လိုက်သည်။

"သွားကြမယ်"

သူက ယင်းသို့ပြောပြီး အနီး၌ရှိနေသောမြင်းပေါ်သို့ ခုန်တက်လိုက်သည်။

လူတစ်ယောက်က ဟန့်တားလိုက်သည်။

"ဟေ့လူ... ဒါ ဘာလုပ်တာလဲ"

လုရှောက်တုံးက ငွေတုံးလေးတစ်တုံးနှိုက်ယူပြီး ပစ်ပေးလိုက်သည်။

"ဟောဒီမှာငွေ... မြင်းသုံးကောင်ကိုကျူပ်ဝယ်လိုက်ပြီ"

ထိုကူးတို့ဆိပ်တွင် ခရီးသည်များအရေးပေါ်၍ မြင်းအလိုရှိလျှင် အသင့်ရောင်းချနိုင်ရန် မြင်းများ ရောင်းသောလူများရှိနေ၏။

ထိုလူသည် ငွေတုံးကလေးများကိုရရှိသောအခါ မျက်နှာတစ်ခုလုံးပြုံးရွှင်သွားလေသည်။

"ရပါတယ်ခင်ဗျာ... ကြိုက်တာရွေးယူပါ"



လုရှောက်တုံးက ကြောင်၍ရပ်နေကြသော ရသေ့ကြီးနှင့် စောရကြယ်တံခွန်တို့အား လှမ်းအော်လိုက်လေသည်။

"ဘာငေးနေတာလဲ... မြင်းပေါ်အမြန်ဆုံးတက်ကြလေ"

စောရကြယ်တံခွန်က....

"ဘယ်ကိုသွားကြမှာလဲ"

ပြန်မေးလိုက်ရာ လုရှောက်တုံးက....

"နောက်မှပြောပြမယ်... မြင်းပေါ်မြန်မြန်တက်"

ပြောပြီး မြင်းကိုမောင်းနှင်ထွက်ခွာသွားလေသည်။

ရသေ့ကြီးနှင့်စောရကြယ်တံခွန်တို့လည်း ဘာမျှမပြောတော့ဘဲ မြင်းပေါ်တက်ကာ လုရှောက်တုံးနောက်သို့ မောင်းနှင်လိုက်ပါသွားကြလေတော့၏။

oooo

www.burmeseclassic.com

www.burmeseclassic.com



မြင်းသုံးကောင်သည် အရှိန်ပြင်းစွာဖြင့်မောင်းနှင်နေကြလေ၏။ ဖုန်များ ထောင်းထောင်းထနေသည်။

ရသေ့ကြီး မနေနိုင်တော့ပါ။ လှမ်းမေးလိုက်၏

"လုရှောက်တုံး... ဘယ်သွားမလို့လဲ"

"သုံးပွင့်ဆိုင်ချောင်းဆုံ"

လုရှောက်တုံးက အရှိန်မလျှော့ဘဲဖြေလိုက်သည်။

ရသေ့ကြီးက....

"ဘာသွားလုပ်မလို့လဲ"

"ငွေသေတ္တာကို လူဆိုးလက်မရောက်အောင်တားရမယ်"

ရသေ့ကြီး ကြောင်အမ်းအမ်းဖြစ်သွားသည်။

စောရကြွယ်တံခွန်ကဆက်၍မေးလိုက်သည်။

"လုရှောက်တုံး... မင်းရူးနေသလား"

"ကျုပ်မရူးဘူး"

"ငွေသေတ္တာဟာ သုံးပွင့်ဆိုင်ချောင်းဆုံရောက်နေလို့လား"

"ငွေသေတ္တာ အဲ့ဒီကိုရောက်နေလိမ့်မယ်"

"ငွေသေတ္တာက အဲဒီကိုဘယ်လိုလုပ်ရောက်သွားရမှာလဲ"

"ခက်တာပဲဗျာ... အမေးအမြန်းထူလိုက်တာ"

"မင်းရှင်းမပြရင် ကျုပ်တို့ မလိုက်တော့ဘူး"



ပြောပြီး မြင်းကိုအရှိန်လျှော့လိုက်သည်။

"ငါလဲ မလိုက်တော့ဘူး"

စောရကြွယ်တံခွန်ကလည်း မြင်းကိုအရှိန်လျှော့လိုက်၏။ လုရှောက်တုံးသည်း မြင်းကိုအရှိန်လျှော့လိုက်ရလေတော့သည်။

"ကျုပ်ရှင်းပြပါ့မယ်ဗျာ"

သူကဆက်၍....

"ကျုပ်တို့လိုက်ပို့တဲ့ကူးတို့ယာဉ်ဟာ ဟိုဘက်ကမ်းကို ပြန်မသွားဘဲ အရှေ့ဘက်ငြည့်တည့်ထွက်ခွာသွားတာကို မင်းတို့မြင်ကြမှာပေါ့"

"အဲဒါဘာဖြစ်သလဲ"

"အဲဒီကူးတို့ယာဉ်ကို သေသေချာချာကြည့်မိကြသလား"

"ကြည့်မိသားပဲ... ဘာဖြစ်လို့လဲ"

"အဲဒီကူးတို့ယာဉ်ဟာ ဝန်တော်တော်လေးနေတာကို သတိမထားမိဘူးလား"

"မင်းပြောမှ ငါသတိရတော့တယ်... ဒီယာဉ်ဟာ အောက်ကိုတစ်ဝက်လောက်နစ်နေတာကိုကျုပ်တွေ့လိုက်တယ်... ဒါပေမဲ့ ဂရုမစိုက်မိဘူး"

www.burmeseclassic.com

www.burmeseclassic.com



“မင်းရဲ့သဘောက အဲဒီအပေါ်မှာ ငွေသေတ္တာပါသွားတယ်လို့ ထင်နေတာလား”

“နို့မဟုတ်ရင် ငွေသေတ္တာဘယ်ရောက်သွားသလဲ”

ရသေ့ကြီး၏မျက်လုံးအစုံသည် ဝင်းလက်သွား၏။

“ဟုတ်တယ်ဟ”

စောရကြွယ်တံခွန်က....

“ကဲ... တို့မြန်မြန်လိုက်သွားမှဖြစ်မယ်”

ဤသို့ဖြင့် သူတို့သုံးယောက်သည် မြင်းကိုအရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားကြလေသည်။

၀၀၀၀

ကူးတို့ဆိပ်ကမ်းမှကုန်းလမ်းအတိုင်း သုံးပွင့်ဆိုင်ချောင်းစုံသို့ သွားလိုလျှင် ပထမဆုံး အရှေ့ဘက်တည့်တည့်သို့သွားရမည်ဖြစ်ပေသည်။ လီပေါင်း ခုနစ်ဆယ်ခန့်ရောက်ရှိသွားသောအခါ တောင်ဘက်သို့ပြန်လည်ချိုးကွေ့ရမည်။

ထိုခရီးအကွာအဝေးမှာလည်း ငါးပေါင်း ခုနစ်ဆယ့်ငါးလီခန့်ရှိပေသည်။ လမ်းခရီးက မဝေးလှသော်လည်း လမ်းက အလွန်ကျဉ်းမြောင်းပြီးကြမ်းတမ်းလှသည်။



မျက်နှာတစ်ထောင်ဒေဝီတို့အဖွဲ့သည် မြင်းအရှိန်ကိုလျှော့၍ တစ်ယောက်စီတန်းစီ၍သွားကြရသည်။

ညအချိန်ရောက်လာသောအခါ လမ်းဆုံလမ်းခွသို့ရောက်လာကြလေသည်။

မျက်နှာတစ်ထောင်ဒေဝီက ရပ်နားခွင့်မပြုဘဲ တောင်ဘက်လမ်းအတိုင်း ဆက်လက်မောင်းနှင်ရန် အမိန့်ပေးလိုက်လေသည်။

ထိုလမ်းကလေးမှာလည်း ကျဉ်းမြောင်းလှသည်။

သို့သော် လမ်းကညီညာသဖြင့် မြင်းကိုမောင်းနှင်ရာ၌ သက်သောင့်သက်သာရှိလေသည်။

မြင်းများသည် မိုင်ပေါင်းများစွာ ပြေးနေရသောအခါ အင်အားကျသွားသည်။ သူတို့သည် မြင်းများကို ဖြည်းဖြည်းနှင့် လေးလေးမောင်းနှင်လာကြ၏။

ဤသို့ဖြင့် မိုးလင်းသောအခါ သုံးပွင့်ဆိုင်ချောင်းဆုံ ဆိပ်ကမ်းရှိရာသို့ ချောချောမောမောရောက်ရှိလာလေသည်။

သုံးပွင့်ဆိုင်လမ်းဆုံဆိုသည်မှာ မြစ်သုံးသွယ်ဆုံစည်းသောနေရာဖြစ်သည်။ ချောင်းကလည်း ကျယ်ဝန်းလှပေသည်။ ချောင်းရေကလည်း အစီးသန်၏။ မျက်နှာတစ်ထောင်ဒေဝီအဖွဲ့သားများသည် သုံးပွင့်ဆိုင်ချောင်းဆုံသို့ရောက်ရှိလာသည်နှင့်....

www.burmeseclassic.com

www.burmeseclassic.com



စိတ်သက်သာရာရသွားကြပြီး ဝမ်းသာသွားကြလေသည်။

မျက်နှာတစ်ထောင်ဒေဝီက မြင်းပေါ်မှဆင်းပြီး အဖွဲ့သားအားလုံးကိုအမိန့်ပေးလိုက်သည်။

"အားလုံး ခဏအနားယူကြ... ရထားလုံးကိုရှေ့တိုးလိုက်"

ရထားလုံးလေးစီးသည် ဆိပ်ကမ်းတံခါးအနီးသို့ မောင်းနှင်လာလေသည်။ မျက်နှာတစ်ထောင်ဒေဝီက ဝမ့်ဖအား လှမ်း၍မေးလိုက်သည်။

"ငါတို့ကူးတို့ရေယာဉ်ရောက်ပြီလား"

ကိုယ်ရံတော်အမှတ်တစ်ဝမ့်ဖက တသွင်သွင်စီးနေသော ချောင်းရေကို တစ်ချက်ကြည့်လိုက်သည်။

ဆိုက်ကပ်ထားသောရေယာဉ်အမျိုးမျိုးကို တွေ့ရှိရသော်လည်း သူတို့၏ကူးတို့ယာဉ်ကြီးကို မတွေ့ရသေးပေ။

သူက ချောင်းအထက်ပိုင်းကိုလှမ်းကြည့်လိုက်သည်။

သူတို့ကူးတို့ယာဉ်ကြီးကို မမြင်တွေ့ရသေးပါ။

"ဂိုဏ်းချုပ်ကြီး... ကူးတို့ယာဉ်မတွေ့သေးပါဘူး"

မျက်နှာတစ်ထောင်ဒေဝီ မျက်မှောင်ကုတ်သွားသည်။

"သူတို့က ရေစုန်လာတာပဲ... ရောက်သင့်တာကြာပြီ၊ ဘာကြောင့် ရောက်မလာရသေးတာလဲ"



"သေတ္တာကတော်တော်လေးတာကိုး၊ ဒါကြောင့် နောက်ကျတာနဲ့တူတယ်"

"ဒါ ဖြစ်နိုင်တယ်"

မျက်နှာတစ်ထောင်ဒေဝီက အဖွဲ့သားအားလုံးကို အမိန့်ပေးလိုက်သည်။

"အားလုံး အနားယူရင်း အသင့်ပြင်ထားပါ၊ ကူးတို့ရေယာဉ်ရောက်လာတာနဲ့ သေတ္တာကို အမြန်ဆုံးရထားပေါ်တင်ရမယ်"

အဖွဲ့သားအားလုံးတို့သည် နေရာယူ၍ အသင့်ပြင်ထားကြလေသည်။ ထိုဆိပ်ကမ်းမှ ကိုယ့်ကိစ္စနှင့်ကိုယ်အလုပ်များနေကြသော လူများသည် မျက်နှာတစ်ထောင်ဒေဝီတို့လူစုကိုမဝံ့တဝံ့ချောင်းကြည့်ရင်း ထိတ်လန့်နေကြလေသည်။

၀၀၀၀

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

မွန်းတည့်အချိန်သို့ ရောက်ရှိလာသည်။

ကူးတို့ယာဉ်ကို အရိပ်အယောင်ပင်မတွေ့ရသေးပါ။

မျက်နှာတစ်ထောင်ဒေဝီ စိတ်မာတ်ကျလာလေသည်။

အချိန်များဖြာလွန်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကူးတို့ယာဉ်ရောက်မလာသည်မှာ အကြောင်းတစ်ခုခုရှိရမည်ဟု သူမ ရိပ်စားမိလာလေသည်။

သူမသည် ဝမ့်ဖနှင့်တီးတိုးတိုင်ပင်လေသည်။

"ဝမ့်ဖ ကူးတို့ယာဉ် ရောက်မလာသေးပါလား"

"ဟုတ်တယ်ဂိုဏ်းချုပ်ကြီး... တော်တော်နောက်ကျနေပြီ"

"ဘာကြောင့် နောက်ကျနေတယ်လို့မင်းထင်သလဲ"

"တစ်ခုခုတော့တစ်ခုခုပဲ... ကျွန်တော်မပြောတတ်ဘူး"

"ငွေသေတ္တာကလေးလွန်းလို့ မြုပ်သွားသလား မသိဘူး"

"မဖြစ်နိုင်ဘူး... ဒီယာဉ်ကအင်မတန်ခိုင်ခံ့တာ"

"ငါတို့ ဒီလိုနေလို့မဖြစ်ဘူး... ချောင်းအတိုင်းလိုက်ကြည့်မှဖြစ်မယ်ထင်တယ်"

"ကောင်းပါတယ်ဂိုဏ်းချုပ်ကြီး"

"ကဲ... လှေတစ်စင်းငှားလိုက်စမ်း... နင်ရယ်... ငါရယ် နှစ်ယောက်တည်းပဲသွားမယ်"

ဝမ့်ဖက ချက်ချင်းပင် လှေတစ်စင်းငှားလိုက်သည်။

မျက်နှာတစ်ထောင်ဒေဝီက သူ့လူများကို မှာကြားပြီး ဝမ့်ဖနှင့်အတူ လှေငယ်ဖြင့်အထက်သို့ဆန်တက်သွားလေတော့သည်။

၀၀၀၀



မျက်နှာတစ်ထောင်ဒေဝီနှင့်ဝမ့်ဖတို့ ထွက်ခွာသွားပြီး မကြာမီမှာပင် လုရှောက်တုံးတို့သုံးယောက်ရောက်ရှိလာလေသည်။

သူတို့သည် ဆိပ်ကမ်းတစ်နေရာတွင် လူစုလူဝေးနှင့်ရထားလုံးများရပ်နေသည်ကိုမြင်တွေ့လိုက်ရလေသည်။

လုရှောက်တုံးကမြင်းကိုရပ်တန့်လိုက်သည်။

"အားလုံးဆင်းကြ... ရှေ့မှာ စန့်ကွမ်းတောင်းတို့လူစုရောက်နေကြပြီ"

ရသေ့ကြီးနှင့်စောရကြယ်တံခွန်တို့ မြင်းပေါ်မှဆင်းလိုက်ကြသည်။ ရသေ့ကြီးက....

"ကျုပ်တို့ထင်ထားတဲ့အတိုင်းပဲ... ငွေသေတ္တာတွေဟာကူးတို့ယာဉ်နဲ့ပါလာပြီထင်တယ်"

"သေချာပါပြီ... ကျုပ်တို့ဘာလုပ်ကြမလဲ"

"တားရမှာပေါ့"

"ကျုပ်တို့သုံးယောက်တည်းနဲ့ တားနိုင်ပါ့မလား"

"ဒါလဲဟုတ်တယ်"

ရသေ့ကြီးက လုရှောက်တုံးအားလှမ်းမေးလိုက်၏။

"လုရှောက်တုံး... တို့ ဘာလုပ်ကြမလဲ"

လုရှောက်တုံးက ဆိပ်ကမ်းဘက်သို့လှမ်းကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ငြိမ်ငြိမ်သက်သက် စောင့်နေကြတယ်... ဘာကြောင့် ငွေသေတ္တာတွေ ရထားလုံးပေါ် မတင်ကြသေးတာလဲ"

"ဘယ်လို... သူတို့က ဘာမှမလုပ်ဘဲရပ်နေကြသလား"

"ဟုတ်တယ်"

"တစ်ခုခုတော့တစ်ခုခုပဲ... သွားကြည့်ကြရအောင်လား"

"ကောင်းတယ်... တို့သွားကြမယ်၊ အားလုံးသတိထား"

သူတို့သည် မြင်းကို ထိုနေရာ၌ထားခဲ့ပြီး ဆိပ်ကမ်းရှိရာသို့ အေးအေးဆေးဆေးလျှောက်သွားကြလေသည်။

ဝဝဝဝ

BURMESE CLASSIC .com



"ရှေ့မတိုးနဲ့"

လုရှောက်တုံးတို့သုံးယောက်သည် ထိုလူစုအနီးသို့ရောက်ရှိသွားသောအခါ လူတစ်ယောက်ကဟန့်တားလိုက်လေသည်။

ရသေ့ကြီးကလက်အုပ်ချီ၍....

"ဒကာကြီးတို့ ဘာလို့ ကျုပ်တို့ကိုတားနေရတာလဲ"

"စကားမရှည်နဲ့... ရှေ့မတိုးနဲ့ဆို မတိုးနဲ့"

စောရကြွယ်တံခွန် သည်းမခံနိုင်တော့ပါ။

"မင်းတို့ဘယ်သူတွေလဲ... ကျုပ်တို့ကို တားချင်တိုင်း တားလို့ရမလား"

"ခွမ်း...."

ထိုလူက ဓားကိုဆွဲထုတ်လိုက်သည်။

"ကောင်းကောင်းမပြောလို့မရရင် အသေသတ်လိုက်မယ်"

ရသေ့ကြီးက လက်တစ်ဖက်လှုပ်ရှားလိုက်သည်။

ထိုလူ့လက်ထဲမှဓားသည် ရသေ့ကြီးလက်ထဲသို့ ရောက်ရှိသွားလေသည်။

ထိုလူ အလွန်အံ့ဩသွားသည်။

ရသေ့ကြီးက ဓားတစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဖယ်မပေးရင် ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက နောက်သို့ဆုတ်သွားရင်း သူ၏လူများကိုအချက်ပြလိုက်သည်။

"ရန်သူရောက်နေတယ်"

သူ၏အသံကြားလိုက်ရသဖြင့် မျက်နှာတစ်ထောင်ဒေဝီ၏ လူများ ဓားကိုယ်စီဖြင့် ပြေးလွှားရောက်ရှိလာကြပြီး လုရောက်တုံးတို့ သုံးယောက်အား ဝန်းရံတိုက်ခိုက်ကြလေတော့၏။

၀၀၀၀

ဗိုလ်ကလေးဝမ့်ဝမ့်၏ရဲမက်များသည် ငွေတိုက်မှငွေသေတ္တာများလုယူသွားသောလူခိုးနောက်သို့ ခြေရာခံလိုက်လာကြသည်။ သူတို့သည် ရထားလုံးဘီးရာကိုခြေရာခံ၍ လိုက်လာနေခြင်းဖြစ်သည်။

သူတို့သည် ဟန်နိုကူးကို့ဆိပ်သွားရာလမ်းသို့ရောက်ရှိလာသောအခါ ရထားလုံးဘီးရာများကို လုံးဝမတွေ့ရတော့ပါ။

ဗိုလ်ကလေးဝမ့်ဝမ့် အနည်းငယ်စိတ်ပျက်သွားသည်။ ထိုနေရာတွင် လမ်းမကြီးတစ်လမ်းနှင့်လမ်းကလေးတစ်လမ်းရှိနေသည်ကိုတွေ့ရသည်။ ဗိုလ်ကလေးဝမ့်ဝမ့်က ရှေ့တော်ပြေးကို ထိုလမ်းနှစ်လမ်းအား သွားရောက်ကြည့်ရှုလေ့လာရန်စေလွှတ်လိုက်။

BURMESE CLASSIC .com



ထမင်းတစ်အိုးကျက်ခန့် အချိန်ကုန်ဆုံးသွားသောအခါ လမ်းကလေးဘက်သို့သွားရောက်စုံစမ်းသောရှေ့တော်ပြေး ပြန်လည်ရောက်ရှိလာသည်။ ဗိုလ်ကလေးဝမ့်ဝမ့်က ဆီး၍မေးလိုက်သည်။

"ဘယ်လိုလဲဟေ့... ရထားလုံးဘီးရာကိုတွေ့ခဲ့သလား"

ရှေ့တော်ပြေးက....

"ရထားလုံးဘီးရာကိုသာမကဘူး... ရထားလုံးနှစ်စီး သွားနေတာကိုပါတွေ့ရပါတယ်"

ဗိုလ်ကလေးဝမ့်ဝမ့် မျက်မှောင်ကုတ်သွားသည်။

"ရထားလုံးနှစ်စီးပါတွေ့ခဲ့တယ်ဆိုရင် ကျန်တဲ့ရထားလုံးဟာ လမ်းမကြီးကသွားတာဖြစ်မယ်"

ထိုအချိန်တွင် လမ်းမကြီးဘက်သို့သွားရောက်စုံစမ်းသောရှေ့တော်ပြေးရောက်ရှိလာသည်။ ဗိုလ်ကလေးဝမ့်ဝမ့်က....

"ကဲ... ဘာတွေတွေ့ခဲ့သလဲ"

ထိုရှေ့တော်ပြေးကခေါင်းခါယမ်းလိုက်သည်။

"သွားလာနေကြတဲ့ကုန်သည်ပွဲစားတွေကိုပဲ တွေ့တယ်... ရထားလုံးတွေကို မတွေ့ခဲ့ဘူး"

"လမ်းမတစ်လျှောက်လုံးမှာ ဆိုင်တွေရှိတယ်... သူတို့ကို ဝင်ပြီးစုံစမ်းခဲ့သလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့… ကျွန်တော် သေသေချာချာစုံစမ်းခဲ့ပါတယ်"

"ဒီနှစ်ရက်သုံးရက်အတွင်းမှာ ရထားလုံးဖြတ်သွားတာ တစ်စီးမှမရှိပါဘူးတဲ့"

ဗိုလ်ကလေးဝမ့်ဝမ့် ယတိပြတ်ဆုံးဖြတ်လိုက်သည်။

"ကဲ… အားလုံး လမ်းကလေးဘက်ကိုသွားကြမယ်"

သူတို့မြင်းသည်တော်အဖွဲ့သည် လမ်းကလေးအတိုင်းအရှိန်ပြင်းစွာမောင်းနှင်သွားကြလေတော့၏။

*ပထမပိုင်းပြီး၏။*

*ဒု–ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com